## အခန်း(၁၂၁) - ဒူးနေရာဒူး၊ တော်နေရာတော် မနေတတ်ခြင်း....

“မင်းရဲ့ ပိုင်ရှင်နဲ့ တွေ့ချင်လို့ ကျေးဇူးပြုပြီး တစ်ချက်လောက် ပြောပေးပါ”

ချင်ယန်က ပြောလိုက်သည်။

လက်ခံကြိုဆိုသော လူလတ်ပိုင်း ဖက်တီးက ချင်ယန်နှင့် ချူရန်ကို တစ်ချက် ကြည့်လိုက်သည်။

ထို့နောက် အမှန်တကယ် မောက်မာသော လေသံနှင့်

"ကြွက်စုတ်လေး နှစ်ကောင်၊ ဒီနေရာကို ဘာမှတ်နေလဲ ....။ ငါတို့ ပိုင်ရှင်နဲ့ တခြားလူတွေက မင်းတို့နဲ့ တွေ့ဖို့ အရည်အချင်း မပြည့်မှီပါဘဲ ကြောက်မိတယ်....."

"မင်းမှာ တစ်ခုခု ပြောစရာရှိရင်..... ငါ့ကိုပြော......"

"တကယ်လို့ ကိစ္စ သေးသေးလေးဆိုရင် ငါပဲ တာဝန် အပြည့်အဝ ယူပြီး ဖြေရှင်း ပေးလိုက်မယ်..."

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး.....

“ငါတို့ အလုပ်ကိစ္စကို မင်း ဆုံးဖြတ်နိုင်မှာ မဟုတ်ဘူး....”

လူလတ်ပိုင်း ဖက်တီးကြီးက အထင်သေးသော လေသံနှင့်......

“ကြွက်စုတ်.... မင်းတို့ကိစ္စက ဘယ်လောက် အရေးပါနေလို့လဲ...... ဒီသခင်ကြီး ရှောင်တောင် မကူညီနိုင်ဘူး မဟုတ်လား.....”

“ကျားဘုရင်ကို ဝယ်ချင်တယ်....”

ချင်ယန်က ပြောလိုက်သည်။

ဖူး.....

ချင်ယန်၏ စကားကြောင့် လူလတ်ပိုင်း ဖက်တီးကြီးသည် သောက်လက်စ လက်ဖက်ရည်ကိုပင် ထွေးထုတ် လိုက်မိသည်။

"ကောင်လေး နှစ်ကောင် အဝေးသွားစမ်း.....။ ဒီသခင်ကြီးကို လာပြီး ဗရုတ်ကျနေတာလား.....။ ဒီသခင်ကို ဗရုတ်လာကျရင် မင်းတို့ကို ရိုက်ချိုး ပစ်လိုက်မယ် ဆိုတာ ယုံလား....."

လူလတ်ပိုင်း ဖက်တီးကြီးက စားပွဲခုံကို ဒေါသတကြီး ပုတ်ရင်း ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“ကျွာဘုရင်ကို တကယ်ဝယ်ဖို့ ရောက်နေတာ....။ ဒီကသခင်ကြီးဆိုတဲ့ လူ....... မင်း လုပ်နိုင်ရင် လုပ်ပေး။ တကယ်လို့ မလုပ်နိုင်ရင် မင်း ပိုင်ရှင်ကို အကြောင်းကြားလိုက်....”

လူလတ်ပိုင်း ဖက်တီးကြီးက ရက်စက်သော အပြုံး ပြုံးလိုက်ပြီး.......

“ကောင်လေး.. မင်းက ဒီသခင်ကြီးရှောင်ကို မခန့်လေးစား လုပ်နေတာလား.....။ ဒီနေ့ ရွှေဦးချို သိဒ္ဓိမြို့ရဲ့ စည်းကမ်းတွေကို သင်ပေးလိုက်မယ်....”

လူလတ်ပိုင်း ဖက်တီးက သူ့အင်္ကျီ လက်စကို ဆွဲတင်ပြီး ချင်ယန်တို့ကို ထရိုက်ရန် လုပ်လိုက်သည်။

ချင်ယန်က အရေးမစိုက်သော အမူအရာနှင့်.....

“ဘာဖြစ်လို့ သတင်း မပို့တာလဲ..... ငါကပဲ မင်းကို အားအားယားယား လာနှောက်နေရအုံးမယ်....။ မင်းသာ ဒီပုံစံအတိုင်း

ဆက်လုပ်နေရင် မင်းပိုင်ရှင်ကို အားနာနေမှာ မဟုတ်တော့ဘူး....။ မင်း လုပ်ချင်တယ်ဆိုလည်း လုပ်လိုက်......။ မင်းလည်ပင်း ခိုင်မယ်လို့ ထင်တယ်..."

"ကောင်းပြီလေ... ကောင်လေး....။ ငါ့ပိုင်ရှင်နဲ့ တွေ့ချင်တယ် ဟုတ်လား...။ ဟုတ်ရင်ဟုတ် ဟုတ်ပေါ့ကွာ.. အေး မဟုတ်လို့ကတော့ ဒီနေ့ ဒူးထောက်ပြီး တောင်းပန်ရင်တောင် ဒီသခင်ကြီး ရှောင်က စိတ်ကျေနပ်မှာ မဟုတ်ဘူး....."

ဆယ်မိနစ်ခန့် ကြာပြီးနောက်.......

လူလတ်ပိုင်း ဖက်တီးကြီးက ချင်ယန်နှင့် ချူရန်တို့ကို အလွန် ကျယ်ဝန်းသော တန်ဖိုးကြီး အခန်းတစ်ခုထဲ ခေါ်ဆောင်သွားသည်။

သွေးမြေကျ တိုက်ပွဲကွင်းထဲတွင် အလွန် ဆူညံနေသော်လည်း ထိုအခန်းထဲတွင် မည်သည့် အသံမှ မကြားရပေ။

"ချာတိတ်....... မင်းက ငါနဲ့တွေ့ပြီး ကျားဘုရင်ကို ဝယ်ချင်တယ်ဆို ဟုတ်လား....."

စကား ပြောဆိုလိုက်သော လူသည် အသက် (၆၀) ကျော်အရွယ် ပိန်ပိန်ပါးပါး အဘိုးအို

တစ်ယောက် ဖြစ်ပြီး မျက်နှာပေါ်တွင် ကြွင်နာတတ်သော အပြုံးမျိုး ရှိနေကာ စကားသံက နူးညံ့လှ၏။ အကယ်၍ မသိပါက ဒီသွေးမြေကျ တိုက်ပွဲကွင်း ပိုင်ရှင်ဟု ထင်မိမည် မဟုတ်ပေ။

ချင်ယန်က ဒီရွှေဦးချိုမြို့တွင် သူနှင့် ပထမဦးဆုံး အကြိမ် တွေ့ဖူးခြင်း ဖြစ်သည်။

'ပြုံးနေသောဗုဒ္ဓ - ရှူ့ခန်း'

လင်းဟွမ် စိတ်ထဲတွင် သူနှင့် ပက်သက်သော အကြောင်းများ ပေါ်လာသည်။

ရွှေဦးချိုမြို့ကို ချင်ယန် ရောက်လာခဲ့စဉ် အချိန်တွင် ရှို့ခန်းက သေဆုံးသွားခဲ့ပြီ။ ထိုစဉ် အချိန်က ကြီးမားသော ကိစ္စတစ်ခု ဖြစ်ပွားခဲ့သည်။ သို့သော်လည်း ချင်ယန်က သေသေချာချာ မသိခဲ့ပေ။

"ပိုင်ရှင်၊ ဒီကောင်လေး နှစ်ယောက်က ပြဿနာ ရှာဖို့ ရောက်နေတာ ဖြစ်ဖို့ များပါတယ်။ ဒီကောင်လေးတွေ ရွှေဦးချို သိဒ္ဓိမြို့ကို အခုမှ ရောက်ပြီး ကောင်းကင်နဲ့ မြေကြီးက ဘယ်လောက်ကြီး တယ်ဆိုတာ မသိသေးဘူး...။

ကျွန်တော်က သူတို့ကို ကူညီပေးမယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် သူတို့က ပိုင်ရှင်နဲ့ပဲ တွေ့မယ်လို့ အတင်းပြောနေလို့ပါ။ ဒါကြောင့် ချက်ချင်း ခေါ်လာခဲ့တာပါ....”

လူလတ်ပိုင်း ဖက်တီးကြီးက တစ်စိတ်ကို တစ်အိတ်ဖြစ်အောင် ပုံကြီးချဲ့ပြီး ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.......

“ရှို့သူဌေး၊ ကျားဘုရင် ချမ်ဟိုင်ကို ဝယ်ချင်တယ်။ ဈေးပြောရအောင်....”

ပြုံးနေသော ဗုဒ္ဓ ရှို့ခန်းက ချင်ယန်ကို စိုက်ကြည့်ပြီး ရင်ထဲမှပါသော အပြုံးနှင့်.....

“ချာတိတ်။ ကျားဘုရင်ရဲ့ ပေါက်စျေးက မနည်းဘူးနော်.... ဒီကောင်က ငါတို့အတွက် နို့ညှစ်တဲ့ နွားကြီးပဲ....”

“ပိုင်ရှင်၊ ဘာဖြစ်လို့ သူနဲ့ စကားပြောမှာလဲ....။ တကယ် ဝယ်ချင်တယ်ဆိုရင် သူ့မိသားစုထဲက လူကြီးတွေ လာမှာပေါ့။ ဒီကြွက်စုတ် နှစ်ကောင်မှာ ပိုက်ဆံ မရှိလောက်ဘူး.....”

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး.....

"စည်းမျဉ်းတွေ ငါ သိတယ်။ ဘယ်စျေးလဲ...."

ပြုံးနေသော ဗုဒ္ဓ ရှို့ခန်းက စိတ်ပါလက်ပါ ရယ်မောလိုက်ပြီး......

"ကျားဘုရင်က ဒီကွင်းထဲမှာ ဆက်တိုက် အောင်ပွဲ ခံနေတော့ သူ့ အထောက်အထားက နည်းနည်း မြင့်တယ်။ ဒါပေမယ့် စျေးမပြင်တော့ဘူး။ ငွေတုံး သန်း (၂၀) နဲ့ပဲ တွက်ပေးလိုက်မယ်။ စည်းမျဉ်းကို သိတယ် ဆိုရင်တော့ နှစ်ဆ သန်း (၄၀) ။ ငွေတုံး သန်း

(၄၀) ပေးတာနဲ့ ကျားဘုရင် ချမ်ဟိုင်ကို သိမ်းသွားလို့ ရပြီ…”

“ရတယ်…”

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး…..

“ငါ့မှာ တောင်းဆိုစရာ တစ်ခုရှိတယ်။ ရှို့သူဌေးက ကူညီပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်…”

“ပြောကြည့်”

ရှို့ခန်းက ပြောလိုက်သည်။

ချင်ယန်က…….

"ရွှေဦးချို သိဒ္ဓိမြို့က သွေးမြေကျ တိုက်ပွဲကွင်းမှာ ရှိတဲ့ မူလ အစစ်အမှန်နယ်ပယ် သွေးမြေကျ ဖိုက်တာ (တိုက်ခိုက်ရေး သမား) တွေရဲ့ အချက်အလက်တွေ လိုချင်တယ်။ ကျာဘုရင်အပြင် ကျန်တဲ့လူတွေလည်း ဝယ်ဖို့ အစီအစဉ် ရှိတယ်"

လူလတ်ပိုင်း ဖက်တီးကြီးက....

"သူဌေး.... ဒီကောင်က အချက်အလက်တွေရအောင် တမင်သက်သက် လာလိမ်နေတာပဲ ဖြစ်ရမယ် ...."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"ကျားဘုရင်ကတော့ ရောင်းထွက်သွားပြီလို့ပဲ သတ်မှတ်လိုက်... အရင်ဆုံး ငွေချေလိုက်မယ်....."

"ကောင်းတယ်...."

ပြုံးနေသော ဗုဒ္ဓ ရှို့ခန်းက ခေါင်းညိတ်လိုက်သည်။ ထို့နောက် ရွှမ်ကျင့်ကတ်ကို ထုတ်ယူပြီး ချင်ယန်ကို ပေးလိုက်သည်။

မကြာခင် ချင်ယန်က ရွှမ်ကျင့်ကတ်ထဲသို့ ငွေတုံး သန်း (၄၀) လွှဲပြောင်းပေးပြီး ကတ်ကို ပြန်ပေးလိုက်သည်။

ချင်ယန်တို့၏ အရောင်းအဝယ် အောင်မြင်သွားသည်ကို မြင်လျှင် လူလတ်ပိုင်း ဖက်တီးကြီး၏ မျက်နှာက သွေးမရှိတော့သလို ဖြူဖျော့သွားသည်။

"ရှို့သူခွေး... ဒီလူရဲ့ လက်ရှိရာထူးက သူနဲ့ မသင့်တော်ဘူး ထင်တယ်။ သူကြောင့် မင်းရဲ့ သွေးမြေကျ တိုက်ပွဲကွင်းရဲ့ စီးပွားရေး နှောင့်နှေး သွားနိုင်တယ်"

ချင်ယန်က လူလတ်ပိုင်း ဖက်တီးကြီးကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

ရှို့ခန်းက ရယ်မောလိုက်ပြီး.....

“ငါလည်း ဒီလိုပဲ ထင်တယ်။ ဒါဆို သူ့ကို တခြားအလုပ် ပြောင်းပေးလိုက်မယ်။ မိတ်ဆွေလေး.... ဒီကောင်က သွေးမြေကျ ဖိုက်တာ လုပ်ဖို့ အလားအလာ ရှိတယ်လို့ ထင်လား.....”

“ဖြစ်နိုင် လောက်တယ်....”

ရှို့ခန်းက ခေါင်းညိတ်လိုက်ပြီး.....

“ဒါဆိုလည်း ဒီလိုပဲ လုပ်လိုက်ကြတာပေါ့....”

လူလတ်ပိုင်း ဖက်တီးကြီးက ရုတ်တရက် အားပြတ်ပြီး ကြမ်းပြင်ပေါ် လဲကျသွားသည်။ သူ့မျက်လုံးထဲတွင် ကြောက်လန့်မှုများ ပြည့်နှက်နေသည်။

'သွေးမြေကျ ဖိုက်တာလား.... ငါတော့ သေချာပေါက် သေပါပြီ.......'

ထို့အပြင် အဆင့်နိမ့် သွေးမြေကျ ဖိုက်တာများအပေါ် ညှာတာခြင်း မရှိပေ။ ကွင်းထဲ ရောက်သွားသည်နှင့် သေသည့်အထိ ရိုက်နှက်ခံရလိမ့်မည်။

"ပိုင်ရှင် ခွင့်လွှတ်ပေးပါ....."

လူလတ်ပိုင်း ဖက်တီးကြီးက တောင်းပန်လိုက်သော်လည်း ရှို့ခန်းက လှည့်ကြည့်ခြင်းပင် မရှိချေ။

ချင်ယန်က ကျားဘုရင်ကို ဝယ်ယူခဲ့သည့် အကြီးစား ဖောက်သည်ကြီး တစ်ယောက်ပင်။ လူလတ်ပိုင်း ဖက်တီးကြီးက ချင်ယန်ကဲ့သို့ အကြီးစား ဖောက်သည်ကြီးကို စော်ကားခဲ့သည်။ သူ့ကို ချက်ချင်း ထ မသတ်ခြင်းကပင် အတော်လေး ကြင်နာရာ ရောက်နေပြီ......

"မိတ်ဆွေလေး... ငါ့ဆီမှာ မင်းလိုချင်တဲ့ အချက်အလက်တွေ ရှိတယ်။ မင်း ကြည့်လို့ရတယ်။ မင်းကြိုက်တဲ့လူ ရှိရင် ဈေးလျှော့ပေးမယ်...."

ရှို့ခန်းက တစ်ချက်ပြုံးပြီး ပြောလိုက်သည်။

ရှို့ခန်း၏ လက်ထဲတွင် ပစ္စည်းတော်တော်များများ ပေါ်လာသည်။ ထိုပစ္စည်းများက သွေးမြေကျ ဖိုက်တာများနှင့် ပက်သက်သည့် အချက်အလက်များ ဖြစ်သည်။

ဓါတ်ပုံနှင့် အခြားဆက်စပ် ပစ္စည်းများပင်......

ချင်ယန်က စာမျက်နှာများကို တစ်ရွက်ပြီး တစ်ရွက် လှန်ကြည့်နေသည်။ ပြန်လည် မမွေးဖွားခင်က ဒီနေရာ ဘက်ခြမ်းကို ရောက်ခဲ့ဖူးသဖြင့် မည်သူက အလားအလာ ရှိပြီး မည်သူတွင် စိတ်ချရသော စရိုက်မျိုး ရှိလဲ ဆိုသည်ကို လေ့လာ ခဲ့ဖူးသည်။ ချင်ယန်ကလည်း ရှင်းရှင်းလင်းလင်း မှတ်မိနေသေးသည်။

(၁၅) မိနစ်ခန့် ကြာသောအခါ ချင်ယန်က အချက်အလက် အားလုံး ဖတ်ပြီး သွားခဲ့သည်။

"မျောက်ဒေါ်သအိုး ကျွမ်းစစ်၊ စာသင်သား နန်ရွှမ်... သွေးအလှ ရှန်ကွမ်ယင်၊ ဒီသုံးယောက် လိုချင်တယ်...."

ချင်ယန်က ပြောလိုက်သည်။

ရှို့ခန်း၏ စိတ်ထဲတွင် ထိုလူများ၏ အချက်အလက်များ ရှိနေသည်။ သူ့မျက်လုံးထဲတွင် မမျှော်လင့်ထားသဖြင့် အံ့အောသင့်သွားသော အမူအရာမျိုး ပေါ်လာပြီး...

"မိတ်ဆွေလေး၊ မျောက်ဒေါ်သအိုး ကျွမ်းစစ်က ချီဖွဲ့စည်းခြင်း အဆင့် (၉) ဆိုတော့ ဈေး

သက်သာတယ်။ စာသင်သား နင်ရွှမ်နဲ့ သွေးအလှ ရှန်ကွမ်ယင်တို့ကလည်း စျေးပေါတယ်။ စာသင်သား နန်ရွှမ်က မူလ အစစ်အမှန်နယ်ပယ် အဆင့် (၉)၊ သွေးအလှ ရှန်ကွမ်ယင်က မူလအစစ်အမှန် နယ်ပယ် အဆင့် (၆)”

ချင်ယန်က....

“သူဌေး၊ တစ်ချက်လောက် စျေးပြောပေးပါ......”

ရှို့ခန်းက ခတ္တမျှ စဉ်းစားပြီးနောက်.....

"မျောက်ဒေါသအိုးက ငွေတုံး (၂) သန်း၊ စာသခင်သားက ငွေတုံး သန်း (၃၀)၊ သွေးအလှုက (၃၂) သန်း......"

ချူရန်က အမှန်တကယ် သံသယ ဖြစ်နေသော လေသံနှင့်......

"ရှို့သူဌေး၊ သွေးအလှုက မူလ အစစ်အမှန်နယ်ပယ် အဆင့် (၆) ပဲ ရှိသေးတယ်လေ....။ စာသင်သားထက် ပိုပြီး စျေးနည်းရမှာ မဟုတ်ဘူးလား.... ဘယ်လိုဖြစ်ပြီး စျေးပိုကြီး နေရတာလဲ..."

ရှို့ခန်းက စိတ်ပါလက်ပါ ရယ်မောလိုက်ပြီး.....

"မိတ်ဆွေလေး.... သူမက အလှလေးလေ....."

"သွေးအလှ ရှန်ကွမ်ယင် ကွင်းထဲ ဝင်သွားတာနဲ့ လောင်းကြေးထပ်မယ့် ပရိတ်သတ်တွေက ပို များလာတယ်။ စာသင်သားထက် ဈေးပိုကြီးတာ ပုံမှန်ပါပဲ...."

ချင်ယန်က....

"ရှို့သူဌေး... ဒါက လျှော့ဈေးလား...."

"ဟုတ်တယ်...."

ချင်ယန်က ခတ္တမျှ စဉ်းစားပြီးနောက် ခေါင်းညိတ်လိုက်ပြီး.....

“ရတယ်လေ...။ ရှို့သူဌေး ပြောသလို (၆၂) သန်းပေါ့။ ကျားဘုရင်ကို ကိုယ်တိုင် တွေ့ဖူးတယ်။ ပြောထားတဲ့ အချက်တွေနဲ့ မကွဲလွဲဘူး...။ ဒါပေမယ့် ကျန်တဲ့လူတွေက ခြေကျိုး၊ လက်ကျိုး ဖြစ်နေရင် အလုပ် မဖြစ်ဘူးနော်.....”

ရှို့ခန်းက စိတ်ပါလက်ပါ ရယ်မောလိုက်ပြီး.....

“မိတ်ဆွေလေး.... စိတ်မပူနဲ့.....”

"မိတ်ဆွေလေး.. ခဏ ထိုင်စောင့်။ သွားခေါ်ခိုင်းလိုက်မယ်......"

ရှို့ခန်းက အပြင်ထွက်သွားပြီး သူ့လူများကို သွားခေါ်ရန် အမိန့်ပေး လိုက်သည်။

"ဒီကောင်လေး နှစ်ယောက်ရဲ့ အချက်အလက်ကို ချက်ချင်း စစ်ဆေးပြီးတော့ ခေါင်းဆောင်ကို အကြောင်းကြား လိုက်...."

"ဟုတ်"

ရှို့ခန်းက အခန်းထဲ ပြန်ဝင်လာပြီး ချင်ယန်အတွက် လက်ဖက်ရည် ကိုယ်တိုင် ငှဲ့ပေးလိုက်သည်။ ကျားဘုရင်နှင့် ပေါင်းလိုက်ပါက ဒီအရောင်းအဝယ်က ငွေတုံး သန်း (၁၀၀) ကျော်သော အရောင်းအဝယ်ကြီး တစ်ခုပင်........

ရှို့ခန်းက ဟွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်နေလျှင်ပင် ချင်ယန်ကဲ့သို့ ဖောက်သည်ကြီး တစ်ယောက်ကို လျစ်လျူ မရှုဝံ့ပေ။ ထိုကဲ့သို့ မဟုတ်ပါက သွေးဘုရင်အား ပြန်ရှင်းပြနိုင်မည် မဟုတ်ချေ။

"မိတ်ဆွေလေး....။ ရွှေဦးချို သိဒ္ဓိမြို့ကို ရောက်ခါစပဲ ရှိသေးတယ် မဟုတ်လား... ဘာအစီအစဉ် ရှိလို့ ကျားဘုရင်ကို ဝယ်တာလဲ မသိဘူးနော်..."

ရှို့ခန်းက ရယ်မောရင်း မေးလိုက်သည်။

ချင်ယန်က လက်ဖက်ရည် တစ်ငုံ သောက်ပြီးနောက် ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"သန်မာတဲ့လူ၊ အားနည်းတဲ့လူ၊ နူးညံ့သိမ်မွေ့ပြီး ရုပ်ရည်ရှိတဲ့ ကိုယ်ရံတော် နည်းနည်းလောက် ရှာတဲ့ သဘောပါ။ ဒါနဲ့ စကားမစပ် အသက်ရှည်ချင်ရင်

ဂရုစိုက်တာ ကောင်းတယ်။ ရှို့သူဌေး..... မင်းခန္ဓာကိုယ်ကို ပို ဂရုစိုက်ပါ ။ အဆိပ်မိတာ တော်တော်လေး ကြာနေပြီ........"

ရှို့ခန်းက မျက်မှောင် ကြုတ်လိုက်ပြီး လေးနက်သော အမူအရာနှင့်...

"မိတ်ဆွေလေး၊ တစ်ခု ခု မြင်တာ ရှိလို့လား..."

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"ရှို့သူဌေး... ကိုယ်ကိုယ့်ကိုယ် အာရုံခံကြည့်ပါ။ ဘယ်လိုပဲပြောပြော မင်းက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်ပဲလေ"

"စမ်းကြည့်ရင် သိလိမ့်မယ်...."

" မကုသနိုင်ရင်တော့ ငါ့ဆီ လာလို့ ရတယ်။ ဒါပေမယ့် ဆေးကုသခကတော့ မနိမ့်ဘူးနော် ဟား...ဟား....."

# အခန်း(၁၂၂) - နောက်လိုက်များ ပျိုးထောင်ခြင်း...

“မိတ်ဆွေလေး၊ ဘယ်လိုလဲ....”

ပြုံးနေသော ဗုဒ္ဓ ရှို့ခန်းက ပြုံးပြီး မေးလိုက်သည်။

ယခုလက်ရှိတွင် ကျားဘုရင်တို့ လေးယောက်လုံးက ချင်ယန် ရှေ့တွင် ရောက်နေကြသည်။

ကျားဘုရင်က မျှော်စင် တစ်ခုနှင့်တူပြီး နှစ်မီတာခန့် မြင့်မားသည်။ တစ်ချက်ကြည့်လိုက်ရုံဖြင့် ခွန်အား ပေါက်ကွဲနိုင်စွမ်း ပြင်းထန်ကြောင်း သိလိုက်သည်။ အသက်က (၃၃)နှစ်ပင်......

စာသခင်သား နန်ရွှမ်က အသက် (၂၈) နှစ်ရှိပြီး ရုပ်ရည်သန့်ပြန့်ကာ အရပ်က (၁.၇) မီတာခန့် ရှိသည်။ သူ့ကို ကြည့်လိုက်ပါက တိုက်ခိုက်ရေး အစွမ်း ပြင်းထန်သည်ဟု လူအများစုက ထင်ကြမည် မဟုတ်ပေ။

မျောက်ဒေါ်သအိုး ကျွမ်းစစ်က အသက် (၂၅) နှစ်ရှိပြီး ကြည့်လိုက်ပါက အလွန် ပိန်ပါးသဖြင့် လေတိုက်လျှင်ပင် လဲကျသွားမည့် ပုံစံမျိုး ရှိနေသည်။ သို့သော်လည်း သူ တိုက်ခိုက်သောအခါ သူ့ထက် ပိုသန်မာသည့် လူများပင် သူ့လက်ထဲ၌ သေဆုံး ခဲ့ကြသည်။

သွေးအလှ ရှန်ကွမ်ယင်က သူတို့ လေးယောက်ထဲတွင် အသက် အငယ်ဆုံးဖြစ်ပြီး အသက် (၂၂) နှစ်သာ ရှိသေးသည်။ ကျင့်ကြံခြင်း အဆင့်က မူလအစစ်အမှန် နယ်ပယ် အဆင့် (၅)

ရောက်နေသည်။ သူမ၏ ပင်ကိုယ် အရည်အချင်းက ချမ်ဂျူး အကယ်ဒမီကို ဝင်ရောက်ရန် ပြဿနာ မရှိသော်လည်း ဒီနေရာတွင် ရောင်းစားခံရပြီး ကျွန်တစ်ယောက် ဖြစ်လာခဲ့သည်။

ချင်ယန်က သူတို့ လေးယောက်ကို ကြည့်နေသလို သူတို့ လေးယောက်ကလည်း ချင်ယန်ကို ပြန်ကြည့် နေကြသည်။

ယခုလက်ရှိတွင် ကျားဘုရင် ချမ်ဟိုင်နှင့် ကျန်သည့်လူများက ပို၍ပင် စိတ်လှုပ်ရှား

နေကြသည်။ သူတို့ အရွေးခံရမည့် အခွင့်အရေးကို တစ်ကြိမ်တစ်ခါမှ မတွေးခဲ့ဖူးပေ။

သူတို့ အရွေးခံရပြီးနောက် အခြားလူ တစ်ယောက်၏ လက်အောက်တွင် သေချာပေါက် ကျွန် ဖြစ်လာမည်ဖြစ်ပြီး လွတ်လပ်ခွင့် ရရှိမည် မဟုတ်သော်လည်း သွေးမြေကျ တိုက်ပွဲကွင်းတွင် ရှိနေရခြင်းထက် အများကြီး ပို ကောင်းမွန်သည်။

သွေးမြေကျ တိုက်ပွဲကွင်းထဲတွင် မနက်ဖြန် ဆိုသည်မှာ မသေချာသော အရာတစ်ခု ဖြစ်သည်။

နေ့မြင် ညပျောက် ဆိုသည့်စကားကို အချိန်တိုင်း နှလုံးသွင်းထားရသော နေရာတစ်ခုပင်.....

ဒီတစ်ကြိမ်တွင် ပြိုင်ဘက်ကို သတ်နိုင်သော်လည်း မနက်ဖြန်တွင် ပြိုင်ဘက်၏ သတ်ဖြတ်ခြင်းကို ခံရနိုင်ခြေ များနေသည်။

“အဆင်ပြေတယ်.....”

ချင်ယန်က တစ်ချက်ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ ကျားဘုရင်တို့ လေးယောက်ကို ရွေးထုတ်လိုက်သည်။ ထုံးစံအတိုင်း သူတို့အပေါ် ကျေနပ်နေသည်။

ချင်ယန် ပြန်လည် မမွေးဖွားလာခင်က သူတို့လေးယောက်က ယွမ်ဟိုင် နယ်ပယ် ရောက်နေပြီဟု ကြားခဲ့ရသည်။

ကျားဘုရင်နှင့် ကျန်သည့် လူများသည် တိုက်ပွဲများကြောင့် အတွင်း ဒဏ်ရာများ ပြည့်နှက်နေသော်လည်း ယွမ်ဟိုင် နယ်ပယ်ကို ရောက်နိုင် ခဲ့သေးသည်။ ထိုအချက်ကြောင့် သူတို့၏ ပင်ကိုယ် စွမ်းရည်က အလွန် ကောင်းမွန်ကြောင်း သက်သေ ပြနေသည်။

ချင်ယန်သည် သူ၏ သင်ကြားပေးမှု၊ ပျိုးထောင်ပေးမှု ဆိုလျှင် ယွမ်ဟူ နယ်ပယ် ရောက်ရှိရန် အချိန် သိပ်မကြာနိုင်ဘူးဟု ခန့်မှန်းထားသည်။ အချိန်တန်ပါက အစွမ်းထက်သော လူလေးယောက် ရရှိ လာလိမ့်မည်။

"ဒါက လက်ကျန်ငွေ...."

ချင်ယန်က ရွှမ်ကျင့်ကတ်ကို ထုတ်လိုက်ပြီး မကြာခင် လက်ကျန် ငွေတုံး (၆၄) သန်းကို လွှဲပြောင်း ပေးလိုက်သည်။

ရှို့ခန်းက ပြုံးပြီး စာချုပ်လေးခု ထုတ်ယူလိုက်ကာ.....

"မိတ်ဆွေလေး၊ အခုကစပြီး ဒီလေးယောက်က မင်းအပိုင်ပဲ။ သူတို့ရဲ့ သေခြင်း၊ ရှင်ခြင်းက မင်းရဲ့ ဆုံးဖြတ်ချက် တစ်ခုပဲ။ ဒါနဲ့ စကားမစပ် ၊ ငါတို့ သွေးမြေကျ တိုက်ပွဲကွင်းက ကာကွယ်မှု တစ်လ ပေးတယ်။ ဒီတစ်လအတွင်း သူတို့ ထွက်ပြေးသွားတာပဲ ဖြစ်ဖြစ် ဒါမှမဟုတ် သစ္စာဖောက်တဲ့ ကိစ္စမျိုး လုပ်တာပဲဖြစ်ဖြစ် ငါတို့ သွေးမြေကျ တိုက်ပွဲကွင်းက ဝင်ရောက် စွက်ဖက်ပေးမယ်...."

"တစ်လ ကျော်သွားရင်တော့ ထွက်ပြေးတာပဲ ဖြစ်ဖြစ်၊ သစ္စာဖောက်တာပဲ ဖြစ်ဖြစ်၊ တစ်ခုခု ဖြစ်သွားရင် ကိုယ့်ဘာသာကိုယ် တာဝန် ယူရမယ်....."

ချင်ယန်က ခေါင်းညိတ်လိုက်သည်။

လူတော်တော် များများက သူတို့ကို ရွေးထုတ်ရန် ဆန္ဒ မရှိကြပေ။ အကြောင်းမှု ဒါက ကိစ္စ သေးသေးလေး မဟုတ်ပေ။

ရွေးထုတ် ခံရပြီးနောက် တန်ခိုးရှင် တော်တော်များများက ထွက်ပြေး သွားကြသည်

မဟုတ်ပါလား။ အချို့ဆိုလျှင် သူတို့၏ သခင်များကိုပင် ပြန်သတ် သွားကြသေးသည်။

ထိုကိစ္စများက တစ်လအတွင်း ဖြစ်ပျက်သွားမည် ဆိုပါက သူတို့အတွက် အဆုံးသတ် မကောင်းနိုင်ချေ။

သွေးဘုရင်ကိုမူ မဆိုစလောက် အင်အားလေးနှင့် သွားဆွ၍ မရပေ။

“မိတ်ဆွေလေး. အချိန်တန်ရင် ကျွန်စာချုပ် ဝယ်ထားဖို့ အကြံပေးချင်တယ်…”

ရှို့ခန်းက ပြုံးပြီး ပြောလိုက်သည်။

အကယ်၍ လုံလောက်သော အဆင့်ရှိသည့် ကျွန်စာချုပ်ကို အသုံးပြုမည် ဆိုပါက အကျိုးသက်ရောက်မှုက ကောင်းမွန်လှသည်။ ထို့ပြင် ကျားဘုရင်ကဲ့သို့ တန်ခိုးရှင်ကို ထိန်းချုပ်ချင်သည် ဆိုပါက စျေးမပေါသော အဆင့် (၄) ကျွန်စာချုပ် ပို၍ပင် လိုအပ်သေးသည်။

"ဒီ အရောင်းအဝယ် အတွက် ကျေးဇူးတင်ပါတယ်"

"ဒါဆို ငါတို့ အရင် သွားတော့မယ်....."

ချင်ယန်နှင့် ချူရန်တို့က မတ်တပ်ထရပ်ပြီး ထွက်ခွာသွားသည်။ ကျားဘုရင်တို့ လေးယောက်က သူတို့နောက်မှ တိတ်တဆိတ် လိုက်ပါသွားကြသည်။

"ကျွန်စျေးကို သွားမယ်...."

ချင်ယန်က ပြောလိုက်သည်။

မကြာခင် ချင်ယန်တို့ ရထားလုံး နှစ်စင်းက ကျွန်စျေးသို့ ရောက်ရှိ လာကြသည်။ ဒီနေရာတွင် ကျွန်ကုန်သည် အကြီးအသေး များစွာရှိသည်။

နှစ်နာရီခန့် ကြာပြီးနောက် ချင်ယန်က ခေါင်းတခါခါ လည်တခါခါ အမူအရာနှင့် ပြန်ထွက်လာသည်။

ကျွန်ဈေးထဲတွင် ချင်ယန်က သင့်တော်သော လူများကို လုံးဝ မဝယ်နိုင်ခဲ့ပေ။

အတော်အသင့် အစွမ်းထက်သော ကျွန်များကို ကြိုတင် ရွေးထားခြင်း သို့မဟုတ် သွေးမြေကျ တိုက်ပွဲကွင်းသို့ ပို့ဆောင် ထားကြသည်။

သူတို့ထဲမှ အချို့က ယခုလက်ရှိတွင် ခွန်အား အလွန် အားနည်းသော်လည်း နောက်ပိုင်းတွင်

အသုံးဝင်လာနိုင်သည်။ ချင်ယန်ကမူ စုဆောင်းချင်စိတ် မရှိခဲ့ပေ။

ချင်ယန် လိုချင်သည်မှာ အချိန်တိုလေးအတွင်း သန်မာသော တိုက်ခိုက်ရေး အင်အားစု ရရှိရန် ဖြစ်သည်။

ချင်ယန်တို့ အဖွဲ့သည် ကျွန်ဈေးမှ ပြန်ထွက်လာပြီးနောက် ငှားရမ်းထားသော အိမ်အနီးသို့ ပြန်ရောက် လာကြသည်။

"အမ်...."

ချင်ယန်က မျက်မှောင် ကြုတ်သွား၏။ သူတို့ အိမ်ထဲတွင် တက်တူး ထိုးထားသော လူတော်တော်များများ ရှိနေသည်။ တစ်ချက် ကြည့်ရုံနှင့် ကောင်းမွန်သော အခြေအနေ မဟုတ်ကြောင်း သိသာနေသည်။

"တကယ် မထွက်သွားသေးဘဲ ဆက်ပြီး ပြဿနာ ရှာနေအုံးမယ် ဆိုရင် ငါ့ကို မယဉ်ကျေးလို့ အပြစ်မတင်နဲ့နော်...."

ဒေါသတကြီး အော်ဟစ်လိုက်သော ရှောင်ကျူဝမ်၏ အသံက ထွက်ပေါ်လာသည်။

"ကောင်မ....... မယဉ်ကျေးလို့ အပြစ်မတင်နဲ့ ဟုတ်လား... ညီအစ်ကိုတို့ ပိုက်ဆံ မယူတော့ဘူး။ ဒီကောင်မကိုပဲ မြည်းစမ်းကြမယ်....."

အသက် ဆိုးဆယ်ကျော် အမျိုးသား တစ်ယောက်က လက်ထဲတွင် ဓါးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားပြီး အော်ဟစ်လိုက်သည်။

"ကျွားဘုရင်၊ မင်းလက်ထဲ လွှဲလိုက်မယ်....."

ချင်ယန်က အေးစက်စွာ ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ... သခင်...."

ကျားဘုရင်က လေးနက်စွာ ပြောလိုက်ပြီး သူတို့ လေးယောက်လုံး ပြေးတက် သွားကြသည်။

"ကျား.. ကျားဘုရင်...."

သူတို့ထဲမှ လူတစ်ယောက်က ကျားဘုရင်ကို မြင်သွားပြီး ကြောက်လန့်တကြား အော်ဟစ် လိုက်ကြသည်။ ရွှေဦးချို့မြို့တွင် ကျားဘုရင်က လူသိများ နေသေးသည်။

ကချောက်....

"အား....."

အရိုးကျိုးသံများနှင့် အော်ဟာစ်သံများက စက်သေနတ် ပစ်နေသည့်အလား အတွဲလိုက် ထွက်ပေါ်လာသည်။ သူတို့က ချီဖွဲ့စည်းခြင်း အဆင့်သာ ရှိသေးသဖြင့် ကျားဘုရင်တို့ လေးယောက်ကို မည်ကဲ့သို့ တိုက်ခိုက်မည်နည်း......

ကျားဘုရင်တို့ လေးယောက်ထဲတွင် သုံးယောက်က မူလအစစ်အမှန် နယ်ပယ် ဖြစ်ပြီး မျောက်ဒေါသအိုးက မူလ အစစ်အမှန် နယ်ပယ်နှင့် ခြေလှမ်းတစ်လှမ်းသာ ကွာဝေးတော့သည်။

အချိန်တိုလေး အတွင်းမှာပင် ထိုလူ (၂၀) ကျော်က မြေပေါ်တွင် အလဲလဲ အကွဲကွဲ ဖြစ်နေပြီး လက်များ၊ ခြေထောက်များပင် ကျိုးသွားကြသည်။

"အခုတော့ မင်းတို့တွေ သွားချင်ရင်တောင် မသွားနိုင်တော့ဘူး မဟုတ်လား....."

ရှောင်ကျူဝမ်က တစ်ချက်ပြုံးပြီး ပြောလိုက်သည်။

"သခင်လေး... သူတို့က....."

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"စုဆောင်းထားတဲ့ လူသစ်တွေ။ နောက်ဆိုရင် အပြင်လူတွေကို အားနာနေစရာ မလိုဘူး။ သင်ခန်းစာ ပေးစရာ ရှိရင် တစ်ခါတည်း ပေးလိုက်....."

ရှောင်ကျူဝမ်က တစ်ချက် ပြုံးလိုက်ပြီး.....

"ငါတို့က ပြဿနာ မဖြစ်ချင်လို့ တမင်သက်သက် နိမ့်ချပြီး နေခဲ့တာ။ ဒါကို ဒီကောင်တွေက အနိုင်လာကျင့်မယ်လို့ မမျှော်လင့် ထားခဲ့ဘူး။ လူအုပ်ကြီးနဲ့ လာပြီး ငါတို့ဆီက ကာကွယ်ကြေး တစ်သိန်း တောင်းနေတယ်လေ......"

"တစ်သိန်း မပြောနဲ့ တစ်ပြားတောင် ရမှာ မဟုတ်ဘူး....."

ချင်ယန်က နှာခေါင်း တစ်ချက်ရှုံ့လိုက်ပြီး....

"ကျားဘုရင်။ ဘာလုပ် နေတာလဲ.. ဒီကောင်တွေကို ထမင်း ကျွေးအုံးမလို့လား...."

ကျားဘုရင်နှင့် အခြားလူများက နောက်တစ်ကြိမ် ထပ်မံ လှုပ်ရှားလိုက်ရာ သူတို့၏ လက်တစ်ဖက်သို့မဟုတ် ခြေထောက် တစ်ဖက်စီ ကျိုးသွားကြသည်။ ထို့နောက် ကုတ်မှ ဆွဲမပြီး

အိမ်အပြင်ဘက် ဆယ်မီတာ အကွာသို့ ပစ်လွှတ်လိုက်သည်။

“ခုမှ ကြည့်ကောင်း သွားတယ်...”

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

“ဝင်လာခဲ့......”

ကျားဘုရင်နှင့် ကျန်သည့် လူများက ချင်ယန်တို့၏ ခြံဝန်းထဲသို့ တိတ်တဆိတ် ဝင်လာကြသည်။

ရှောင်ကျူဝမ်က အိမ်ထဲသို့ တန်းဝင်သွားပြီး အိမ်ရှေ့ ခြံဝန်းထဲတွင် ချင်ယန်၊ ချူရန်နှင့် ကျားဘုရင်တို့ လေးယောက်သာ ကျန်ရစ်ခဲ့သည်။

ချင်ယန်က ကျားဘုရင်ကို တစ်ချက် ကြည့်လိုက်ပြီး ပေါ့ပေါ့ပါးပါး အမူရာနှင့်......

“ကျားဘုရင်၊ မင်းကို သွေးမြေကျ တိုက်ပွဲကွင်းကနေ ငါ ဝယ်ခဲ့တယ်။ ငွေတုံး (၁၀၄) သန်း ပေးခဲ့ရတယ်။ အချိန်တန်ရင် ဒီပိုက်ဆံနဲ့ ထိုက်တန်အောင် အလုပ် လုပ်မယ်လို့ မျှော်လင့်တယ်။ မဟုတ်ရင်တော့ မင်းတို့ကို

သွေးမြေကျ တိုက်ပွဲကွင်းထဲ နောက်တစ်ကြိမ် ပြန်ပို့ပေးလိုက်မယ်....”

ကျားဘုရင်တို့ လေးယောက်က အနည်းငယ် မျက်နှာပျက်သွား၏။ သူတို့က သွေးမြေကျ တိုက်ပွဲကွင်းထဲမှ ထွက်လာခဲ့ကြပြီ။ ထိုအထဲကို နောက်တစ်ကြိမ် ပြန်မသွား ချင်တော့ပေ။

“အချိန်တန်ရင် ငါ ပြောမယ်....”

“ပထမဦးဆုံး အချက်က ဒီမှာရှိနေတဲ့ လူတိုင်းကို ယဉ်ကျေးရမယ်။ မစော်ကားနဲ့....”

"ဒုတိယ အချက်က ငါ့ကို သခင်လို့ ခေါ်စရာ မလိုဘူး။ သူငွေးလို့ပဲ ခေါ်။ သုံးနှစ် သစ္စာ ရှိမယ်ဆိုရင် မင်းတို့ကို လွှတ်ပေးမယ်။ သုံးနှစ်လေးတောင် သစ္စာ မရှိနိုင်ဘူး ဆိုရင် ငါကလည်း ငါ့အပေါ် သက်ရောက်မှု မရှိအောင် မင်းတို့ကို ဖြတ်ချပစ်မယ်...."

ကျားဘုရင်နှင့် ကျန်သည့်လူများက အနည်းငယ် မျက်မှောင် ကြုတ်သွားသည်။ သူတို့က သူတို့၏ ကိုယ်ပိုင် အစွမ်းအစများကို ပိုမို ယုံကြည်ကြသည်။ ချင်ယန်၏ အရည်အချင်းကိုမူ မယုံကြည်ပေ။

သို့သော် သုံးနှစ်ကြာလျှင် လွတ်မြောက်ခွင့် ရမည်ဟူသော ကတိက အံ့အောစရာ ကောင်းနေသဖြင့် များများစားစား ပြန်မပြောတော့ပေ။

"တတိယ အချက်က ငါ့အပေါ် ကောင်းကောင်း ဆက်ဆံရင် မင်းတို့ရဲ့ ခွန်အားကို မြှင့်တင်ပေးမယ်။ ဒီသုံးနှစ်အတွင်းမှာ မင်းတို့ရဲ့ အကြွင်းမဲ့ သစ္စာစောင့်သိမှုကို လိုအပ်တယ်။ သစ္စာ ဖောက်လိုက်မယ်ဆိုရင်တော့ မင်းတို့ကို ပေးမယ့်

အမြင့်ဆုံး အပြစ်ဒဏ်က ဘာလဲဆိုတာ စောင့်ကြည့်နေလိုက်.....”

ကျားဘုရင်နှင့် အခြားလူများက

‘ နားလည် ပါတယ် သူဌေး.....’ ဟု တစ်ညီတစ်ညွတ်ထဲ ပြောလိုက်ကြသည်။

ချင်ယန်က....

“ဒီနေ့ မင်းတို့အားလုံးရဲ့ ဒဏ်ရာတွေကို အရင်ကုပေးမယ်။ မနက်ဖြန်ကျရင် ကျင့်စဉ်အသစ်ပေးမယ်။ အခုလက်ရှိ မင်းတို့ လေ့ကျင့်နေတဲ့

ကျင့်စဉ် အစုတ်အပြတ်တွေနဲ့ ဆိုရင် ငါ့ လိုအပ်ချက်နဲ့ ကိုက်ညီဖို့ သုံးနှစ်လောက် အချိန်ပေး ရလိမ့်မယ်...”

# အခန်း(၁၂၃) - သတင်းတစ်ခု....

ကျားဘုရင်က မကျေနပ်သော လေသံနှင့်.....

“သူဌေး၊ ငါ့ကျင့်စဉ်က ငါ့မိသားစု ဆီကနေ အမွေဆက်ခံခဲ့တာ...။ အရမ်း ကောင်းပါတယ်...”

“သူဌေး မင်း ကျင့်စဉ်က ပိုမကောင်းမှာပဲ ကြောက်မိတယ်”

ရှန်ကွမ်ယင်ကလည်း ပြောလိုက်သည်။

ရှန်ကွမ်ယင်က အသက် (၂၂) နှစ်သာ ရှိသေးသော်လည်း မူလ အစစ်အမှန် နယ်ပယ် အဆင့် (၆) သို့ ရောက်နေပြီ ဖြစ်သောကြောင့် ယခုလက်ရှိ သူမ လေ့ကျင့်နေသော ကျင့်စဉ်က အလွန် ကောင်းမွန်သည်ဟု ဆိုရမည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"မင်းတို့ မျက်လုံးထဲမှာ ကောင်းချင် ကောင်းနိုင်တယ်။ ငါ့ မျက်လုံးထဲမှာတော့ အမှိုက်ပဲ..."

"အခု ငါ့ရဲ့ ကျင့်ကြံရေးအဆင့်က အရင်ကထက် ပိုကောင်းနေတာ မင်းတို့ ကံကောင်းတယ်။ မင်းတို့တွေ ကျင့်စဉ် အစုတ်အပြတ် လေ့ကျင့်ထားရင်တောင် ကျင့်စဉ်အသစ် ပြောင်းလဲ လေ့ကျင့်နိုင်အောင် ကူညီ ပေးနိုင်တယ်...."

"ရှန်ကွမ်ယင်.... မင်းကို အရင်ဆုံး ကုသပေးမယ်...။ ကျားဘုရင်... မင်းက ရေချိုး။ တစ်ကိုယ်ရည် သန့်ရှင်းရေးကို ဂရုစိုက်။ ပတ်ဝန်းကျင် မညစ်ပတ်စေနဲ့....."

"ချူရန်၊ သူတို့ကို အခန်း စီစဉ်ပေးလိုက်...."

ချူရန်က ခေါင်းညိတ် လိုက်သည်။

ချင်ယန်က ရှန်ကွမ်ယင်ကို အခန်းထဲ ခေါ်သွားသည်။

ရှန်ကွမ်ယင်က သတိထားနေသော မျက်နှာများနှင့်......

"သူဌေး၊ မင်း အန္တရာယ်ဖြစ်လို့ အသက်စွန့် ကယ်တင်ခိုင်းရင် ငါ လုပ်ပေးနိုင်တယ်။ ဒါပေမယ့် တခြားအရာတွေ တောင်းဆိုမယ် ဆိုရင်တော့ လုံးဝ မဖြစ်နိုင်ဘူး...."

ချင်ယန်သည် မမျှော်လင့်ထားသဖြင့် အနည်းငယ် အံ့အော သင့်သွားပြီး.....

"မင်းက သွေးမြေကျ တိုက်ပွဲကွင်းလို နေရာမျိုးမှာ မင်းရဲ့ သန့်ရှင်းမှုကို ထိမ်းသိမ်း ထားတုန်းပဲလား...။ သွေးမြေကျ တိုက်ပွဲကွင်းထဲမှာ မင်းလို အလှလေးကို ဘယ်သူမှ မလှူပ်ရှားဘူးလား...."

သွေးမြေကျ တိုက်ပွဲကွင်းထဲတွင် အမျိုးသားများ ပိုများသော်လည်း အမျိုးသမီးလည်း အများကြီး ရှိနေသည်။ ရှန်ကွမ်ယင်ကို သွေးအလှ ဟု

ခေါ်ဆိုသဖြင့် ထုံးစံတိုင်း သူမကလည်း အလွန်လှသော မိန်းကလေး တစ်ယောက်ပင်....။

သူမ၏ ရုပ်ရည်က အလွန်လှပပြီး အရိုင်းဆန်သော ဆွဲဆောင်မှု ရှိသည်။ ဤကဲ့သို့ မိန်းမမျိုးကို ယောကျ်ားများက အနိုင်ယူချင်စိတ် ပြင်းပြ ကြသည်။

သေသေချာချာ စဉ်းစားကြည့်ပါက ရှန်ကွမ်ယင်က သွေးမြေကျ တိုက်ပွဲကွင်းထဲတွင် ကြီးမားသော ခွန်အားကို ပြသခဲ့ပြီး ပြိုင်ဘက်တိုင်းကို သတ်ဖြတ် နိုင်ခဲ့သော်လည်း

စိတ်ဆန္ဒ တက်ကြွနေသော အမျိုးသားများအတွက် ပိုမို ဆွဲဆောင်မှု ရှိနေသည်။ တစ်နည်း ပြောရမည် ဆိုလျှင် အလွန် အံ့အောစရာ ကောင်းသော အတွေ့အကြုံနှင့် ဆွဲဆောင်မှု တစ်မျိုး ဖြစ်နေသည်။

ရှန်ကွမ်ယင်က အေးတိအေးစက် လေသံနှင့်....

“ငါ့ကို ကြံစည်ရဲရင် ငါ့ကိုယ်ငါ သတ်သေလိုက်မယ်။ တစ်ခါတုန်းက သေလုနီးပါး ဖြစ်နေတဲ့ အချိန်မှာတောင် ဘယ်သူမှ ငါ့ကို မကြံစည်ရဲဘူး...။ ဘယ်လိုပဲပြောပြော ငါက

သွေးမြေကျ ကွင်းအတွက် ငွေအများကြီး ရှာပေးခဲ့တယ်။ ငါ့လို မိန်းမတစ်ယောက်က ဘယ်လောက်တောင် ငွေရှာ ပေးခဲ့သလဲဆိုတာ အပြင်လူတွေ မသိနိုင်ဘူး…”

ချင်ယန်က ခေါင်းညိတ်လိုက်သည်။ ဒါလည်း မှန်သည်။

“စိတ်မပါနဲ့… မင်းကို မကြံစည်ပါဘူး….”

“လက်ကို ဆန့်လိုက်…. မင်း အခြေအနေကို အရင်ဆုံး စစ်ဆေးမယ်…..”

ရှန်ကွမ်ယင်က လက်ကို ဆန့်ထုတ်ပေးလိုက်လျှင် ချင်ယန်က သူမ၏ လက်ကောက်ဝတ်ကို လက်ညှိုးနှင့် ဖိ၍ သွေးခုန်နှုန်းကို စစ်ဆေးလိုက်သည်။ ထို့နောက် စိတ်ထဲမှ....

'တကယ်ပဲ အပျို စစ်သေးတယ် ဟ....'

"ရှန်ကွမ်ယင်.... မင်းက အခြေအနေကောင်းတွေ ပိုင်ဆိုင်ခဲ့တာပဲ.... စိတ်ဝိညာဉ်ဆေးတွေ အများကြီး စားခဲ့လိမ့်မယ်။ . သွေးမြေကျကွင်းထဲမှာ အသက်လု တိုက်ပွဲတွေ တိုက်ခိုက်ရင်း ဒီဆေးတွေကို

မြန်မြန်ဆန်ဆန် အစာချေဖျက် နိုင်ခဲ့တော့ အခုဆို မူလ အစစ်အမှန်နယ်ပယ် အဆင့် (၆) တောင် ရောက်နေပြီ"

ချင်ယန်က ပေါ့ပေါ့ပါးပါး ထုတ်ပြောလိုက်သည်။

ထိုနောက် ချင်ယန်က.....

"မင်း ခန္ဓာကိုယ်ထဲမှာ စိတ်ဝိညာဉ်ဆေးတွေ အများကြီး စုဆောင်ထားလို့ မင်း အခြေအနေက မဆိုးဘူး.. အပ်စိုက်ရုံနဲ့ အဆင်ပြေတယ်.."

မကြာခင် ချင်ယန်က ငွေအပ်များကို ထုတ်ယူပြီး ရှန်ကွမ်ယင်၏ ခန္ဓာကိုယ်ပေါ်တွင် ထိုးစိုက်လိုက်သည်။

ရှန်ကွမ်ယင်သည် သူမ ခန္ဓာကိုယ်ထဲ၌ အပူလှိုင်းများ တစ်ခုပြီးတစ်ခု စီးဆင်းလာသည်ကို အံ့အောသင့်ဖွယ် တွေ့ရှိ လိုက်ရသည်။ ထို အပူလှိုင်းများက သူ့ ခန္ဓာကိုယ်ထဲမှ အတွင်းဒဏ်ရာများကို လျင်မြန်စွာ ကုသပေးသွားသည်။

အစ ပထမတွင် ရှန်ကွမ်ယင်သည် သူမဗိုက်၏ ညာဖက် အောက်ပိုင်း၌ နာကျင်မှုကို မကြာခဏ ခံစားခဲ့ရသည်။ ငါးမိနစ်ခန့် ကြာပြီးနောက် ရှန်ကွမ်ယင်သည် ထိုကဲ့သို့ မခံစားရတော့ပေ။

သူမသည် တိုက်ပွဲတိုင်းတွင် ငွေ အနည်းငယ် ရရှိခဲ့သည်။ ထိုငွေများကို စုဆောင်း၍ ဆေးကုသမှု ခံယူရန် ဆေးဆရာကို ခေါ်ယူခဲ့သော်လည်း သက်ရောက်မှုက ဤမျှ ကောင်းမွန်ခြင်း မရှိခဲ့ပေ။

ဆယ်မိနစ်ခန့် ကြာပြီးနောက် ချင်ယန်၏ အပ်စိုက် ကုထုံးက ပြီးဆုံး သွားခဲ့သည်။

ယခုအခါ ရှန်ကွမ်ယင်သည် သူမ တစ်ကိုယ်လုံးက ပေါ့ပါးနေသည်ဟု ခံစားလိုက်ရသည်။ အကယ်၍ သူမသာ ကြိုးစားမည်ဆိုပါက ဆယ်ရက်၊ တစ်ပတ်အတွင်း မူလ အစစ်အမှန် နယ်ပယ် အဆင့် (၇) သို့ ရောက်နိုင်သည်ဟု ခန့်မှန်း လိုက်မိသည်။

"အခု မင်း ကျင့်ကြံနိုင်အောင် ကျင့်စဉ်ရဲ့ပထမ သုံးပိုင်းကို အရင်ဆုံး ပေးထားလိုပ်မယ်။ ဒီလောက်ဆိုရင်တောင် ယွမ်ဟူ နယ်ပယ်ကို ရောက်နိုင်တယ်...."

ချင်ယန်က ပြောလိုက်သည်။

ချင်ယန်သည် ထိုစဉ်အချိန်က ရရှိခဲ့သော သူမတို့ လေးယောက်၏ အချက်အလက်ကို အတော်အသင့် ယုံကြည်သော်လည်း သူတို့ လေးယောက်ကို အပြည့်အဝ ယုံကြည်သည်ဟု မဆိုလိုပေ။ အကယ်၍ ကျင့်စဉ် အပြည့်အစုံ လိုချင်ပါက နာခံမှုနှင့် သစ္စာရှိရန် လိုအပ်သည်။

"အင်း...."

ရှန်ကွမ်ယင်က ဖြည်းဖြည်းခြင်း ခေါင်းညိတ် ပြလိုက်သော်လည်း အကယ်၍ ချင်ယန်၏

ကျင့်စဉ်က သာမန်သာ ဖြစ်ပါက မည်သည့်အချိန်မှ ကျင့်စဉ်ကို ပြောင်းလဲပြီး မကျင့်ကြံဘူးဟု သူမ စိတ်ထဲမှ တေးထားလိုက်သည်။

ချင်ယန်က ရှန်ကွမ်ယင် နောက်ကျောပေါ် လက်တင်လိုက်ပြီး ချီစီးကြောင်း တစ်ခု ထည့်သွင်းကာ ရှန်ကွမ်ယင်၏ ခန္ဓာကိုယ်ထဲ၌ ချီလည်ပတ်မှု ပုံစံကို လမ်းညွှန် ပေးလိုက်သည်။

ရှန်ကွမ်ယင် တုန်လှုပ်သွား၏။ ချင်ယန်က ဆက်ကျော်သက် လူငယ်လေး တစ်ယောက်သာ ဖြစ်သော်လည်း ချီ အစစ်အမှန်ကို

ပိုင်ဆိုင်ထားသည်။ ထို့အပြင် ချင်ယန် ပိုင်ဆိုင်ထားသော ယွမ်ချီ အရည်အသွေးက သူမ ပိုင်ဆိုင်ထားသော ယွမ်ချီ အရည်အသွေးထက်ပင် မြင့်မားနေသည်ဟု ခံစား လိုက်ရသည်။

"စိတ်နဲ့ကိုယ် သတိ ကပ်ထား.. ချီစီးဆင်းမှု လမ်းကြောင်းတွေကို လိုက်မှတ်ထား..."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"ဟုတ်ကဲ့...."

ဆယ်မိနစ်ခန့် ကြာသောအခါ ချင်ယန်က ရပ်တန့်လိုက်၏။ ရှန်ကွမ်ယင်ကလည်း အလွတ်ရသွားသည်။

သူမက မူလအစစ်အမှန် နယ်ပယ် တန်ခိုးရှင် တစ်ယောက်အနေဖြင့် ကိုယ်ပိုင် အမြင်အချို့ ရှိနေသေးသည်။ ချင်ယန်၏ ကျင့်စဉ်က သူမ၏ မူလကျင့်စဉ်ထက် အဆင့်ပေါင်းများစွာ ပို အားကောင်းနေကြောင်း ရှင်းရှင်းလင်းလင်း ပြောနိုင်သည်။

ချင်ယန်က ရှန်ကွမ်ယင်ကို ပေးလိုက်သော ကျင့်စဉ်သည် ရှောင်ကျူဝမ်နှင့် အခြားသူများကို ပေးခဲ့သော ကျင့်စဉ်လောက် ကောင်းမွန်ခြင်း မရှိသော်လည်း အလွန် ကောင်းမွန်သော ကျင့်စဉ် တစ်ခု ဖြစ်နေသေးသည်.။

"ကျေးဇူးတင်ပါတယ်။ သူဌေး..."

ရှန်ကွမ်ယင်က အမှန်တကယ် ကျေးဇူး တင်စိတ်နှင့် ပြောလိုက်သည်။ အကယ်၍ ချင်ယန်က ထိုကျင့်စဉ်ကို ရောင်းချလိုက်မည် ဆိုပါက သူမကို

ဝယ်ယူစဉ် အချိန်က ပေးခဲ့ရသည့် ငွေကြေးထက် အဆပေါင်းများစွာ ပိုရနိုင်ကြောင်း သူမ သိနေသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"ဒီကျင့်စဉ်အကြောင်း ထုတ်မပြရဘူး။ ဒီလိုမှ မဟုတ်ရင် နောက်ဆက်တွဲ ကျင့်စဉ်ကို အိပ်မက်တောင် မမက်နဲ့...။ အကောင်းဆုံးမှ ယွမ်ဟိုင်နယ်ပယ်ပဲ ရောက်လိမ့်မယ်။ တကယ်လို့ မင်းသာ နာခံမှု ရှိမယ်၊ သစ္စာ ရှိမယ် ဆိုရင်တော့ ယွမ်ဒန် နယ်ပယ်၊ ဓမ္မ ကလေး နယ်ပယ်တောင် ရောက်နိုင်တယ်...."

ရှန်ကွမ်ယင် အသက်ရှူမဝ ဖြစ်သွားသည်။ သူမသည် အဝေး တစ်နေရာမှ ရောင်းစားခြင်း ခံခဲ့ရသည်။ အချိန်တန်၍ ယွမ်ဟိုင် နယ်ပယ်ကို ရောက်သွားမည် ဆိုပါက လက်စားပင် ချေနိုင်လိမ့်မည်။

‘ဒါ အခွင့်အရေးပဲ…’

“သူဌေး… ငါ အစွမ်းကုန် သစ္စာ ရှိပါ့မယ်….”

ရှန်ကွမ်ယင်က ဒူးထောက်လိုက်ပြီး……

"သူဌေး၊ တ... တကယ်လို့ ငါ... ငါ့ကို ကြံစည်ချင်တယ်ဆိုလဲ.... ခွင့်.... ခွင့်ပြုပါတယ်....."

(ဘာသာပြန်သူ မှတ်ချက်။ တချို့အသုံးနှုန်းက ဆင်ဆာ လွတ်အောင် ရှောင်သုံးထားလို့ နားလည်ပေးပါ......)

အချိန်တန်၍ ချင်ယန်က စိတ်ကျေနပ်ပြီး သူမ လက်စား ပြန်ချေမည့် ကိစ္စကိုသာ သဘောတူပေးမည် ဆိုပါက ချင်ယန်ကို သူမခန္ဓာကိုယ် ပေးရ၍လည်း ပြဿနာ မရှိပေ။

"ထ... ငါ့မှာ တခြားအတွေး မရှိဘူး....."

ချင်ယန်က အသက်ခပ်ပြင်းပြင်း ရှူပြီး ပြောလိုက်သည်။ ရှန်ကွမ်ယင်ကဲ့သို့ လိင်ဆွဲဆောင်မှု အားကောင်းသော အမျိုးသမီး တစ်ယောက်က ဒူးထောက်ပြီး ပြောနေသဖြင့် စိတ်ထိန်းရန် ခက်လှသည်။

သို့သော် ချင်ယန် စိတ်ထဲတွင် ပြန်လည် မမွေးဖွားခင်က သူ့ဇနီးသာ ရှိနေသဖြင့် ရှန်ကွမ်ယင်နှင့် ပက်သက်ချင်စိတ် မရှိပေ။

"ဟုတ်ကဲ့.. သူဌေး...."

ရှန်ကွမ်ယင်က မတ်တပ် ပြန်ရပ်လိုက်သည်။ သူမ မျက်နှာက ခရမ်းချဉ်သီး တစ်လုံးကဲ့သို့ နီရဲနေသည်။ သူမက သွေးမြေကျ ကွင်းထဲတွင် သတ်ဖြတ် သတ်ပုတ်ခဲ့သော အတွေ့အကြုံ ရှိသော်လည်း ယောကျ်ား၊ မိန်းမကြားက အတွေ့အကြုံ လုံးဝ မရှိပေ။

“ဒီနေတော့ ကျင့်စဉ် အသစ်နဲ့ ရင်းနီးအောင် လုပ်ထား... မနက်ဖြန်ကျမှ ကျင့်စဉ် အသစ်ကို လက်တွေ့ လေ့ကျင့်နိုင်အောင် ကူညီပေးမယ်။ အတင်းအကြပ်ကြီး အပြောင်းအလဲ မလုပ်လိုက်နဲ့။

မဟုတ်ရင် မင်းရဲ့ ခွန်အားတွေ အများကြီး ကျဆင်းသွားလိမ့်မယ်....”

ချင်ယန်က ပြောလိုက်သည်။

“ဟုတ်ကဲ့ပါ... သူဌေး...”

ရှန်ကွမ်ယင် ပြန်ထွက် သွားပြီးနောက် ချင်ယန်က နာရီ အနည်းငယ် အချိန်ယူပြီး ကျားဘုရင်နှင့် အခြားလူများ၏ ပြဿနာများကို ဖြေရှင်းပေးခဲ့သည်။ ကျားဘုရင်နှင့် အခြားလူများ၏ အတွင်းဒဏ်ရာ ပြဿနာက ပိုမို

ပြင်းထန်သော်လည်း ချင်ယန်အတွက်မူ ပြဿနာ လုံးဝ မရှိခဲ့ပေ။

လွန်ခဲ့သော သုံးရက် အတွင်းတွင် ကျားဘုရင်နှင့် အခြားလူများက ကျင့်စဉ် အသစ်များကို အောင်မြင်စွာ ပြောင်းလဲ လေ့ကျင့် နိုင်ခဲ့ကြသည်။

ရှန်ကွမ်ယင်၏ ကျင့်ကြံခြင်း အဆင့်က မူလ အစစ်အမှန်နယ်ပယ် အဆင့် (၆) မှ အဆင့် (၇) အထိ မြင့်တက်ခဲ့သလို စာသင်သား ကျွမ်စစ်က ချီဖွဲ့စည်းခြင်း အဆင့် (၉) မှ မူလ အစစ်အမှန် နယ်ပယ်သို့ ရောက်ရှိ လာခဲ့သည်။

"သူဌေး၊ ရှို့သူဌေး ရောက်လာပါတယ်…."

နန်ရွှမ်က ပြောလိုက်သည်။

ချင်ယန်က ပြုံးလိုက်ပြီး နှုတ်ဆက်ရန် ထွက်သွားသည်။

"သခင်လေးချင်၊ ကြိုတင် အကြောင်းမကြားဘဲ လာခဲ့လို့ စိတ် အနှောက်အယှက် မဖြစ်ဖို့ မျှော်လင့်ပါတယ်…."

ရှို့ခန်းက လက်နှစ်ဖက်ကို ခွက်ပုံစံ ဆုပ်ကိုင်ရင်း ပြောလိုက်သည်။ သူ့ မျက်လုံးထဲတွင် စိုးရိမ်ပူပန်နေမှုကို တစ်စွန်းတစ မြင် နေရသည်။

"သွေးမြေကျကွင်းက သတင်း ကောင်းကောင်း စုံစမ်း နိုင်တာပဲ။ အနေးနဲ့ အမြန် ငါ့ အထောက်အထားကို သိလာမှာပါ..."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ရှို့ခန်းက ပြုံးလိုက်ပြီး.....

“ဒါကလည်း ဆရာကြီးချင်ရဲ့ ဂုဏ်သတင်းက အလွန် ကြီးကျယ်နေလို့ပါ။ ဒီနေ့ ဆရာကြီးချင်ဆီ လာလည်တာက ငါ့ကို ကုသဖို့အတွက် သတင်းတစ်ခုနဲ့ လဲလှယ်ချင်လို့ပါ။ ဒီသတင်းက ဆရာကြီးချင်အတွက် တော်တော်လေး အရေးကြီးပါတယ်…”

ချင်ယန်က အပြုံးမပျက်ဘဲ…..

“ရှို့သူဌေးက သတင်းတစ်ခုနဲ့ ကုသခိုင်းချင်တယ် ဆိုတော့ နည်းနည်းလေး မမျှတ သလိုပဲ….”

"ကောင်းပြီလေ... မင်း ရောဂါအကြောင်း ပြောပြမယ်။ မင်းက သတင်းပြောပေါ့။ ဒီရောဂါ ပြဿနာ အကြောင်း သိပြီးရင် ဆေးကုဖို့ တခြားလူကို ရှာလို့ ရတယ်။ ဒီလိုမှ မဟုတ်ရင်လည်း ငါ့ကို ရှာလို့ရတယ်။ မင်းဘာသာ မင်း ဆုံးဖြတ်ပါ...."

ရှို့ခန်းက ရယ်မောလိုက်ပြီး....

"ဆရာကြီးချင်၊ ငါ့ခေါင်းက မင်းအသက်နဲ့ သက်ဆိုင်နေတယ်..."

"ငါ ရောပဲ..."

ရှို့ခန်းသည် ထိုအကြောင်းကို စဉ်းစားပြီးနောက် ခဏအကြာ ပြုံးလိုက်ပြီး.....

"ဒါဆို ဆရာကြီးချင်ရဲ့ သဘောအတိုင်းပါပဲ။ ငါ့ သတင်းကို အရင် ပြောပြပါ့မယ်...."

"သဲ့ချိုင်းဘုရင် ရှုခွန်က ရွှေဦးချို သိဒ္ဓိမြို့ကို ရောက်လာပြီး ဆရာကြီးချင်က ဘယ်မှာလဲလို့ မေးနေပါတယ်။ သဲ့ချိုင်းဘုရင် ရှုခွန်က ဆေးကုသဖို့ ဆရာကြီးချင်ကို လာတွေ့တာ မဟုတ်ဘူးဆိုတာ သိထားသင့်တယ်..."

ချင်ယန် မျက်မှောင် ကြုတ်သွား၏။

သင်္ချိုင်းဘုရင် ရှုခွန်ကို သူ သိသည်။ ဒီလူက အစွမ်းထက်ပြီး လက် မလျှော့တတ်သော လူစားမျိုးပင်.....

## အခန်း(၁၂၄) - ရှုခွန်း ရောက်လာခြင်း...

"အခု ဆရာကြီးချင် ပြောရမယ့် အလှည့်ပဲ..."

ရှို့ခန်းက တစ်ချက်ပြုံးပြီး ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"ရှို့သူဌေး၊ မင်းက ပန်းလက်ဖက်ရည် လခရမ်းပန်းကို သောက်လေ့ သောက်ထ ရှိတယ် မဟုတ်လား...."

ရှို့ခန်းက အနည်းငယ် မျက်နှာပျက်သွားပြီး ခေါင်းညိတ်လိုက်၏ ။ သူက ထို လက်ဖက်ရည် အမျိုးအစားအား သောက်ရသည်ကို နှစ်သက်သည်။ သို့သော်လည်း သွေးမြေကျကွင်းတွင် တစ်ခါမှ မသောက်ဘဲ အိမ်ပြန်ရောက်သည့် အခါမှသာ သောက်လေ့ ရှိတတ်သည်။

ချင်ယန်က.....

“လခရမ်းပန်း လက်ဖက်ရည်က အသည်းအတွက် ကောင်းတယ် ဆိုပေမယ့် စန္ဒကူးအနံ့နဲ့

ပေါင်းလိုက်ရင်တော့ ခန္ဓာကိုယ်ထဲမှာ အဆိပ်တွေ ဖြည်းဖြည်းချင်း စုဝေး လာလိမ့်မယ်....”

“ဒီလို ရောဂါမျိုးက အချိန်တိုလေး အတွင်းမှာ လက္ခဏာ မပြပေမယ့် နှစ် အနည်းငယ်ကြာလို့ ရောဂါ လက္ခဏာ ပြလာရင် ကုသလို့ မရတော့ဘူး။ ခွန်အားတွေ လျှင်လျှင်မြန်မြန် ကျဆင်း လာလိမ့်မယ်.....”

ရှို့ခန်း၏ မျက်နှာ အမူအရာက သုန်မှုန် သွားသည်။

“ဆရာကြီးချင်မှာ သက်သေ ရှိလား....”

ရှို့ခန်းက မေးလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး လေသံနှင့်.....

“ညတိုင်း မအိပ်ခင် လက်ဖက်ရည် တစ်ခွက် သောက်လေ့ ရှိတယ် မဟုတ်လား..။ မသောက်လိုက်ရရင် သန်းခေါင်ယံ အချိန်မှာ အာခေါင်တွေ ခြောက်လာပြီး ဆေးလိပ် သောက်ချင်သလိုလို ဖြစ်လာတတ်တယ်....”

ရှို့ခန်းက မျက်လုံး မှေးလိုက်ပြီး....

"ဆရာကြီးချင်၊ ဒါက တိုက်ဆိုင်တာလား။ ဒါမှမဟုတ် တမင်သက်သက် လုပ်တာလား..."

ချင်ယန်က အပြုံးမပျက်ဘဲ....

"ရှို့သူဌေး၊ မင်း စိတ်ထဲမှာ အဖြေ ရှိပါတယ်။ ဘာဖြစ်လို့ ငါ့ကို မေးနေတာလဲ။ လခရမ်ပန်း လက်ဖက်ရည်က အနီးအနားက နိုင်ငံတွေမှာ မရဘူး။ တကယ်လို့ ရောင်းခဲ့ရင်တောင် အရေအတွက် အရမ်း ရှားတယ်။ ပါတဲ့ အမွှေးနံ့ကလည်း ရှားပါးတယ်။ ဒါပေမယ့် နှစ်ခုလုံးက တပြိုင်နက်တည်း ပေါ်လာရင်တော့........"

ရှို့ခန်းက အသက် ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး.....

"ဆရာကြီးချင်ရဲ့ လမ်းညွှန်မှုအတွက် ကျေးဇူး တင်ပါတယ်...."

"ဆရာကြီးချင်၊ မင်းကို ရှူခွန် ရှာမတွေ့နိုင်တဲ့ နေရာ ပို့ပေးပါ့မယ်။ ငါ့ကို ပြန်ကူညီပြီး အဆိပ်ဖြေပေး၊ ဒီလိုဆိုရင် ဘယ်လိုလဲ...."

ချင်ယန်က ခေါင်းခါလိုက်ပြီး.....

"မလိုဘူး...."

"ရှုခွန်က လက်မလျှော့တတ်တဲ့ လူစားမျိုး၊ သူ ရှာမတွေ့အောင် ငါ ပုန်းရင်တောင် သူက ငါနဲ့ လူတချို့ကို ဖမ်းပြီး ခြိမ်းခြောက်တာမျိုး သေချာပေါက် လုပ်လိမ့်မယ်....."

"ရှို့ သူဌေး၊ မင်းကို ကူညီပြီး အဆိပ်ဖြေပေးမယ်။ ဒါပေမယ့် ငါ့ကို ကူညီပြီး ရှုခွန်ကိုသာ တစ်လလောက် အချိန်ဆွဲပေး...။"

ရှို့ခန်းက တော်တော်လေး မျက်မှောင်ကြုတ် နေ၏။

ချင်ယန်က.....

"ရှို့သူငွေး၊ မင်းက ယွမ်ဟူနယ်ပယ် တန်ခိုးရှင် တစ်ယောက်ပါ။ မင်းနောက်မှာ သွေးဘုရင် ရှိနေတယ်။ ရှူခွန်က ဒီဘက်မှာ လှုပ်ရှားမယ်ဆိုတော့ မင်းကို မျက်နှာသာ ပေးသင့်တယ်...."

ရှို့ခန်းက ခေါင်းခါလိုက်ပြီး....

"ဆရာကြီးချင်၊ မင်းက ရှူခွန် အကြောင်းကို ကောင်းကောင်း မသိဘူး ထင်တယ်။ ဒီကောင်က လူတစ်ယောက်ကို သတ်ဖို့ တစ်လထက် ပိုပြီး အချိန်မပေးဖူးဘူး။ ရက်ပိုင်းလောက် အချိန် ဆွဲပေးနိုင်မှာပဲ ကြောက်မိတယ်။ မင်းအတွက် ရက်

(၂၀) လောက် အချိန်ရအောင် ကူညီပေးမယ်။ ဒီရက် (၂၀) အတွင်း ရှုခွန်က မတိုက်ခိုက်စေရဘူး....”

ချင်ယန်က ခတ္တမျှ စဉ်းစားပြီးနောက် ခေါင်းညိတ်လိုက်သည်။

“ရတယ်လေ.. ဒါဆိုလည်း ရက် (၂၀) ပဲပေါ့....”

“ရှို့သူဌေး၊ မင်း အဆိပ်အတွက် စိတ်မပူနဲ့။ ဒါပေမယ့် အဆိပ်ဖြေဆေး ပြင်ဆင်ဖို့အတွက် လဝက်လောက် အချိန်လိုတယ်။ လဝက်ကျော်သွားရင် အဆိပ် ဖြေပေးမယ်.....”

ရှို့ခန်းက ခေါင်းလိုက်ပြီး....

“အဆင် ပြေပါတယ်...”

မကြာခင် ရှို့ခန်း ပြန်ထွက်သွားသည်။

........

“ပြုံးနေသော ဗုဒ္ဓ၊ ဘာကိစ္စနဲ့ ငါ့ကို ဆက်သွယ်လိုက်တာလဲ....”

ရှခွန်က အေးစက်သော လေသံနှင့် ပြောလိုက်သည်။

ရှို့ခန်းက ပြုံးလိုက်ပြီး....

"ရှုခွန်... အခုလက်ရှိ ချင်ယန်တို့က ဘယ်မှာ ရှိနေတယ် ဆိုတာ ငါ သိတယ်။ သူတို့ရဲ့ တည်နေရာကို ပြောပြနိုင်တယ်။ ဒါပေမယ့် တောင်းဆိုမှု တစ်ခု ရှိတယ်...."

"ပြော....."

ရှို့ခန်းက.....

"ငါ့ဆီမှာ ချင်ယန်ကို အကူအညီ တောင်းစရာ ကိစ္စ ရှိနေသေးတယ်။ ဒီကိစ္စအတွက် ချင်ယန်က ပြင်ဆင်ချိန် လဝက်လောက် လိုတယ်။ ဒါကြောင့် ဒီရက် (၂၀) အတွင်းမှာ ချင်ယန်ကို ပြဿနာ

မရှာပါနဲ့။ ဒါပေမယ့် ရက် (၂၀) ကျော်သွားရင် မင်း စိတ်ကြိုက် သတ်လို့ရတယ်...."

ရှခွန်က မျက်လုံးမှေးလိုက်ပြီး....

"ပြုံးနေတဲ့ ဗုဒ္ဓ၊ ငါက မင်းရဲ့ တောင်းဆိုမှုကို ဘာဖြစ်လို့ သဘောတူရမှာလဲ။ ချင်ယန်က ဒီနေရာမှာ ရှိ နေရင် သေချာပေါက် ရှာတွေ့မှာပဲ"

ရှို့ခန်းက ပေါ့ပေါ့ပါးပါး အမူအရာနှင့်...

"ရှခွန်.... ငါက ဒေသခံ အာဏာရှင်ဆိုတာ မမေ့နဲ့။ မင်းလည်း ငါနဲ့ ရန်သူ ဖြစ်ချင်မှာ

မဟုတ်ဘူး။ အေး မင်းဘက်ကသာ ဆက်ခေါင်းမာ နေမယ်ဆိုရင် ချင်ယန်တို့ကို ဝှက်ထားလိုက်မယ်။ ရက် (၂၀) အတွင်း မင်းရှာတွေ့နိုင်မယ်လို့ ယုံကြည်နေတာလား...”

ရှူခွန် မျက်မှောင် ကြုတ်သွား၏။ ရှို့ခန်းက ဒေသခံ အာဏာရှင် တစ်ယောက်ဖြစ်သည် ။ ထို့အပြင် အလွန် အစွမ်းထက်သော ဒေသခံ အာဏာရှင် တစ်ယောက်ပင်.....

အကယ်၍ သူကသာ ချင်ယန်တို့အဖွဲ့ကို ဝှက်ထားလိုက်မည် ဆိုပါက ချင်ယန်တို့ အဖွဲ့ကို အမှန်တကယ် ရှာတွေ့နိုင်မည် မဟုတ်ပေ။

ထို့အပြင် ချင်ယန်တို့ကို သွေးဘုရင် အိမ်တော်တွင် နေထိုင်ခွင့် ပေးလိုက်မည် ဆိုပါက သူက သိလျှင်ပင် သွားသတ်ရဲမည် မဟုတ်ချေ။

ရှူခွန်သည် ကောင်းကင်ဘုံ ဘုရင် လေးပါးထဲတွင် ကျန်သည့် ဘုရင်သုံးပါးကို မကြောက်သော်လည်း သွေးပင်လယ်က အသူရာကိုပင် သတ်ဖြတ်ခဲ့သည့် သွေးဘုရင်ကို ကြောက်လန့်နေမိသည်။

"ငါ စောင့်ပေးမယ်..."

ရှုခွန်က ခတ္တမျှ စဉ်းစားပြီးနောက် ခေါင်းညိတ်လိုက်သည်။

ရှို့ခန်းက တစ်ချက် ပြုံးလိုက်ပြီး....

"ပညာရှိတဲ့ ရွေးချယ်မှုပဲ...."

"မင်း စည်းကမ်းကို ငါ သိတယ်။ ဒါကြောင့် ရက် (၂၀) လောက်ပဲ အချိန်ယူမှာပါ။ ရက်နှစ်ဆယ် ကျော်သွားရင်တောင် မင်းစစ်ဆင်ရေး အောင်မြင်ဖို့ အချိန်ရှိ ပါသေးတယ်။ ဒီကြားထဲ လုံး၀

မလှုပ်ရှားပါနဲ့။ မဟုတ်ရင် မင်းကို ရွှေဦးချို သိဒ္ဓိမြို့က မကြိုဆိုဘူး....”

“ရွှေဦးချို့ သိဒ္ဓိမြို့မှာ ရှိတဲ့ လောင်းကစား ရုံတွေက မင်းကို မကြိုဆိုရင် မင်းဘဝမှာ ပျော်စရာတွေ အများကြီး နည်းသွားလိမ့်မယ်....”

ရှခွန်က အေးစက်သော လေသံနှင့်......

“ပြုံးနေတဲ့ ဗုဒ္ဓ၊ မင်းကို ပြောထားတဲ့ အတိုင်း လိုက်နာပေးမယ်။ မင်းကလည်း ဒီ သဘောတူညီချက် အတိုင်း လိုက်နာဖို့

မျှော်လင့်တယ်။ ဒီလိုမှ မဟုတ်ရင် ငါ့ခါးက ခေါင်းမရွေးဘူး....”

ရှို့ခန်က ပြုံးလိုက်ပြီး.....

“အစ်ကိုရှ၊ စိတ်မပူပါနဲ့။ ငါတို့လို လူတွေက ယုံကြည် စိတ်ချလို့ ရပါတယ်။ တကယ်လို့ ယုံကြည် စိတ်ချလို့သာ မရခဲ့ရင် ဘယ်သူက ငါတို့နဲ့ စီးပွားရေး လုပ်ချင်မှာလဲ....”

“ကောင်းပြီ...”

"ချင်ယန်တို့က ဘယ်မှာလဲ.. သူတို့ကို အနားကနေ စောင့်ကြည့်နေမယ်။ ဒီနေ့ကစပြီး ရက်နှစ်ဆယ်ပြည့်ရင် အဲ့ဒီနေ့က သူတို့ သေမယ့်နေ့ပဲ....."

ရှခွန်က သွေးအေး ရက်စက်စွာ ပြောလိုက်သည်။

ရှို့ခန်းက တည်နေရာ ထုတ်ပြောလိုက်သည်။

မကြာခင် ရှခွန် ပြန် ထွက်သွားသည်။

ရှခွန်က ယုံကြည်မှုကို အလွဲသုံးစား မလုပ်ဘူးဟု ရှို့ခန်း ယုံကြည်သည်။ သူက အလွန်

မောက်မာသော စရိုက်မျိုး ရှိသည်။ ချင်ယန်တို့ ထွက်ပြေးသွားမည်ကို မကြောက်ပေ။ အချိန်တန်ပါလျှင် ချင်ယန်တို့ ဦးခေါင်းက သူ့ခါးအတွက် သေချာနေပြီ မဟုတ်ပါလား......

ထို့အပြင် ရွှေဦးချို သိဒ္ဓိမြို့ရှိ လောင်းကစားရုံများနှင့် ပန်းအိမ်တော်များက ရှုခွန်အတွက် ဆွဲဆောင်မှု အလွန် ရှိနေသည်။

ရှုခွန်က သူ ရှာသမျှ ငွေအများစုကို ဒီနေရာတွင် သုံးဖြုန်းခဲ့ခြင်း ဖြစ်သည်။

......

"လခရမ်းပန်း..... စန္ဒကူးနံ့....."

ရှို့ခန်းက စိတ်ထဲမှ ရေရွတ်လိုက်ပြီး သူ့မျက်လုံးက အေးစက်နေသည်။ ထူးခြားသော ဒီအရာနှစ်ခုက သူ့ဘေးနားတွင် တပြိုင်နက်တည်း ပေါ်လာခဲ့သည်။ စန္ဒကူး အမွှေးနံ့က သူ့အချစ်တော်မိန်းကလေး အသုံးပြုခြင်း ဖြစ်သည်။ သူမ သွားလေရာ နေရာတိုင်းတွင် ဒီအမွှေးနံ့ ထွက်ပေါ်နေသည်။

လခရမ်းပန်း လက်ဖက်ရည်ကိုမူ ရှို့ခန်း၏ အားကိုးအရဆုံး လက်အောက်ငယ်သားက

ကန်တော့ထားခြင်း ဖြစ်ပြီး သူကလည်း ဒီလက်ဖက်ရည် အရသာကို နှစ်သက်နေသည်။

"ဆရာကြီးချင်သာ မပြောခဲ့ရင် အချိန်တန်လို့ သေသွားရင်တောင် ဘာဖြစ်လို့ သေသွားမှန်း သိလိုက်မှာတောင် မဟုတ်ဘူး..."

ရှို့ခန်း၏ စိတ်ထဲတွင် လူသတ်ချင်စိတ်များ မြင့်တက်လာသည်။

....

ရှခွန်က ချင်ယန်တို့ အဖွဲ့ နေထိုင်နေသည့် နေရာသို့ ရောက်ရှိရန် အချိန် သိပ်မယူလိုက်ရပေ။ မကြာခင် သူနှင့် မျက်နှာချင်းဆိုင် အိမ်တော်ကြီးထဲတွင် ချင်ယန်တို့ အဖွဲ့ကို တွေ့လိုက်ရသည်။

"ဟွန့်.... အိမ်ဌားထားတာလား...."

ရှခွန်၏ မျက်လုံးများက တလက်လက် တောက်ပနေသည်။ ပြီးခဲ့သော ရက်ပိုင်းအတွင်းက အရောင်းအဝယ် ဖြစ်ခဲ့သည့် အိမ်များကို စစ်ဆေးခဲ့သည်။ ထိုအိမ်ကိုမူ လုံးဝ ရှာမတွေ့ခဲ့ပေ။

ချင်ယန်တို့က အလွန် ချမ်းသာသဖြင့် အိမ်ဌားလိမ့်မည်ဟု မထင်ထားခဲ့ပေ။

"နောက်ထပ် ရက် နှစ်ဆယ်လောက် အသက်ရှင်ခွင့် ပေးထားအုံးမယ်။ ထမင်း ဝအောင်စားထား...."

ရှခွန်က တကယ် မလှုပ်ရှားခဲ့သလို ချင်ယန်တို့ အိမ်တော်ထဲသို့လည်း မဝင်ခဲ့ပေ။

"သတ်ဖြတ်ချင်စိတ်......"

အိမ်တော်ထဲတွင်....

ချင်ယန်က တိုးတိုးလေး ရေရွတ်လိုက်သည်။ သူက လူသတ်ချင်စိတ် ခပ်ရေးရေးလေးကို ခံစားလိုက်ရသည်။ ရှူခွန်က လူသတ်ချင်စိတ်ကို ကောင်းမွန်စွာ ထိန်းချုပ် ထားခဲ့သော်လည်း အကွာအဝေးက အလွန် နီးကပ်နေသည်။ ထို့ကြောင့် ချင်ယန်က သတိထား မိနေခဲ့ခြင်းပင်။

သို့သော် လူသတ်ချင်စိတ်က အလွန် အားနည်းသဖြင့် ချင်ယန်က ရှူခွန် တည်နေရာ တိတိကျကျကို မသိဘဲ တည်နေရာ အကြမ်းဖျင်းကိုသာ ခန့်မှန်း နိုင်ခဲ့သည်။

"ရှခွန်က တကယ်မြန်တာပဲ....."

"ရက်နှစ်ဆယ် ပြည့်တာနဲ့ သူ ကျိန်းသေပေါက် လှုပ်ရှားလိမ့်မယ်။ ဒီရက်နှစ်ဆယ် အတွင်းမှာ ပိုသန်မာလာမှ ဖြစ်မယ်။ ဒါမှ အချိန်တန်ရင် ရှခွန်ရဲ့ ပြဿနာကို ဖြေရှင်းနိုင်မှာ..."

ချင်ယန်၏ မျက်လုံးက တလက်လက် တောက်ပနေသည်။

ယခုလက်ရှိ အင်အားနှင့် ရှခွန်ကို ရင်ဆိုင် တိုက်ခိုက်မည် ဆိုပါက သူတို့ဘက်တွင် အသေအပျောက် များနိုင်သည်။

ထို့အပြင် ရှုခွန်က သာမန်ကျင့်ကြံသူ မဟုတ်ဘဲ လူသတ်သမား တစ်ယောက် ဖြစ်နေသေးသည်။

လူသတ်သမားများတွင် ကြောက်စရာကောင်းသော လူသတ်နည်း မျိုးစုံ ရှိကြသည်။

"ငါက မူလအစစ်အမှန် နယ်ပယ် ရောက်တဲ့ အချိန်မှာ တိုးတက်မှုကို လျှော့ချခဲ့လို့ စီနီယာအစ်မ နောက်မှာ တော်တော်လေး ပြတ်ကျန်ခဲ့ပြီ။ ဒီရက်နှစ်ဆယ် အတွင်းမှာ မူလအစစ်အမှန် နယ်ပယ် အဆင့် (၂) ကနေ အဆင့် (၅) အထိ မြှင့်တင်ရမယ်...."

"စီနီယာအစ်မက မူလအစစ်အမှန် အဆင့် (၇) အထိ တက်လှမ်းဖို့ ပြဿနာ မရှိတာတာ သေချာတယ်..."

"ကျွားဘုရင်က ယွမ်ဟူနယ်ပယ် ရောက်ဖို့ ပြဿနာ မရှိနိုင်ဘူး။ စာသင်သားကတော့ ယွမ်ဟူ နယ်ပယ် ရောက်နိုင်မလားဆိုတာ မေးခွန်း ထုတ်စရာပဲ..."

မူလ အစစ်မှန် နယ်ပယ် အဆင့် (၉) နှင့် ယွမ်ဟူ နယ်ပယ်ကြားတွင် အတော်လေး ကြီးမားသော အတားအဆီး တစ်ခု ရှိနေသေးသည်။

အကယ်၍ ကျားဘုရင်နှင့် စာသင်သားတို့ နှစ်ယောက်လုံးက ယွမ်ဟူ နယ်ပယ်သို့ ရောက်ရှိနေမည် ဆိုပါက ရှုခွန်နှင့် ရင်ဆိုင် တိုက်ခိုက်ရာတွင် ပူးပေါင်းရင်ဆိုင်ရန် ပြဿနာ မရှိနိုင်ပေ။ သူတို့ နှစ်ယောက်ကလည်း သွေးမြေကျ ဖိုက်တာများ ဖြစ်နေသည် မဟုတ်ပါလား.....

## အခန်း(၁၂၅) - အမြှောက်ကြိုက်သူ .....

မသိလိုက်ဘဲ လဝက် ကြာသွားခဲ့သည်။

ဒီလဝက် အတွင်းတွင် ချင်ယန်တို့အဖွဲ့က အိမ်မှ ခြေတစ်လှမ်းမှ မခွာဘဲ တံခါးပိတ် ကျင့်ကြံနေခဲ့ကြသည်။

"ဒီငါးရက် အတွင်း စာသင်သားက ယွမ်ဟူနယ်ပယ် အဆင့် မတက်နိုင်မှာ ကြောက်မိတယ်.."

ချင်ယန်က မျက်မှောင် ကြုတ်ပြီး ရေရွတ်နေသည်။

လွန်ခဲ့သော ငါးရက်အတွင်းတွင် ကျားဘုရင်ချမ်ဟိုင်က ယွမ်ဟူ နယ်ပယ် အဆင့် (၁ ) သို့ တက်လှမ်း သွားခဲ့သည်။ ချင်ယန်က အစွမ်းထက်သော ဆေးတစ်လုံး ပေးထားခဲ့သေးသည်။ ထို့ကြောင့် ရက်ပေါင်း နှစ်ဆယ်အတွင်း ယွမ်ဟူ နယ်ပယ် အဆင့် (၂) အထိ ရောက်နိုင်သည်ဟု ချင်ယန်က ခန့်မှန်းထားသည်။

သို့သော် စာသင်သားက တစ်ဆို့နေခဲ့သည်။

ချင်ယန်က သူ့အတွေ့အကြုံကို သင်ပေးလျှင်ပင် ယွမ်ဟူ နယ်ပယ်သို့ တက်လှမ်းနိုင်ရန် ကိုယ်ပိုင် နာလည်းမှု လိုအပ် နေသေးသည်။

ချင်ယန် ကိုယ်တိုင်က မူလအစစ်မှန်နယ် အဆင့် (၅) အထိ အောင်မြင်စွာ တက်လှမ်း နိုင်ခဲ့သည်။ သူ့အတွက်မူ အလွန်ရိုးရှင်းပြီး တစ်ဆို့မှု လုံး၀ မရှိခဲ့ပေ။ အကယ်၍ အခြေခံ အုတ်မြစ် ပြဿနာမျိုးသာ မရှိပါက ဒီရက်နှစ်ဆယ် အတွင်း၌ ယွမ်ဟူနယ်ပယ် အဆင့် (၂) ရောက်သည့်အထိ မြှင့်တင်ရန် ပြဿနာ မရှိပေ။

“ရှန်ကွမ်ယင်က မူလ အစစ်အမှန် နယ်ပယ် အဆင့် (၈) ရောက်နေပြီဆိုတော့ အချိန်တန်ရင် မူလ အစစ်အမှန်နယ်ပယ် အဆင့် (၉) ရောက်ဖို့ ပြဿနာ မရှိနိုင်ဘူး။ စာသင်သားထက် စောပြီး ယွမ်ဟူ နယ်ပယ် ရောက်သွားတာတောင် ဖြစ်ကောင်း ဖြစ်နိုင်တယ်။ မူလစစ်အမှန် နယ်ပယ် အဆင့် (၂) ပဲ ရှိသေးတဲ့ ကျွမ်းစစ်က ရှူခွန်အရေးမှာ အကူအညီ မရနိုင်ဘူး....”

ချင်ယန်က မျက်မှောင်ကြုတ်ရင်း စိတ်ထဲမှ ချိန်ဆနေသည်။

သူတို့၏ ခွန်းအားက ပိုမို အားကောင်းလာသော်လည်း ယခင် အင်အားနှင့်ဆိုလျှင် အချိန်တန်၍ ရှုခွန်နှင့် ရင်ဆိုင်ရမည်ဆိုပါက အနိုင်ရရန် ခက်ခဲ နေသေးသည်။

ယခုလက်ရှိတွင် ချင်ယန်နှင့် ရှောင်ကျူဝမ်တို့တွင် ယွမ်ဟူ နယ်ပယ် ခွန်အားမျိုး ရှိနေသလို ရှန်းယုလင်းနှင့် ရှောင်ကျူယင်တို့မှာလည်း ယွမ်ဟူ နယ်ပယ် ခွန်အားမျိုး ရှိနေသည်။

ကျားဘုရင်နှင့် ချင်ယန် သန့်စင်ထားသော အဆောင်များနှင့် ဆိုလျှင် ချင်ယန်တို့အဖွဲ့က အလွန် အင်အား ကောင်းနေခဲ့ပြီ။

သွေးဘုရင်နှင့် ရင်ဆိုင်ရလျှင်ပင် ချင်ယန်တို့ဘက်က အနိုင်ရရန် သေချာနေသော်လည်း ရှူခွန်နှင့် ရင်ဆိုင်ရမည် ဆိုပါက ရှူခွန်က ထွက်ပြေးနိုင်ရန် အခွင့်အလမ်းများနေသေးသည်ဟု ချင်ယန်က ခန့်မှန်းထားသည်။

အကယ်၍ ရှူခွန်သာ သူတို့၏အင်အားကို သိပြီး ထွက်ပြေး လွတ်မြောက်သွားမည် ဆိုပါက

ကြီးမားသော ဘေးဒုက္ခကြီးက သေချာပေါက် ရောက်လာလိမ့်မည်။

"သခင်လေး.. ဘာတွေ စိတ်ပူနေတာလဲ...."

ရှန်းယုလင်းက ချင်ယန်နောက်တွင် မတ်တပ်ရပ်နေပြီး ချင်ယန်ပခုံးကို နှိပ်ပေးရင်း မေးလိုက်သည်။

ချင်ယန်က ခေါင်းကိုက်နေပြီး....

"ငါတို့ရဲ့ အလုံးစုံ ခွန်အားက တော်တော်လေး အားကောင်း နေပေမယ့် ရှခွန်ကို သတ်ဖို့က

ယုံကြည်မှု အားနည်းနေတုန်းပဲ...။ ရှုခွန်က အစွမ်းထက်တဲ့ တန်ခိုးရှင် လက်ထဲက အကြိမ်ကြိမ် လွတ်မြောက်ခဲ့တဲ့ လူ။ ဒီအပိုင်းမှာ ဒီကောင်က အရမ်းတော်တယ်။ ယုလင်း၊ တကယ်လို့ သူ့ကို မသတ်နိုင်ဘဲ ထွက်ပြေး လွတ်မြောက်သွားမယ် ဆိုရင် မင်းရဲ့ ရှန်းမိသားစုကို ထိခိုက်သွားနိုင်တယ်....”

ကျန်းဂျင် မြို့ဘက်ခြမ်းတွင် ရှန်းယုလင်းက အပြင်ထွက်သည့် အခါတိုင်း မျက်နှာကို ပုဝါစ

ကာထားခဲ့သည်။ သို့သော် လူအချို့က သူမ၏ မျက်နှာကို မြင်ခဲ့ဖူးသည်။

ယခုလက်ရှိ အချိန်တွင် အချို့ အင်အားစုများက ရှန်းယုလင်း၏ အထောက်အထားကို သိနေကြပြီ ဖြစ်သည်။

ရှန်းမိသားစုက အတော်လေး ချမ်းသာသည်။ ချင်ယန်နှင့် ပြဿနာ ဖြစ်ခဲ့သော အင်အားစု တော်တော်များများက ချမ်းသာသော လူများကို ဘာမှ မလုပ်ကြပေ။ ဒါက ချမ်းသာသော

လူတန်းစားများနှင့် ပြဿနာ တက်သွားနိုင်သည်။ ထိုအခါ စီးပွားရေး လုပ်နိုင်အုံးမည်လော.....

ရှခွန်ကမူ ဒီအချက်များကို လုံးဝ ဂရုမစိုက်ပေ။

ရှခွန် လုပ်တတ်သည်မှာ လူသတ်သော စီပွားရေးသာ ဖြစ်ပြီး အင်ပါယာမိသားစုပင် သူ့ကို ဘာမှ မလုပ်နိုင်ချေ။

ရှန်းယုလင်း၏ လက်များက အနည်းငယ် တုန်ယင်သွားသည်။

ရှုခွန်က သူမမိသားစု တစ်ခုလုံးကို အမြစ်ဖြတ် သုတ်သင်နိုင်သည်။ အချိန်တန်၍ ရှန်းမိသားစု အဆုံးသတ် သွားပါက ရှန်းယုလင်းအတွက် စိတ်ပိုင်းဆိုင်ရာ ထိုးနှက်ချက်ကြီး တစ်ခု ဖြစ်လာနိုင်သည်။

"ယုလင်း..... စိတ်ချပါ။ ဒီကောင် ကျိန်းသေပေါက် ဒီကောင်ကို သတ်နိုင်မယ့် နည်းလမ်းရှာမယ်။ လက်စားချေမယ့် အခွင့်အရေး လုံးဝ မပေးဘူး...."

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

"သခင်လေး...၊ ဇာတ်ညွှန်းပြောင်း လိုက်မယ်... အဖေနဲ့ တခြားလူတွေကို ပုန်းခိုင်းလိုက်မယ်လေ..."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး.....

"ကောင်းပြီ.... ရန်သူ တစ်ထောင် တစ်သောင်းလည်း ငါမကြောက်ဘူး။ ဒီလိုဆိုရင် မင်းအဖေနဲ့ တခြားသူတွေကို ပြောလိုက်... ရှန်းမိသားစုက တစ်စုတစ်စည်းထဲ မထွက်သွားနဲ့...

လူခွဲပြီး ထွက်သွားကြ။။ ပြီးတော့ အပြင်မှာ ပုံရိပ်နိမ့်ချပြီး နေထိုင်ပါ...”

“ကောင်းပြီ...”

ချင်ယန်က အနည်းငယ် သက်ပြင်း ချလိုက်မိသည်။

သူက ရှန်းမိသားစုအတွက် ပို စိုးရိမ်မိသည်။

ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်တွင် ရှောင်မိသားစုဝင်များ ရှိသော်လည်း ထိုစဉ်အချိန်က ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက်ကို

ရှောင်မိသားစုဝင်များက မည်ကဲ့သို့ ဆက်ဆံခဲ့လည်း ဆိုသည်ကို ချင်ယန် ကောင်းကောင်း မှတ်မိနေသေးသည်။ ထို့ကြောင့် ရှောင်မိသားစုများ သေသေ၊ ရှင်ရှင် ချင်ယန်က ဂရုမစိုက်ပေ။

ချူရန်နှင့် ချူယွီတို့တွင် မိသားစုဝင်များ မရှိကြတော့ပေ။

........

"ရှို့သူဌေး၊ မင်း ခန္ဓာကိုယ်ပေါ်မှာ ရေးဆွဲထားတဲ့ စည်းတံဆိပ်တွေက မင်းပြဿနာကို ဖြေရှင်း

ပေးနိုင်တယ်။ ဒါပေမယ့် သုံးရက်ပြည့်ရင် ပြန်လာခဲ့ နောက်တစ်ကြိမ် ထပ် စစ်ဆေးပေးမယ်”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ရှို့ခန်းက ချင်ယန်နှင့် ချိန်းဆိုထားသော လဝက်ပြည့်သည့် အချိန်တွင် အပြေးအလွှား ရောက်လာခဲ့သည်။ ချင်ယန်က တစ်နာရီကျော်ကြာအောင် အချိန်ယူပြီး စည်းတံဆိပ်များ ရေးဆွဲပေးခဲ့သည်။

“ကျေးဇူး အများကြီး တင်ပါတယ်။ ဆရာကြီးချင်…”

ရှို့ခန်းက အဝတ်အစားများ ပြန်ဝတ်ရန် လက်လှမ်းရင်း ပြောလိုက်သည်။

"ဆရာကြီးချင်၊ တကယ်လို့ ကောင်းကင်ဘုံ ဘုရင် လေးပါးထဲက တစ်ယောက်ယောက်က ပြောလိုက်မယ်ဆိုရင် ရှခွန်က အမဲလိုက်မယ့် ကိစ္စကို လက်လျှော့ သွားနိုင်တယ်။ အခုလည်း ဒီလို အခွင့်အရေးမျိုး ရှိနေသေးတယ်။ ဆရာကြီး ချင် စမ်းကြည့်ချင်မလား ဆိုတာ သိချင်ပါတယ်...."

ချင်ယန်က စိတ်ဝင်စားသွားသော အမူအရာနှင့်......

"ရှို့သူဌေး.. ဘယ်လို အခွင့်အရေးလဲ ....."

ရှို့ခန်းက......

" ကောင်းကင်ဘုံ ဘုရင်လေးပါးက သောင်းပြောင်း ထွေလာပွဲတွေ မကြာခဏ လုပ်တတ်တယ်။ အဲ့ပွဲမှာ ငါတို့က သတင်းအချက်အလက် တချို့ အပြန်အလှန် ဖလှယ်ကြတယ်။ အာဏာ ချိန်ခွင်လျှာနဲ့ ပဋိပက္ခတွေကို ညှိနှိုင်း ဆောင်ရွက်ကြတယ်။ ဒီလို သောင်းပြောင်း ထွေလာပွဲက အရမ်း အရေးပါတယ်။ အခြေခံအားဖြင့် ဒီပွဲကိုတက်တဲ့ လူတိုင်းက ရွှေဦးချို သိဒ္ဓိမြို့မှာ

အရေးပါ၊ အရာရောက်တဲ့ လူတွေချည်းပဲ။ ကျန်တာ မထူးခြားရင်တောင် ကောင်းကင်ဘုံ ဘုရင် လေးပါးလုံး တက်ရောက်ကြတယ်....”

“မင်း တက်ဖို့အတွက် ဖိတ်စာ တစ်စောင် ပေးနိုင်တယ်။ ဒါပေမယ့် ကောင်းကင်ဘုံ လေးပါးရဲ့ အကူအညီ ရ၊ မရကတော့ မင်းအပေါ်မှာပဲ မူတည်တယ်....”

ကောင်းကင်ဘုံ ဘုရင်လေးပါး၏ အာဏာနှင့် ဆိုလျှင် အတိုင်းအတာ တစ်ခုအထိ အထောက်အပံ့ ရနိုင်သည်ဟု ချင်ယန်ကလည်း ယူဆထားသည်။

အချိန်တန်၍ ရှုခွန်က သတ်ဖြတ်ရမည် ဆိုလျှင်လည်း ယုံကြည်မှု ပိုရှိလာလိမ့်မည်။

အကယ်၍ အခြေအနေ ပိုကောင်းမည် ဆိုပါက ရှုခွန်က တစ်ခါတည်း လက်လျှော့ပြီး အမဲလိုက်တာကို စွန့်လွှတ် လိုက်တာမျိုးပင် ဖြစ်ကောင်း ဖြစ်သွားနိုင်သေးသည်။

"ဒီလို ကူညီတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်"

ချင်ယန်က လက်နှစ်ဖက် ဆုပ်ကိုင်ပြီး ပြောလိုက်သည်။

"ဆရာကြီးချင်က အားနာနေပြန်ပြီ....."

ရှို့ခန်းက ပြုံးပြီး ပြောလိုက်သည်။ ယခင်က ချင်ယန်နှင့် သဘောတူညီမှု လုပ်ခဲ့သော်လည်း သူ့စိတ်ထဲတွင် အတော်လေး ကျေးဇူးတင်နေမိသည်။

ထို့အပြင် ချင်ယန်က ဒီအရွယ်ကတည်းက ကိုင်တွယ်ရန် အလွန် ခက်ခဲနေခဲ့ပြီ။ ထို့ကြောင့် ဆက်ဆံရေး ကောင်းအောင် တည်ဆောက်ထားမည် ဆိုပါက အကယ်၍ ချင်ယန် မသေခဲ့လျှင်

အနာဂါတ်တွင် ပိုမို ကောင်းမွန်သော အကျိုးအမြတ်များ ရရှိလိမ့်မည်။

"ဆရာကြီးချင်၊ ဒါက ဖိတ်စာပါ။ အချိန်နဲ့နေရာ ရေထားတယ်...."

ရှို့ခန်းက သိုလှောင် လက်စွပ်ထဲမှ ဖိတ်စာ တစ်စောင် ထုတ်ပေးလိုက်ရင်း...

"ဆရာကြီးချင်၊ ဒီဖိတ်စာက အမျိုးသမီး အဖော်ပဲဖြစ်ဖြစ်၊ ကိုယ်ရံတော်ပဲ ဖြစ်ဖြစ် အပြင်လူ တစ်ယောက် ခေါ်လာနိုင်တယ်..."

ချင်ယန်က ခေါင်းညိတ်လိုက်သည်။

........

မကြာခင် နှစ်ရက်မြောက် နေ့ကို ရောက်လာသည်။

ချင်ယန်က ကျားဘုရင်နှင့် အတူ ထွက်လာခဲ့သည်။ ယခုအခါ ကျားဘုရင်က ယွမ်ဟူ နယ်ပယ်ကို ရောက်နေခဲ့ပြီ။ သူ၏ ခွန်အားက ရှောင်ကျူဝမ်ထက် အားနည်းသော်လည်း တိုက်ခိုက်ရေး အစွမ်းအစက ပို သန်မာသည်။

မိနစ် (၂၀) ခန့် ကြာပြီးနောက် ချင်ယန်တို့ စီးလာသော ရထားလုံးက တည်နေရာ တစ်ခုသို့ ရောက်ရှိလာသည်။

ထိုနေရာတွင် တန်ဖိုးကြီး ရထားလုံးများနှင့် ကြယ် (၃) ပွင့် သားရဲများ ဆွဲသော ရထားလုံးများ ရပ်ထားကြသည်။

ချင်ယန်ကဲ့သို့ သာမန် ရထားလုံးနှင့် လာသည့် လူများက မရှိသလောက်ပင်.....

"ဟော့.. ဒါက ကျားဘုရင် မဟုတ်လား..."

"ကျားဘုရင်၊ မင်းကို တစ်ယောက်ယောက်က ဝယ်သွားတယ်လို့ ကြားတယ်။ နောက်ပိုင်း သွေးမြေကျ ကွင်းထဲမှာ မတိုက်ခိုက်တော့ဘူးလား..."

ချင်ယန်တို့ နှစ်ယောက်က ရထားလုံးပေါ်မှ ဆင်းလာသည်နှင့် လူအများ၏ အာရုံကို ဆွဲဆောင်သွားသည်။

ကျားဘုရင်က အရပ်မြင့်သဖြင့် တိုက်ပွဲထဲတွင် ထင်ရှားလွန်းလှသည်။

ကျားဘုရင်က .....

“သူ့ငွေးက မခိုင်းရင် သွေးမြေကျကွင်းထဲမှာ ထပ်ပြီး ပါဝင်မှာ မဟုတ်ဘူး”

“ကျားဘုရင် မင်းက ဒီအတိုင်း အနားယူတော့မှာလား... ငါက မင်းနဲ့ ပိုက်ဆံ အများကြီး ရှာဖို့ စောင့်နေတာ...။ ဒီ ညီလေးက ကျားဘုရင်ကို ဝယ်ခဲ့တယ်ဆိုတော့ သူ့မှာ ခွန်အားတချို့ ရှိလောက်တယ်။ ကျားဘုရင်ကို ဆက်ပြီး တိုက်ခိုက် ခိုင်းလိုက်ပါလား.. ဘယ်လိုလဲ...”

လူများက စုဝေး လာကြသည်။ သူတို့ အဝတ်အစားကို ကြည့်ရုံဖြင့် သာမန်လူများ မဟုတ်ကြောင်း သိသာ ထင်ရှား လွန်းလှသည်။

ကောင်းကင်ဘုံ ဘုရင်လေးပါး၏ သောင်းပြောင်းထွေလာ ပွဲက သာမန်လူများ တက်နိုင်သည့် ပွဲမျိုး မဟုတ်ပေ။

ချင်ယန်က ခေါင်းခါလိုက်ပြီး……

"တောင်းပန်ပါတယ်။ စိတ်မဝင်စားဘူး။ သွေးမြေကျ ကွင်းထဲမှာ အစွမ်းပြနေတဲ့ တန်ခိုးရှင်တွေ အများကြီး ရှိပါတယ်။ မင်းတို့

အားပေးချင်တဲ့ တန်ခိုးရှင် တစ်ယောက်ယောက်ကို ရွေးချယ်လို့ ရပါတယ်...”

ထိုလူ၏ မျက်နှာက အေးစက်သွားပြီး......

“ကောင်လေး၊ မင်းက ငါ့ကို မျက်နှာသာ မပေးဘူး ဟုတ်လား...”

“ငါက မင်းကို ညီလေးလို့ ခေါ်လိုက်တာနဲ့ မင်းကိုယ်မင်း အကောင်ဖြစ်ပြီ ထင်နေတာလား..။ ကျားဘုရင်ကို ဝယ်လိုက်တာနဲ့ ရပြီ မထင်လိုက်တဲ့။ ဒီနေရာက နတ်ဆိုးတွေရဲ့ ရွှေဦးချို သိဒ္ဓိမြို့။ ဒီမြို့ထဲမှာ မင်းက လူငယ်လေး တစ်ယောက်ပဲ....”

"ဝေးလွန်းတဲ့ ကောင်ကို နားလည်အောင် ပြောပြလိုက်စမ်းပါ......"

ထိုလူက နှာခေါင်း တစ်ချက် ရှုံ့လိုက်ပြီး.....

"အခု မင်းကို ရွေးချယ်စရာ နှစ်ခုပေးမယ်။ ငါ့စကားကို လိမ်လိမ်မာမာနဲ့ နားထောင်ပြီး ကျားဘုရင်ကို ဆက်ပြိုင်ခိုင်းလိုက်။ ဒုတိယ တစ်ခုက သုံးရက်အတွင်း ရွှေဦးချို သိဒ္ဓိမြို့က ထွက်သွား.... တခြားနေရာမှာ မင်းမိသားစုက အာဏာလေး နည်းနည်းလောက် ရှိချင်ရှိမယ်။ အေး..... ဒီရွှေဦးချို

သိဒ္ဓိမြို့မှာတော့ ခေါင်းငုံ့ပြီး ခါးကုန်းထား ကြွားလား....”

ကျားဘုရင်က အားမနည်းပေ။ ချင်ယန်က ကျားဘုရင်ကို ဝယ်ယူထားသဖြင့် သူ့အင်အားက အားမနည်းနိုင်ပေ။

သို့သော် ရှေ့ဦးချို သိဒ္ဓိမြို့တွင် ချမ်းသာပြီး အာဏာရှိသည့်လူက အများကြီး ရှိနေသေးသည်။

ဒီဒေသရှိ ဒေသခံ အာဏာရှင် အများစုက ဥပဒေတွေ၊ ဘာတွေ နားလည်သည့် လူများ မဟုတ်ပေ။

"အစ်ကိုချင်းက အစွမ်းထက်တယ်...."

"ကောင်လေး၊ မင်း မိသားစုက တခြားနေရာမှာ အာဏာ နည်းနည်းလေး ရှိချင်ရှိမယ်။ ဒီ ရွှေဦးချို သိဒ္ဓိမြို့မှာတော့ နာခံလိုက်စမ်းပါ။ အစ်ကိုချင်းက မင်း ရန်စနိုင်တဲ့လူမျိုး မဟုတ်ဘူး...."

"အစ်ကိုချင်း စကားကို ဒီကောင် နားထောင်ကို နားထောင်မှရမယ်။ ကျားဘုရင်က တိုက်ပွဲ နည်းနည်းလောက် ထပ်ပြိုင်နိုင်ပြီး ငွေရှာနိုင်မယ်လို့ မျှော်လင့်တယ်....."

ပတ်ဝန်းကျင်တွင် လူများက စကားပြော နေကြသည်။ ထိုလူကို လူတိုင်းက သိကြသည်။ သူက ရွှေဦးချို သိဒ္ဓိမြို့တွင့် အတော်လေး အာဏာထွားသော ချင်းမိသားစုမှ ချင်းချွမ်ဟာန် ပင်။ ချင်းချွမ်ဟာန်၏ အဖေက ယွမ်ဟူနယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်သည်။ ထို့အပြင် ယွမ်ဟူနယ်ပယ် အဆင့် (၅) သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ချင်းမိသားစုကလည်း စီပွားရေး အများကြီး ပြုလုပ်သည်။

ပတ်ဝန်းကျင်မှ စကားများကို ကြားသောအခါ ချင်းချွမ်ဟာန်၏ မာနက ငယ်ထိပ်ပေါ် ရောက်လာသည်။

"ကောင်လေး.. ငါစက္ကန့်အတွင်း တစ်ခုခု ရွေးစမ်း...။ ဒီလိုမှ မဟုတ်ရင် မင်းကို ပါးဖြတ်ရိုက်ပြီး ငါ (....) စုပ်ခိုင်းလိုက်မယ်....."

"ကျားဘုရင်၊ မင်း လှုပ်ရှားရဲလား..။ တကယ်လို့ လှုပ်ရှားရဲရင် ရွှေဦးချို သိဒ္ဓိမြို့မှာ အရင်လတ်လတ် အရေခွံ ခွာပစ်မယ်....."

ချင်းချွမ်ဟန်က မောက်မာ၍ တင်စီးသော အမူအရာနှင့် ပြောလိုက်သည်။

## အခန်း(၁၂၆) - ဟွာဝမ်ရှီ

ချင်ယန်က အရေးမစိုက်သော အမူအရာနှင့်.....

“ကျားဘုရင်၊ ဒီကောင် လက်ထုတ်ရဲရင် လက်ကိုချိုး၊ ခြေထောက် လှုပ်ရဲရင် ခြေထောက်ကို ချိုး....”

“ဟုတ်ကဲ့။ သူဌေး....”

ကျားဘုရင်က လေးစားသော အမူအရာနှင့် ပြောလိုက်သည်။

အနီးအနားရှိ လူများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

ချင်းချွမ်ဟန်၏ မျက်နှာက ဒယ်အိုးဖင်ကဲ့သို့ မည်းမှောင်လာပြီး အေးစက်သော အကြည့်နှင့် …

"ကျားဘုရင်၊ ရွှေဦးချို သိဒ္ဓိမြို့ကို မင်းရောက်နေတာ ကြာနေပြီ။ ငါတို့ ချင်းမိသားစုရဲ့ ခွန်အားကို သိမှာပါ…."

"မင်း သေချင်လို့လား…."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်…..

"အရည်မရ၊ အဖက်မရတွေ ပြောမနေနဲ့။ မင်း လုပ်ချင်ရင် မြန်မြန်လုပ်၊ အေး.... မလုပ်ရဲရင် သောက်ပါးစပ် ပိတ်ထား...."

"မင်း......"

ချင်းချွမ်ဟန်၏ လူသတ်ချင်စိတ်က တဟုန်ထိုး မြင့်တက်လာခဲ့သည်။

"ကောင်လေး၊ မင်း သေပြီ..."

"ကျွားဘုရင်က မင်းကို ကာကွယ်ရင်တောင် ဒီနေ့ သေချာပေါက် သေလိမ့်မယ်...."

ချင်းချွမ်ဟန်က ပြုံးဖြဲဖြဲ အမူအရာနှင့် ပြောလိုက်သည်။

ကျန်သည့် လူများကလည်း ချင်ယန်ကို လူသေ တစ်ယောက်ကဲ့သို့ ဝိုင်းကြည့် နေကြသည်။

ချင်းချွမ်ဟန်က ချင်းမိသားစု၏ အနာဂါတ် မိသားစု ခေါင်းဆောင် ဖြစ်သည်။ သူက ဒီတစ်ကြိမ်တွင် ချင်းမိသားစုကိုယ်စား ချင်းမိသားစု ခေါင်းဆောင်လောင်း အနေနှင့် ပွဲကို တက်ရောက် လာခဲ့ခြင်းလည်း ဖြစ်သည်။

ချင်းချမ်ဟန်က ဤကဲ့သို့ ပြောလိုက်ပြီဖြစ်သည့်အတွက် ချင်းမိသားစုက ချင်းချမ်ဟန်၏ ဂုဏ်သိက္ခာကို တည်ထောင်ပေးရန် အစွမ်းကုန်ကြိုးစားသွားမှာ သေချာသည်။

“သခင်လေးချင်း၊ သောင်းပြောင်းထွေလာ ပွဲက အခုပဲ စတော့မယ်။ ဒီကျွန်ရဲ့ မျက်နှာကို ထောက်ပြီးတော့ သတ်ဖြတ်တာတို့၊ တိုက်ခိုက်တာတို့ မလုပ်ပါနဲ့နော်.... ရတယ် မဟုတ်လား....”

ထိုစဉ် ချိုသာလှသော အသံတစ်ခု ထွက်ပေါ်လာသည်။ လူများက တိတ်ဆိတ်သွားပြီး အသံထွက်ပေါ်လာရာ ဘက်ကို လှမ်းကြည့် လိုက်ကြသည်။ မလှမ်းမကမ်းတွင် အလွန် အင်မတန် လှပသော ပုံရိပ်လေးတစ်ခု လမ်းလျှောက် လာနေသည်။

ဒီအလှလေးက အလွန် ဆွဲဆောင်မှုပြီး ဟန်ပန် အမူအရာက ပွံ့ပိုးထားသဖြင့် အကြွင်းမဲ့ အလှတရားလေး ဖြစ်နေသည်။

သူမကို မြင်လိုက်သည်နှင့် ချင်ယန်၏ မျက်လုံးများက တောက်ပလာသည်။

ရှန်းယုလင်း၊ ရှောင်ကျူဝမ်၊ ရှောင်ကျူယင်နှင့် ချူယွီတို့ အားလုံးက အလွန် လှပကြသည်။ သို့သော် သူမတို့က ဖြူစင်သော အလှလေးများသာ ဖြစ်သည်။ မိန်းမဆန်မှု အပိုင်းတွင် ဒီအမျိုးသမီးက အတော်လေး အသားစီး ရနေသည်။

ဟန်ပန် အမူအရာ အပိုင်းတွင်လည်း ကွာခြားမှု အချို့ ရှိနေသေးသည်။

"ဟွာဝမ်ရှီ...."

ချင်ယန်၏ စိတ်ထဲတွင် ဒီအမျိုးသမီးနှင့် ပက်သက်သော အချက်အလက်များ ချက်ချင်း ထွက်ပေါ်လာသည်။

ဟွာဝမ်ရှိသည် ပန်းဘုရင်၏ နံပါတ် (၁) ပန်းဗိုလ်ချုပ် ဖြစ်ပြီး ယွမ်ဟူနယ်ပယ် ကျင့်ကြံခြင်း အဆင့်ရှိသည်။ ပင်ကိုယ် အရည်အချင်း အလွန် ကောင်းမွန်သလို အလွန်အင်မတန် ဆွဲဆောင်မှု ရှိသူလည်း ဖြစ်သည်။

ယခုအခါ ဟွာဝမ်ရှိက အသက် (၃၀) မပြည့်သေးဘဲ (၂၅) နှစ်ခန့်သာ ရှိပုံရသည်။

ယွမ်ဟူ နယ်ပယ် အဆင့် (၄) သို့ ရောက်နေပြီး ဆွဲဆောင်မှုကို အကောင်းဆုံး တန်ဆာဆင်ထားသည်။ သွေးတာအို ဘုရင်ကဲ့သို့ အစွမ်းထက်သော တန်ခိုးရှင် တစ်ယောက်လည်း ဖြစ်နေသေးသည်။

'အဲ့အချိန်တုန်းက.. ဟွာဝမ်ရိုက ဟွမ်ဟူနယ်ပယ် အဆင့် (၉) ကို ရောက်နေပြီး မျိုးဆက်သစ် ပန်းဘုရင်မ ဖြစ်နေပြီ။ ယွမ်ဟိုင် နယ်ပယ်နဲ့လည်း ခြေတစ်လှမ်းပဲ ကွာဝေးတော့တယ်'

ချင်ယန်က စိတ်ထဲမှ တိုးတိုးလေး ရေရွတ်လိုက်သည်။

"ရှုခွန်က တဏှာစိတ် ကြီးတယ်။ ဟွာဝမ်ရိုက ငါ့အတွက် လုပ်ဆောင် ပေးနိုင်တယ်....."

အကယ်၍ သူသာ ဟွာဝမ်ရိုကို လမ်းညွှန်ပေးလိုက်ပါက ဟွာဝမ်ရိုက ပိုပြီး သန်မာလာလိမ့်မည်ဟု ချင်ယန် ယူဆလိုက်သည်။ ထို့အပြင် ရှုခွန်၏ တဏှာစိတ်နှင့် ဆိုလျှင် ထိုအချိန်တွင် ရှုခွန်ကို သတ်ဖြတ်နိုင်ရန် ဖြစ်နိုင်ချေ များသွားလိမ့်မည်။

"အစ်မဟွာ..."

ချင်းချမ်ဟန်က လက်နှစ်ဖက်ကို လက်သီးဆုပ်ပုံစံ အုပ်ပြီး ပြောလိုက်သည်။

"အစ်မဟွာက ပြောနေမှတော့လည်း စကားကို နားထောင်လိုက်ပါ့မယ်။ ပွဲပြီးမှ ဒီကောင့် ကိစ္စကို ကိုင်တွယ်တော့မယ်...."

ဟွာဝမ်ရိုက ချစ်စရာ ကောင်းအောင် ပြုံးလိုက်ပြီး...

"ဒါဆို သခင်လေးချင်းကို ကျေးဇူး အများကြီး တင်ပါတယ်။ သခင်လေးချင်းက ဟွာဝမ် မျှော်စင်ကို ဘယ်တော့လာမှာလဲ.... သခင်လေးချင်းကို ကျွန်မ ကိုယ်တိုင် ပြုစုပါ့မယ်......"

"အစ်မဟွာက နောက်နေပြီ။ ဒီလို ကောင်းချီးမျိုးကို ဘယ်လို လက်ခံရဲမှာလဲ....."

ချင်းချွမ်ဟန်က မျက်နှာပျက်သွားပြီး ကမန်းကတန်း ပြန် ပြောလိုက်သည်။

'ဟွာဝမ်ရှိကို ကိုယ်တိုင် ပြုစုခိုင်းမယ်....'

ယခင်က ရှေဦးချိုး သိဒ္ဓိမြို့တွင် ဤကဲ့သို့ အတွေးမျိုး ရှိခဲ့ကြသည်။ ယခုလက်ရှိ အချိန်၌ ရှေဦးချို သိဒ္ဓိမြို့ရှိ လူများသည် စိတ်ထဲမှ တွေးနေသော်လည်း ပါးစပ်မှ ထုတ် မပြောရဲပေ။

လွန်ခဲ့သော သုံးနှစ်က အခြားနေရာမှ အစွမ်းထက်သော နဂါးတစ်ကောင် ရောက်လာခဲ့သည်။ ထိုလူက ဟွာဝမ်ရိုကို ပြုစုခိုင်းရန် အလိုရှိခဲ့ပြီး ဟွာဝမ်ရိုက ဆွဲဆောင်မှု ကျင့်စဉ်ကို အသုံးပြုခဲ့သည်။ ယွမ်ဟူ နယ်ပယ်ကို ရောက်ရှိနေသော ထိုတန်ခိုးရှင်သည် ဟွာဝမ်

မျှော်စင် တံခါးအဝတွင် အားပြတ်ပြီး လဲနေခဲ့သည်။ ထိုလူက နာရီဝက်အတွင်း အကြိမ်ပေါင်းများစွာ ပြီးဆုံးခဲ့သည်။ ပျှမ်းမျှအားဖြင့် တစ်မိနစ်လျှင် သုံးကြိမ်နှုန်း ပြီးဆုံးခဲ့သည်။

ယွမ်ဟူ နယ်ပယ် တန်ခိုးရှင်က ရုပ်ပိုင်းဆိုင်ရာ အားကောင်းသော်လည်း ထိုမျှ များပြားသော အကြိမ်နှုန်းကို တောင့်ခံရန် မဖြစ်နိုင်ဘဲ ပြိုကျလု နီးပါး ဖြစ်သွားခဲ့သည်။

ကောလဟာလများ အရ နောက်ပိုင်းတွင် ထိုလူသည် လှပသော မိန်းမများကို အကြောက်ကြီး ကြောက်သွားသည်ဟု ဆိုကြသည်။

ဟွာဝမ်ရိုသည် ထိုအဖြစ်အပျက် မတိုင်ခင်က အခက်အခဲများစွာ ရှိခဲ့သော်လည်း ကိုယ်ပိုင် ခွန်အားနှင့် သန်မာလာခဲ့သည်။ ထို့အပြင် သူမ နောက်ကွယ်တွင် ပန်းဘုရင် ဟွာတန် ရှိနေသဖြင့် ထိုတန်ခိုးရှင်က ဘာမှ ပြန် မလုပ်နိုင်ခဲ့ပေ။

"ဟွာဝမ်ရို... စကား ခဏလောက် ပြောရအောင်....."

ချင်ယန်က ရုတ်တရက် ထ ပြောလိုက်သည်။

ပတ်ဝန်းကျင်ရှိ လူများက ချင်ယန်ကို သရဲတစ်ကောင်ကဲ့သို့ ဝိုင်းကြည့် နေကြသည်။ ရှေ့ဦးချို့ သိဒ္ဓိမြို့တွင် ဟွာဝမ်ရို၏ နာမည်ကို တိုက်ရိုက် ခေါ်နိုင်သောလူက အများကြီး မရှိပေ။

"မောင်လေး၊ အစ်မကြီးရဲ့ ပြုစုမှုကို ခံချင်လို့လား..."

ဟွာဝမ်ရိုက ချင်ယန်ကို လှမ်းကြည့်လိုက်ပြီး ချစ်စရာကောင်းသော အပြုံး ချိုချိုလေးနှင့် ပြောလိုက်သည်။

ချင်ယန်က ပေါ့ပါ့ပါးပါး အမူအရာနှင့်.....

“မင်းနဲ့ အလုပ်ကိစ္စ ပြောချင်တယ်။ အဆင်ပြေလား....”

ဟွာဝမ်ရိုက ချင်ယန်ကို ကြည့်လိုက်သည်။ ချင်ယန်က ပုံမှန် ယောကျ်ားများနှင့် မတူဘဲ မျက်လုံးက ပုံမှန်သာ ဖြစ်နေသည်။ ယောကျ်ားများက သူမနှင့် စကား မပြောရဲလျှင်ပင် ရသမျှ ခိုးကြည့် တတ်ကြသည်။

“မောင်လေး၊ ငါနဲ့လိုက်ခဲ့....”

အိမ်တော်ထဲသို့ ဟွာဝမ်ရိုက ရှေ့မှ ဦးဆောင်ဝင်သွားပြီး ချင်ယန်က နောက်မှ လိုက်ပါသွားသည်။ ယခုအခါ အိမ်တော်ထဲတွင် လူတော်တော်များများ ရောက်နေကြသဖြင့် ခန်းမက လူစည်ကားပြီး လှုပ်ရှား အသက်ဝင်နေသည်။

ဟွာဝမ်ရိုက ချင်ယန်ကို တိတ်ဆိတ်သော အခန်းတစ်ခုထဲသို့ ခေါ်ဆောင်သွားသည်။

"မောင်လေး၊ အစ်မကြီးနဲ့ ဘာပြောချင်တာလဲ... ပြောလေ......"

ဟွာဝမ်ရိုက ထိုင်လိုက်ပြီးနောက် အပြုံးချိုချိုလေးနှင့် ပြောလိုက်သည်။

ချင်ယန်က ဝေ့ဗွိုက် မနေတော့ဘဲ......

"ဟွာဝမ်ရို မင်းကို သုံးလလောက် ဌားချင်တယ်။ ဒီသုံးလအတွင်းမှာ မင်းက ငါရဲ့ လက်အောက်ငယ်သား ဆိုပါတော့။ ပြီးတော့.... မင်းရဲ့ ခွန်အားကိုပဲ အသုံးပြုမှာ ကျန်တဲ့ အရောင်ကာလာတွေ မပါဘူး.."

ဟွာဝမ်ရို နောက်မှ လိုက်ပါလာသော အမျိုးသမီးက ထွေငေါ့သော အမူအရာနှင့်.....

"ကောင်လေး၊ မင်းကိုယ်မင်း ဘာကောင် ထင်နေတာလဲ.... အစ်မဟွာကို ဌားချင် နေသေးတယ်...."

ချင်ယန်ကို ကြည့်နေသော ဟွာဝမ်ရို၏ အမူအရာက အနည်းငယ် ဆိုးရွားလာသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"ငွေတုံး သန်းတစ်ရာ၊ နောက်ပြီးတော့ ဒီသုံးလအတွင်း မင်းရဲ့ ခွန်အားကလည်း ယွမ်ဟူ အဆင့် (၆) ရောက်စေရမယ်လို့ ကတိပေးတယ်။ တကယ်လို့ ယွမ်ဟူ အဆင့် (၅) ပဲဆိုရင် မင်းကို

သန်း (၁၀၀) ပြန်လျော်ပေးမယ်။ ယွမ်ဟူ အဆင့် (၄) ဆိုရင် သန်း (၂၀၀) လျော်ပေးမယ်....”

ဟွာ၀မ်ရှိနှင့် နောက်လိုက် အမျိုးသမီး၏ မျက်လုံးထဲတွင် တုန်လှုပ်သွားသော အရိပ်အယောင်များ ပေါ်လာသည်။

ချင်ယန်က ထည့်ပြောခဲ့သည် အကြောင်းအရာကို မဆိုထားနှင့် သုံးလကို ငွေတုံး သန်း (၁၀၀) နှင့် ဥာရမ်းခြင်းကပင် အလွန် ကြေးမြင့်နေပြီ မဟုတ်ပါလား .....

ဟွာ၀မ်ရို၏ ပင်ကိုယ် အရည်အချင်းက အလွန်ကောင်းမွန်သည် ဆိုသော်လည်း ဟွာ၀မ်ရိုကို သုံးလအတွင်း ယွမ်ဟူနယ်ပယ် အဆင့် (၄) မှ အဆင့် (၅) သို့ မြှင့်တင်ပေးရန် အလွန်ခက်ခဲလွန်းလှသည်။

"မောင်လေးက ပိုက်ဆံ အများကြီးပေးနိုင်လို့လား..."

ဟွာ၀မ်ရိုက ပြေးနမ်းချင်စရာ ကောင်းသော အပြုံးလေးနှင့်....

"အစ်မက ချမ်းသာတယ် ဆိုပေမယ့် ငွေ (၂) သန်း၊ (၃) သန်း ထုတ်ဖို့တောင် တော်တော်လေး ခက်ခဲတယ်......"

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"ငွေတုံး သန်း (၁၀၀) ကြို ပေးထားလိုက်မယ်။ မင်းရဲ့ ကျင့်ကြံခြင်း အဆင့်က ငါ ပြောထားသလို မဖြစ်လာခဲ့ရင် ကျန်တာ ဆက်ပြောလို့ ရတယ်။ တကယ်လို့ ငါ မပေးနိုင်ခဲ့ရင် ငါ့ကို သတ်လိုက်...."

ဟွာဝမ်ရိုက ပြုံးလိုက်ပြီး.....

"မောင်းလေး စကား နားထောင်တာနဲ့တင် အစ်မကြီး နားထဲမှာ ပျားရည် လောင်းထားသလို နားဝင် ချိုနေပါပြီ။ သုံးလကို ငွေတုံး သန်း (၁၀၀) ပေးရုံနဲ့တင် ဒီ အစ်မကြီးကလည်း ကူညီချင်နေပါပြီ။ တကယ်လို့ ယွမ်ဟူ အဆင့် (၆) ရောက်မယ်ဆိုရင်တော့ အတိုင်းထက် အလွန်ပေါ့။ ဒီလောက် ကောင်းတဲ့ ကမ်းလှမ်းမှုကိုမှ အစ်မကြီးက ငြင်းလိုက်ရင် ဝိုင်းလုချင်တဲ့လူက ဘယ်လောက်တောင် များနေမလဲ မသိဘူး..."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်...

"မင်းက ငါ့ကို ပိုက်ဆံ ပေါ်နေတဲ့ ငတုံးတစ်ယောက်လို ဆက်ဆံ နေတာလား...."

ချင်ယန်က သုံးလသာ ဌားခဲ့သော်လည်း သုံးလ ကြာသောအခါ ဟွာဝမ်ရိုက ထွက်သွားချင်မည် မဟုတ်ဘူးဟု ချင်ယန်က ယုံကြည်နေသည်။

မူလ အစစ်အမှန် နယ်ပယ် အဆင့် (၉) ကျားဘုရင်ကို ငွေတုံး သန်း(၄၀) နှင့် ဝယ်ယူခဲ့သည်။

ထို့ကြောင့် ယွမ်ဟူ နယ်ပယ် အဆင့် (၄) ဟွာဝမ်ရိုကို ငွေတုံး သန်း (၁၀၀)နှင့် ဌားရမ်းခြင်းက အလွန် တန်သည်ဟု ဆိုရမည်။

အကယ်၍ ချင်ယန်သာ ကျားဘုရင်နှင့် အခြားများသူကိုသာ မဝယ်ယူခဲ့ပါက ယုံကြည်စရာ မရှိဘူးဟု ဟွာဝမ်ရိုက ယူဆထားသည်။ ယခုအခါ ချင်ယန်ကို အတိုင်းအတာ တစ်ခုအထိ ယုံကြည်နိုင်သည်ဟု သတ်မှတ်လိုက်သည်။

"မောင်လေး.. မင်းနာမည် ဘယ်လိုခေါ်လဲ....."

ဟွာဝမ်ရိုက မေးလိုက်သည်။

"မျိုးရိုးနာမည် ချင်...."

ဟွာဝမ်ရိုက ပြုံးလိုက်ပြီး....

"ဒါဆိုလည်း မင်းကို သခင်လေးချင်လို့ ခေါ်မယ်။ သခင်လေး ချင်၊ ဒီသုံးလအတွင်းမှာ မင်းက လူသတ်ခိုင်းရင်လည်း ပြဿနာ မရှိဘူး။ ဒါပေမဲ့ အောင်မြင်နိုင်ခြေက (၃၀) ရာခိုင်နှုန်းထက် နည်းရင်၊ ဒါမှမဟုတ် အရမ်း ဆိုးရွားတဲ့ အကျိုးဆက်တွေ ဖြစ်လာနိုင်တယ် ဆိုရင်တော့ ငါ မလုပ်နိုင်ဘူး.."

"ပြဿနာ မရှိဘူး..."

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး......

"ငါ့မှာလည်း တောင်းဆိုစရာ ရှိတယ်။ ပြင်းပြင်းထန်ထန် ကျိန်ဆိုရမယ်။ မင်း

တောင်းဆိုထားတဲ့ အချက်အလက်တွေနဲ့ ကိုက်ညီရင် သစ္စာမဖောက်ဘဲ အစွမ်းကုန် ကြိုးစားပေးရမယ်။ ပြီးတော့ စာချုပ်ထဲမှာ ပန်းဘုရင်ကလည်း အသိသက်သေ နေရာက လက်မှတ် ထိုးပေးရမယ်။ မင်းလုပ်မယ့် ကိစ္စကို ပန်းဘုရင် ဟွာတန်က သဘောတူ ရမယ်။”

ဟွာဝမ်ရိုက ပြုံးလိုက်ပြီး....

“သခင်လေးချင်၊ တကယ်လို့ ငါသာ ယွမ်ဟူ နယ်ပယ် အဆင့် (၆) မရောက်ရင် မင်းက လျှော်ကြေး ပေးရမယ်နော်....”

"ဒါပေါ့...."

ဟွာဝမ်ရိုက ပြေးနမ်းချင်စရာ ကောင်းအောင် ပြုံးလိုက်ပြီး လက်ကို ဆန့်တန်းလိုက်ကာ....

"သခင်လေးချင်ကို ငြင်းဆိုနိုင်တဲ့ ခွန်အား မရှိတော့ပါဘူး.."

"အရမ်း ကောင်းတယ်။ ငါတို့ရဲ့ ပူးပေါင်း ဆောင်ရွက်မှုက ပျော်စရာ ကောင်းမယ်လို့ မျှော်လင့်ပါတယ်...."

ချင်ယန်နှင့် ဟွာဝမ်ရိုတို့က လက်ဆွဲပြီး အတည်ပြုလိုက်ကြသည်။

မကြာခင် ချင်ယန်တို့ နှစ်ယောက်သည် နှစ်ဖက်လုံး အဆင့်အတန်းတူသော ဝိညာဉ်ရေးရာ စိတ်ဝိညာဉ် စာချုပ်ကို ချုပ်ဆိုလိုက်ကြသည်။ ထိုအထဲတွင် သူတို့ နှစ်ယောက် ညှိနှိုင်းထားသော အချက်အလက်များကို ရှင်းရှင်းလင်းလင်း ထည့်သွင်းရေးသားထားသည်။

"ဝမ်ရို၊ ဘာကိစ္စ ရှိလို့လဲ...."

ချင်ယန်တို့ နှစ်ယောက် လက်မှတ်ရေးထိုးပြီးသည့် အချိန်တွင် ပန်းဘုရင် ဟွာတန် ရောက်ရှိလာသည်။

ပန်းဘုရင်သည် တစ်ချိန်က အလွန်လှပသော အမျိုးသမီးတစ်ယောက် ဖြစ်ခဲ့သော်လည်း ယခုအခါ အသက် ကိုးဆယ် ကျော်နေပြီ။ ယွမ်ဟူ နယ်ပယ် အဆင့် (၉) ကျင့်ကြံခြင်း အဆင့်နှင့်ပင် သူမ ရုပ်ရည်က ရင့်နေခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ဟွာဝမ်ရှိန့ ၎င်း အကွာကြီး ကွာနေသည်။

အော်ရာအရ ဆိုလျှင် ပန်းဘုရင် ဟွာတန်က ပိုပြီး အစွမ်းထက်သည်။

"အန်တီ၊ ဒါကို ကြည့်ပါအုံး...."

ဟွာဝမ်ရိုက ဟွာတန်ကို စာချုပ် ပေးလိုက်သည်။ ဟွာတန်က ဟွာဝမ်ရိုကို ပျိုးထောင် ပေးခဲ့သည်။ ထို့ကြောင့် ဟွာတန်သည် ဟွာဝမ်ရိုအတွက် ခေါင်းဆောင် ဖြစ်ရုံသာမက ဆွေမျိုးဆိုလည်း မမှားပေ။

"မဖြစ်နိုင်ဘူး....."

ဟွာတန်က ခပ်မြန်မြန် ဖတ်ပြီး ခေါင်းခါလိုက်သည်။

"ချင်ယန်၊ မင်းက ဟွာဝမ်ရိုကို အသုံးပြုပြီး သန်ချိုင်းဘုရင် ရှုခွန်ကို သတ်ချင်တယ် ဆိုရင်တောင် အောင်မြင်နိုင်ခြေက (၃၀) ရာခိုင်နှုန်း မရှိဘူး။ ပြီးတော့ ပြဿနာတွေလည်း အများကြီး ဖြစ်လာလိမ့်မယ်...."

ဟွာတန်က အေးတိအေးစက် အမူအရာနှင့် ပြောလိုက်သည်။

ဟွာဝမ်ရိုလည်း မျက်မှောင် ကြုတ်သွား၏။ သချိုင်းဘုရင် ရှုခွန်ကို မထိတထိ သွားလုပ်၍ မရကြောင်း ထုံးစံအတိုင်း သူမလည်း သိနေသည်။

ချင်ယန်က ပြုံးလိုက်ပြီး....

"ဟွာတန်၊ စာချုပ်ထဲမှာ ရှင်းရှင်းလင်းလင်း ရေးထားတယ် မဟုတ်လား....။ တကယ်လို့ ဟွာဝမ်ရိုက (၃၀) ရာခိုင်နှုန်းတောင် မသေချာဘူးလို့ ခံစားရရင် ဘာမှ မလုပ်ဘဲ နေလို့ရတယ်..."

“ ဒီ ပြဿနာနဲ့ ပက်သက်ရင်တော့ ဟွာဝမ်ရိုက မဖြေရှင်းနိုင်ရင်တောင် ဟွာတန်က ဖြေရှင်းနိုင်ပါတယ်....”

“ဟွာတန် ၊ ဒါက ငွေတုံး သန်း (၁၀၀) ရမယ့်ကိစ္စပဲ။ နည်းနည်းလေး စွန့်စားရတာ တန်ပါတယ်၊ ဟုတ်တယ် ဟုတ်...”

## အခန်း(၁၂၇) - အုံ့အောသင့်ဖွယ် အဆင့်တက်ခြင်း....

ဟွာတန်က ပေါ့ပေါ့ပါးပါး လေသံနှင့်....

"ချင်ယန်၊ မင်းက ဝမ်ရှိရဲ့ စာချုပ်ချုပ်ပြီးသွားပြီဆိုတော့ ဒီသုံးလအတွင်း ဝမ်ရှိက ငါတို့ ဟွာဝမ် မျှော်စင်နဲ့ မသက်ဆိုင်တော့ဘူး။ ဟွာဝမ် မျှော်စင်ရဲ့ အရင်းအမြစ်ကိုလဲ မသုံးနိုင်ဘူး။ သချိုင်းဘုရင်ကို ကိုင်တွယ်တဲ့ အရေးမှာ ငါ

ကူညီဖို့လည်း မဖြစ်နိုင်ဘူး။ ဒါက ပြဿနာ မရှိဘူး မဟုတ်လား....”

“ပြဿနာ မရှိဘူး”

ချင်ယန်က ဝမ်းသာအားရ ခေါင်းညိတ်လိုက်သည်။ ဟွာတန်က ဟွာဝမ်ရှိ ပို၍ ကူညီပေးနိုင်မည်ဟု သူ မထင်ပေ။

ဟွာဝမ်ရှိ၏ ဆွဲဆောင်မှု ကျင့်စဉ်က ရှုခွန်ကို ကိုင်တွယ်ရာတွင် အလွန် သင့်တော်သည်။ သူမတွင် ဒီရှုထောင့်နှင့် သက်ဆိုင်သော အစွမ်းထက် သိုင်းဝိညာဉ် ရှိနေသည်။ ထို့အပြင် ရှုထောင့်နှင့်

သက်ဆိုင်သော သူမ၏ နတ်ရတနာကိုလည်း ချင်ယန်က မြင်နေရသည်။

ယခုလက်ရှိ အချိန်တွင် ဟွာဝမ်ရို၏ နတ်ရတနာက လုံးဝ မဖွင့်ရသေးပေ။ အကယ်၍ နတ်ရတနာကို ဖွင့်လိုက်မည် ဆိုပါက မကြာခင် ဟွာဝမ်ရို၏ ကျင့်ကြံခြင်းအဆင့် ယွမ်ဟူ နယ်ပယ် အဆင့် (၅) သို့ ရောက်ရှိ သွားလိမ့်မည်။

ထို့နောက် ချင်ယန်က ဆေးလုံးပေးပြီး သူမ၏ ယခုလက်ရှိ ကျင့်စဉ်ကို ပြင်ဆင် ပေးလိုက်ပါက

ဟွာဝမ်ရိုက အချိန်တိုလေး အတွင်း၌ ယွမ်ဟူနယ်ပယ် အဆင့် (၆) သို့ ရောက်ရှိ သွားနိုင်မည်။

ချင်ယန်တွင်လည်း အလွန် ကောင်းမွန်သော ဆွဲဆောင်မှု ကျင့်စဉ် ရှိနေသေးသည်။ ပိုသန်မာလာမည့် ဟွာဝမ်ရိုကို ပေးအပ်နိုင်သည်။

ဤကဲ့သို့ အထောက်အပံ့များနှင့် ဟွာဝမ်ရို၏ ပင်ကိုယ် အရည်အချင်းကို ပေါင်းစပ်လိုက်သည့် အချိန်တွင် (၃၀) ရာခိုင်နှုန်းပင် မသေချာသေးဘူးဟု ပြောလာပါက ဟွာဝမ်ရိုက ရေမရှိသော ချောင်းတွင် နှာခေါင်းဖော်ပြီး သေလိုက်သင့်သည်။

သူမက ချင်ယန်၏ ပျိုထောင်ပေးမှုနှင့် ထိုက်တန်ပါအုံးမည်လော........

"အန်တီ၊ ပြဿနာ မရှိနိုင်ဘူး။ ဒီစာချုပ်အရဆိုရင် အရာအားလုံးက ငါ့တို့လက်ထဲမှာ ရှိနေတယ်..."

ဟွာဝမ်ရိုက တစ်ချက်ပြုံးပြီး ပြောလိုက်သည်။

ဟွာတန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး.....

"ကဲ.... ဒါဆိုလည်း ပြီးရောလေ..."

မကြာခင်က ဟွာတန်က သူတို့နှစ်ယောက်အတွက် စာချုပ်နှစ်ခု ပြင်ဆင်ပေးလိုက်သည်။

"သခင်လေး ချင်၊ ငွေတုံး သန်း (၁၀၀) ကို အန်တီဆီ လွှဲပေးလိုက်ပါ..."

ဟွာဝမ်ရိုက ပြောလိုက်သည်။

ဟွာတန်က ခေါင်းခါလိုက်ပြီး......

"ဝမ်ရို၊ မင်းကိုယ်တိုင် ရှာထားတဲ့ ပိုက်ဆံကို မင်းဘာသာမင်း သိမ်းထားပါ။ ငါ့ဆီမှာ

ဥစ္စာပစ္စည်းတွေ ရှိပါသေးတယ်။ လုပ်စရာ ရှိတာ ဆက်လုပ်ကြပါ....”

ဟွာတန်က ထွက်ခွာသွားပြီး ဟွာဝမ်ရိဘေးမှ အမျိုးသမီးကိုလည်း ခေါ်ဆောင်သွားသည်။

မကြာခင် ချင်ယန်က ငွေတုံး သန်း (၁၀၀ ) ကို ဟွာဝမ်ရိထံ လွှဲပြောင်း ပေးလိုက်သည်။

ချင်ယန် လက်ထဲတွင် ငွေတုံး သန်း (၄၀၀) ရှိရာမှ ယခုအခါ သန်း (၁၀၀) သာ ကျန်တော့သည်။

ချင်ယန်က......

"ဟွာဝမ်ရို… ပြင်းပြင်းထန်ထန် ကျိန်ဆိုပေးပါ…"

"အင်း…."

ဟွာဝမ်ရိုက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး ပြင်းပြင်းထန်ထန် ကျိန်ဆိုလိုက်သည်။

ရှေးဦးချို သိဒ္ဓိမြို့မှ လူများသည် ကျိန်ဆိုသည့် ကိစ္စကို အလေးအနက် မထားသော်လည်း ဟွာဝမ်ရို၏ အဆင့်တွင် ကျိန်ဆိုခြင်းကို အလေးအနက် ထားနေဆဲ ဖြစ်သည်။

ကျိန်ဆိုထားသည်ကို ဖောက်ဖျက်လိုက်ပါက ချီသွေ့ဖယ်ခြင်းပင် တိုးလာနိုင်သည်။

ဟွာဝမ်ရိုက ပြင်းထန်စွာ ကျိန်ဆိုပြီးနောက် ပြုံးလိုက်ပြီး......

"သခင်လေး ချင်၊ မင်းကို ကျားဘုရင်က သူ့ဒွေးလို့ ခေါ်တယ်။ နောက်ထပ် သုံးလအတွင်း ငါကလည်း မင်းကို သူ့ဒွေးလို့ ခေါ်မယ်...."

ချင်ယန်က တစ်ချက်ပြုံးလိုက်ပြီး.....

"သဘောပါ...."

"ဟွာဝမ်ရို... မင်း ယွမ်ဟူနယ်ပယ် အဆင့် (၅) ရောက်သွားအောင် ငါ ကူညီပေးမယ်....."

ဟွာဝမ်ရို ကြောင်သွား၏။

"သူ့ဒွေး မကြာခင် သောင်းပြောင်းထွေလာ ပွဲက စတော့မယ်...."

ဟွာဝမ်ရိုက ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"မင်း ယွမ်ဟူနယ်ပယ် အဆင့် (၅) ရောက်ဖို့အတွက် (၁၅) မိနစ်လောက်ပဲ ကြာလိမ့်မယ် အချိန် မှီပါတယ်...."

"အချိန် ရှိပေမယ့်...."

ချင်ယန်က လက်ခါပြလိုက်ပြီး......

"ဒါပေမဲ့တွေ ဘာတွေ ပြောမနေနဲ့..... ငါက သူဌေး၊ ငါ့စကား နားထောင်...."

"မလှုပ်နဲ့......"

ချင်ယန်က စကားပြောနေရင်း ငွေအပ်များကို ထုတ်ယူလိုက်သည်။ တစ်မိနစ် အတွင်းမှာပင် ဟွာဝမ်ရို၏ ကိုယ်ပေါ်တွင် ငွေအပ် တစ်ရာကျော် ထိုးစိုက်လိုက်သည်။

ဟွာဝမ်ရိုသည် အနည်းငယ် စိတ်ရှုပ်ထွေး နေသော်လည်း မစိုးရိမ်ပေ။ ချင်ယန်က ငွေတုံး သန်း (၁၀၀) ဖြုန်းပြီး သူမကို သတ်မည် မဟုတ်ပေ။

သူမကို ဒီနေရာတွင် သတ်လိုက်ပါက ပန်းဘုရင် ဟွာတန်က ချင်ယန်ကို သတ်လိမ့်မည်။

"ချီ လည်ပတ်လိုက်...."

ချင်ယန်က ပြောလိုက်သည်။

"အင်း...."

ဟွာ၀မ်ရိုက ကျင့်ကြံခြင်း ကျင့်စဉ်ကို လည်ပတ်လိုက်သဖြင့် သူမ ခန္ဓာကိုယ်ထဲတွင် အစစ်အမှန် ချီများက စတင် စီးဆင်းလာသည်။

"ဟွာ၀မ်ရို၊ မင်းဆီမှာ အထူး နတ်ရတနာ တစ်ခု ရှိတယ်။ ဒါပေမဲ့ မပွင့်သေးဘူး။ အခု ငါက နတ်ရတနာကို ကူညီပြီး ဖွင့်ပေးမယ်။ ဖွင့်ပြီးသွားရင် မင်းရဲ့ ကျင့်ကြံခြင်း တိုးတက်မှုက တော်တော်လေး

မြန်သွားလိမ့်မယ်။ ပိုပြီး အရေးကြီးတာက မင်းရဲ့ ဆွဲဆောင်မှုက နှစ်ဆ တိုးလာလိမ့်မယ်...”

ချင်ယန်က စကားပြောနေရင်း ဟွာဝမ်ရို၏ နတ်ရတနာကို လျင်မြန်စွာ ဖွင့်လိုက်သည်။

အစွမ်းထက် နတ်ရတနာများနှင့် ပိုင်ရှင်များ၏ ဆက်သွယ်မှု အချိုးက တော်တော်လေး နိမ့်ကျကြသည်။

ရှောင်ကျူဝမ်၏ သိဒ္ဓိရေစင် နတ်ရတနာက ယခုလက်ရှိ ချင်ယန် မြင်ဖူးသမျှ နတ်ရတနာထဲတွင် အကောင်းဆုံး နတ်ရတနာ ဖြစ်သည်။

ရေသောက်ရုံဖြင့် ကျင့်ကြံခြင်း အဆင့်ကို လျင်မြန်စွာ တိုးတက် စေနိုင်သည်။

ဆန့်ကျင်ဘက်အားဖြင့် ဟွာဝမ်ရို၏ နတ်ရတနာက ဆိုးရွားသော်လည်း အခြား နတ်ရတနာများနှင့် နှိုင်းယှဉ်ပါက ဟွာဝမ်ရို၏ 'ရှုပ်ထွေးခြင်း' နတ်ရတနာက အတော်လေး ကောင်းမွန်သော နတ်ရတနာ တစ်ခုဟု ပြော၍ ရသေးသည်။

ရေတို အချိန်တွင် ဟွာဝမ်ရို၏ 'ရှုပ်ထွေးခြင်း' နတ်ရတနာက ရှောင်ကျူဝမ်၏ သိဒ္ဓိရေစင် နတ်ရတနာထက် အားနည်းမည် မဟုတ်ပေ။

"ငါက နတ်ရတနာ ပိုင်တာလား.."

ဟွာဝမ်ရိုက အမှန်တကယ် အံ့အောသင့်ပြီး မေးလိုက်သည်။

ချင်ယန်က.....

"နတ်ရတနာ အကြောင်း သိနေတာလား....."

ဟွာဝမ်ရိုက.....

"အန်တီနဲ့အတူ နဂါးနက် အင်ပါယာကို သွားတုန်းက အစွမ်းထက်တဲ့ ဆေးဆရာ တစ်ယောက်နဲ့ တွေ့ခဲ့တယ်။ သူက ငါတို့ကို နတ်ရတနာ အကြောင်း သိအောင် မိတ်ဆက် ပေးခဲ့ပေမဲ့ ငါ့ဆီမှာတော့ နတ်ရတနာ မရှိဘူးလို့ ပြောဖူးတာပဲ.."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"ဒီလိုကိုး..... နတ်ရတနာက အမျိုးအစား အများကြီး ရှိတယ်။ မင်းပိုင်တဲ့ နတ်ရတနာကို ငါသိပေမဲ့ သူက မသိဘူးလေ....."

"အခုဆို နည်းနည်းလေး ခံစားနေရပြီ မဟုတ်လား.. မင်းရဲ့ နတ်ရတနာက စပြီး မောင်းနှင်နေပြီ...."

ဟွာဝမ်ရိ၏ မျက်လုံးထဲတွင် အံ့အောသင့်နေသော အရိပ်အယောင်များ ပေါ်နေသည်။ သူမ၏ နတ်စွမ်းအားများ တိုးလာသည်ဟု အမှန်တကယ် ခံစားနေရပြီး လည်ပတ်မှု အရှိန်ကလည်း မြန်ဆန်လာခဲ့သည်။

နတ်စွမ်းအားများ တိုးလာသည်နှင့် အမျှ ချီလည်ပတ်မှု အမြန်နှုန်းကလည်း တိုးတက်လာသည်။

ဟွာဝမ်ရိုက ဆေးလုံးများ သောက်သုံးခဲ့ပြီး သူမ ခန္ဓာကိုယ်ထဲတွင် ဆေးအာနိသင် များစွာ စုဆောင်းမိနေသည်။ ယခုအခါ အဆိုပါ ဆေးအာနိသင်များက အလွန် လျင်မြန်စွာ ချေဖျက် လာနေသည်။

ချင်ယန်၏ အပ်စိုက် ကုထုံးသည် ဟွာဝမ်ရို၏ နတ်ရတနာကို အသက်သွင်းခဲ့ရုံ သာမက ဟွာဝမ်ရိုကို

ယွမ်ဟူ နယ်ပယ် အဆင့် (၅) သို့ လျင်မြန်စွာ အဆင့် တက်နိုင်အောင်လည်း ကူညီ ပေးခဲ့သည်။

ဝုန်း ဝုန်း......

ဆယ်မိနစ် အတွင်းမှာပင် ဟွာဝမ်ရို၏ ခန္ဓာကိုယ် ပတ်လည်၌ ဝဲကတော့များ ပေါ်လာပြီး ချီစွမ်းအားများကို လျင်မြန်စွာ စုပ်ယူနေသည်။ မကြာခင် သူမ ခန္ဓာကိုယ်ထဲ စီးဝင်သွားသောအခါ ပြင်းထန်သော အငွေ့အသက်နှင့် အတူ ယွမ်ဟူ နယ်ပယ် အဆင့် (၄) မှ အဆင့် (၅) သို့ အောင်မြင်စွာ အဆင့်တက် သွားသည်။

"အဆင့်တက် သွားတာလား...."

ဟွာဝမ်ရိုက မျက်လုံးဖွင့်လိုက်ပြီး သူမ မျက်ဝန်းထဲတွင် မယုံနိုင်မှုများ ပြည့်နှက်နေသည်။

မူလက ဟွာဝမ်ရိုသည် ယွမ်ဟူနယ်ပယ် အဆင့် (၅) သို့ တစ်နှစ် သို့မဟုတ် နှစ်နှစ်အတွင်း ရောက်လိမ့်မည်ဟု ခန့်မှန်းထားခဲ့သည်။ ဒါသည်ပင် အလွန် မြန်ဆန် လွန်းနေသည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး.......

"အဆင့်တက် တာထက်စာရင် မင်းရဲ့ နတ်ရတနာက အသက်ဝင်နေပြီ။ မင်းရဲ့ ခွန်အား တိုးလာတာနဲ့အမျှ မင်းရဲ့ ဆွဲဆောင်မှုက ပိုတိုးတက်လာလိမ့်မယ်...."

"ကျေးဇူး အများကြီး တင်ပါတယ်။ သူဌေး....."

ဟွာဝမ်ရိုက အရိုအသေ ပေးလိုက်သည်။ သူမ၏ အမူအရာက ပိုမို လေးစားလာသည်။

ချင်ယန်က သူ့ဘေးမှ ကျားဘုရင်ကို သာမန်ကာ လျှံကာ လက်ညှိုး ထိုးပြလိုက်ပြီး.....

"ဟွာဝမ်ရို၊ ကျားဘုရင်က ယွမ်ဟူ နယ်ပယ် ရောက်နေပြီ။ ငါ့ဘေးနားမှာ ယွမ်ဟူ နယ်ပယ် ရောက်နေတဲ့ တခြား တန်ခိုးရှင် တွေလည်း ရှိသေးတယ်။ အခု မင်းက ယွမ်ဟူနယ်ပယ် အဆင့် (၅) ကို ရောက်နေပြီး ဆွဲဆောင်မှုလည်း အရမ်း တိုးလာတယ်။ ရှခွန်ကို သတ်မယ်ဆိုရင် အောင်မြင်နိုင်ခြေက (၃၀) ရာခိုင်နှုန်း ကျော်နေပြီ မဟုတ်လား...."

ဟွာဝမ်ရိုက ယွမ်ဟူ နယ်ပယ် ရောက်နေပြီ ဖြစ်သော ကျားဘုရင်ကို ထိတ်လန့်တကြား ကြည့်လိုက်သည်။

ချင်ချင်းပင် လျင်မြန်စွာ အသားကျ သွားသည်။ သေသေချာချာ တွေးကြည့် လိုက်သောအခါ ကျားဘုရင်ကို ချင်ယန် ဝယ်ယူခဲ့သည်မှာ ဆယ်ရက်ကျော် ရှိနေပြီ။ ယွမ်ဟူ နယ်ပယ် အဆင့်တက်သွားသည်မှာ ပုံမှန်သာ ဖြစ်နေသည်။

စာသင်သား နန်ရှမ်၏ ခွန်အားကလည်း သိသိသာသာ တိုးတက် လာသင့်သည်။

"သူဌေး... အောင်မြင်နိုင်ခြေ (၅၀) ရာခိုင်နှုန်း ကျော်တယ်...."

"တကယ်လို့ မင်းသာ မထိန်းချုပ်ထားရင် အောင်မြင်နိုင်ခြေက ဒီထက် ပိုများအုံးမှာ..."

ဟွာဝမ်ရှိသည် ရှုခွန်နှင့် အမှန်တကယ် တိုက်ခိုက်ရမည်ကို သိနေသော်လည်း အမှန်တိုင်း ပြောလိုက်သည်။

အခြား အကျိုးခံစားခွင့်များကို ထည့်သွင်း မစဉ်းစားလျှင်ပင် ချင်ယန်က သူမကို ငွေတုံး သန်း (၁၀၀) ပေးပြီး နတ်ရတနာကို အသက်သွင်း

ပေးခဲ့သလို ယွမ်ဟူနယ်ပယ် အဆင့် (၅) ရောက်အောင်လည်း ကူညီ ပေးခဲ့သည်။ ထို့ကြောင့် ချင်ယန်အတွက် ရှုခွန်ကို တိုက်ခိုက်ပေးရမည်သာ.....

ချင်ယန်က စိတ်ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။

အကယ်၍ ဟွာဝမ်ရိုက ဤ အခြေအနေမှာပင် အောင်မြင်နိုင်ခြေ (၃၀) ရာခိုင်နှုန်းထက် နည်းပါးသည်ဟု ခံစားနေရပါက ဆက်လက်ပျိုးထောင်ပေးရန် မထိုက်တန် တော့ပေ။

"အရမ်း ကောင်းတယ်.... စိတ်မပူနဲ့။ သုံးလအတွင်း ယွမ်ဟူ နယ်ပယ် အဆင့် (၆) ရောက်အောင် ကူညီပေးမယ်။ အချိန်တန်ရင် ပိုမြင့်သွားတာပဲ ရှိမယ်။ နိမ့်ကျသွားစရာ အကြောင်း မရှိဘူး...."

"နောက်ပြီးတော့ ဆွဲဆောင်မှု နည်းလမ်း တချို့လည်း မျှဝေ ပေးအုံးမယ်။ မင်းရဲ့ ဆွဲဆောင်မှုက ပိုပြီး အားကောင်း လာလိမ့်မယ်"

ချင်ယန်က သာမန်ကာ လျှံကာသာ ပြောလိုက်သော်လည်း သူ၏ တကယ့်

ရည်ရွယ်ချက်က ငါးရက်အတွင်း ဟွာဝမ်ရိုရဲ့ ကျင့်ကြံခြင်း အဆင့်ကို ယွမ်ဟူ နယ်ပယ် အဆင့် (၆) သို့ ရောက်အောင် မြှင့်တင်ပေးရန် ဖြစ်သည်။

သတ်မှတ်ချိန် ပြည့်သည်နှင့် ရှုခွန်က စတင် လှုပ်ရှား လာလိမ့်မည်။

“ကျေးဇူး တင်ပါတယ်။ သူဌေး…”

ဟွာဝမ်ရိုရဲ့ နှလုံးခုန်သံက မြန်ဆန်လာခဲ့သည်။ ကျင့်ကြံခြင်း အဆင့် မြင့်လာသည်နှင့် အမျှ ဆွဲဆောင်မှုကလည်း ပိုမို အားကောင်း လာလိမ့်မည်။ အချိန်တစ်ခုသို့ ရောက်သွားပါက သူမရဲ့ ခွန်အားက

ကောင်းကင်ဘုံ ဘုရင် လေးပါးထက် နိမ့်ကျတော့မည် မဟုတ်ပေ။

ကောင်းကင်ဘုံ ဘုရင် လေးပါးထဲတွင် အချို့က ယွမ်ဟူနယ်ပယ် အဆင့် (၉) တွင် ရှိနေပြီး အချို့က ယွမ်ဟူ နယ်ပယ် အဆင့် (၈) တွင် ရှိနေကြသည်။

သူတို့က နတ်ရတနာများ လုံး၀ မဖွင့်ရသေးပေ။ ဟွာ၀မ်ရိုက နတ်ရတနာ ဖွင့်ထားသည်။ ထိုအချက်ကြောင့် အဆင့်နှစ်ခု ကွာခြားချက်ကို ကျဉ်းမြောင်း သွားစေပြီး ယွမ်ဟူနယ်ပယ် အဆင့် (၈) ခွန်အားမျိုးကို ရရှိ စေနိုင်သည်။

“ဟွာဝမ်ရို၊ မင်းရဲ့ ခွန်အားကို ဖုံးကွယ်ထားပါ။ ငါက အဆင့်တက်နိုင်အောင် ကူညီ ပေးခဲ့တဲ့ အကြောင်းကို ပန်းဘုရင်ကိုတောင် မပြောနဲ့အုံး….”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

“မင်း သိထားရမှာပါက နှစ်လ၊ ဒါမှမဟုတ် သုံးလအတွင်းမှာ မင်းခွန်အားက အစွမ်းထက်ပါတယ် ဆိုတဲ့ ကောင်းကင်ဘုံ ဘုရင်တွေကိုတောင် သတ်ပစ်နိုင်မယ် ဆိုတာ သိထားသင့်တယ်….’

ဟွာဝမ်ရိုက လေးနက်သော မျက်နှာ အမူအရာနှင့် ခေါင်းညိတ် လိုက်သည်။

ဟွာဝမ်ရိုက အခြား ကောင်းကင်ဘုံ ဘုရင်များ အကြောင်းကို မသိစရာ အကြောင်း မရှိပေ။ သို့သော် ဒါက သေချာပေါက် ဖြစ်နိုင်သည်။

## အခန်း(၁၂၈) - အားနာဖို့ ကောင်းလိုက်တာ....

"သခင်လေးချင်း၊ ဒီကောင်က မင်းပြောတဲ့ တစ်ယောက်လား... ကြည့်ရတာ ကျွမ်းကျင်တဲ့ ပုံလည်း မရှိဘူး။ ကြွက်စုတ်လေးပါ..."

"ဆယ်ကျော်သက် ကြွက်စုတ်လေးပဲ။ ပါရမီရှင် တစ်ယောက် ဖြစ်နေရင်တောင် ဘယ်လောက် တော်နိုင်မှာလဲ...။ ရွှေဦးချို သိဒ္ဓိမြို့မှာ ဒီလောက် စောက်သက်လေးနဲ့ မောက်မာရဲတဲ့ကောင်

ဘယ်နှစ်ကောင် ရှိလို့လဲ။ ရှိရင်တောင် မြေကြီးထဲ ရောက်နေပြီ.....”

“ဒီကောင်က ငယ်ငယ်လေးနဲ့ ကြွမ်းနေပြီ။ ကံဆိုးတာက ဒီနေရာက ရှွေဦးချို သိဒ္ဓိမြို့လေ.... တခြားနေရာ မဟုတ်ဘူး။ ငါတို့ ရှွေဦးချို သိဒ္ဓိမြို့မှာ ဂျိုထောင်ရင် တန်ဖိုးတစ်ခုတော့ ပေးဆပ်ရမှာပဲ....”

လူအချို့က ချင်းချွမ်ဟာန် အနားတွင် စုဝေးပြီး ပြောဆို နေကြသည်။

ချင်ယန်က ခန်းမထဲ ဝင်လာခဲ့သော်လည်း ဟွာဝမ်ရှိုနှင့် အတူတူ မဝင်လာခဲ့ပေ။ ဟွာဝမ်ရှိုက ရှူခွန်နှင့် တိုက်ခိုက်မည့် ဝှက်ဖဲပင်။

"သခင်လေးချင်း၊ ဒီကောင့် အကြောင်း ငါ သိတယ်။ သူ့နာမည်က ချင်ယန်၊ ကျန်းဂျင်မြို့ဘက်က ရောက်လာတာ။ အရင်က တိမ်ကင်းစင်မြို့မှာ နေခဲ့ဖူးတယ်…"

ချင်ယန်ကို သိနေသော လူတစ်ယောက်က ချင်းချွမ်ဟန်ကို တိုးတိုးလေး ပြောနေသည်။

ချင်းချွမ်ဟန်က အထင်သေးနေသော လေသံနှင့်.....

“တိမ်ကင်းစင်မြို့လား။ ဒီလို တောချုံ အုံကြားက လူတစ်ယောက် ရွှေဦးချို သိဒ္ဓိမြို့လာပြီး ဘယ်လိုတောင် ဂျိုထောင် နေတာလဲ...”

“သခင်လေးချင်း..... ဒါပေမဲ့ ဒီကောင့်မှာ နည်းလမ်း တချို့ ရှိနေတယ်။ ဒီကောင်က ကျန်းဂျင်မြို့မှာ ဟောင်မိသားစုရဲ့ မူလ အစစ်အမှန်နယ်ပယ် တန်ခိုးရှင် အချို့ကို သတ်ခဲ့တယ်။ ရန်မိသားစု တစ်ခုလုံးကိုလည်း

အမြွတ်ပြွတ် သုတ်သင်ခဲ့တယ်။ သူနဲ့ ပက်သက်ရင် တစ်ခုခု ထူးခြားနေတာ ရှိနိုင်တယ်....”

ထိုလူက ဖျောင်းဖျလိုက်သည်။ ထိုလူက ချင်ယန် အကြောင်း အချို့ကို သိသော်လည်း သေသေချာချာ မသိပေ။

ဥပမာ ခရမ်းရောင် တိမ်မိုးကြိုး အဆောင်နှင့် လူနှစ်ထောင် သတ်ခဲ့သည့် ကိစ္စမျိုး၊ ချင်ယန် လက်ချက်နှင့် ဟန်ဟောင် သေသွားသည့် ကိစ္စမျိုးကို မသိသေးပေ။ ထိုအကြောင်းကို လူအနည်းငယ်သာ သိကြသည်။

ချင်းချွမ်ဟန်က နှာခေါင်း တစ်ချက်ရှုံ့ လိုက်ပြီး.....

"မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင်က ဘာလုပ် ရမှာလဲ။ ပြီးတော့ ကျန်းဂျင်မြို့က ရန်မိသားစု၊ ဘယ်လောက် အဆင့် ရှိလို့လဲ....."

ကျန်းဂျင်မြို့က ဟောင်မိသားစုနှင့် ကျန်းနန်ဘုရင် အိမ်တော် အကြောင်းကို ချင်းချွမ်ဟန်က သိသော်လည်း ရန်မိသားစု အကြောင်းကိုမူ မသိပေ။ ရန်မိသားစု၏ အင်အားက ချင်းမိသားစုထက် အများကြီး နိမ့်ကျနေသည်။

ချင်းမိသားစုတွင် ယွမ်ဟူ နယ်ပယ် တန်ခိုးရှင် တစ်ယောက် ရှိသည်။

“ ချင်ယန်က သခင်လေးချင်း ရှေ့မှာ ဘာရုပ်မှ မပေါက်ပါဘူး...”

ချင်းချွမ်ဟန်က မျက်လုံး မှေးလိုက်ပြီး.....

“ချင်ယန်ရဲ့ ဇစ်မြစ်နဲ့ လာတဲ့နေရာက သာမန်ပဲ။ ဒါဆို ကျားဘုရင် ချမ်ဟိုင်ကိုဝယ်ဖို့ ဘယ်က ပိုက်ဆံ ရတာလဲ.....”

"သခင်လေးချင်း၊ မင် မိသားစုက ရခဲ့တာ ဖြစ်နိုင်တယ်။ ပြီးတော့ ဟောင်မိသားစု ဆီကလည်း ပိုက်ဆံ နည်းနည်းလောက် ရခဲ့တာ ဖြစ်နိုင်တယ်။ ဒါနဲ့ စကားမစပ် ဒီကောင်က ကျန်းဂျင်မြို့ စည်းသခင် လမ်းညွှန်မှုအဖွဲ့မှာ စည်းသခင် တစ်ယောက်လည်း ဖြစ်နေသေးတယ်...။ ဒါပေမဲ့ လူတွေကတော့ မယုံပါဘူး...."

ချင်းချွမ်ဟန်က လှောင်သလိုလို ပြုံးလိုက်ပြီး ချင်ယန်ထံ လမ်းလျှောက် သွားလိုက်သည်။ ယခင်က ချင်ယန်သည် သူ့ကို အရှုး

လုပ်သွားခဲ့သည်။ အစ ပထမတွင် လူကလည်း အနည်းငယ် ရှိနေခဲ့သည်။ ယခုအခါ ချင်ယန် အကြောင်းကို သူ သိသွားပြီ။ ချင်ယန်၏ ဇစ်မြစ်ကြောင့် လုံးဝ မကြောက်တော့ပေ။

"တောခြံ့အုံကြီးက လာပြီး ငါ့ကို ဒေါသထွက်အောင် လုပ်ရဲတာလား။ ရွှေဦးချို သိဒ္ဓိမြို့လို နေရာမျိုးကို လာပြီး မောက်မာ နေတာပေါ့လေ… ရယ်စရာ ကောင်းလိုက်တာ…"

ချင်းချွမ်ဟန်က ချင်ယန်ထံ လှမ်းလျှောက်သွားပြီး အထက်စီးဆန်သော လေသံနှင့်……

"ချင်ယန်၊ ငါက အစ်မဟွာကို မျက်နှာသာပေးထားလို့ လောလောဆယ် မင်း အသက်ရှင်နေသေးတာ ။ ဒါက သိပ်ကြာရှည်မှာ မဟုတ်ဘူး"

"ကျားဘုရင်၊ ချင်ယန်မှာ အနာဂါတ် မရှိဘူး။ ငါ့နောက်လိုက်တာ မင်းအတွက် ပိုကောင်းလိမ့်မယ်။ ငါတို့ ချင်းမိသားစု ခွန်အားကို ချင်ယန်နဲ့ နှိုင်းယှဉ်ကြည့်လိုက်စမ်းပါ။ ဘယ်ဘက်က တိုင်းတိုင်း ငါတို့မိသားစုက ပို သန်မာတယ်…"

ကျားဘုရင်က တိတ်ဆိတ်နေ၏။ သူ့စိတ်ထဲတွင် အထင်သေးမှုများ ပြည့်နှက်နေသည်။

ချင်းမိသားစုက အားကောင်းသော်လည်း ချင်ယန်တို့ အဖွဲ့နှင့် ယှဉ်လိုက်ပါက ဘာမှ မဟုတ်ပေ။

“သခင်လေးချင်း၊ ကျွားဘုရင်က သစ္စာဖောက်ဖို့ မဖြစ်နိုင်ဘူး။ ဒီလိုမှ မဟုတ်ရင် သွေးမြေကျွကွင်းထဲ ပြန်သွား ရလိမ့်မယ်...”

လူတစ်ယောက်က ရယ်မောပြီး ပြောလိုက်သည်။

“ချင်ယန်... ရွှေဦးချို သိဒ္ဓိမြို့ထဲမှာ နည်းနည်းလေးမှ အလောင်းမစား မလုပ်ရင် ဘဝကြီးက အဓိပ္ပါယ် မဲ့သွားလိမ့်မယ်။ ငါတို့

ညှော့ခံပွဲ ပြီးသွားရင် တစ်ပွဲလောက် လောင်းရအောင်...”

ချင်းချွမ်ဟန်၏ မျက်လုံးများက တောက်ပလာသည်။ နောက်ဆက်တွဲ ဆိုးကျိုးက ပြင်းထန်သဖြင့် ကျားဘုရင်က တစ်လအတွင်း သစ္စာဖောက်ရန် မဖြစ်နိုင်ပေ။

ချင်ယန်ကမူ ကျားဘုရင်ကို ဆုံးရှုံးသွားလျှင် ပြဿနာ မရှိချေ။

ကျားဘုရင်၏ ခွန်အားက ချင်ယန်နှင့် ကိုင်တွယ်ရာတွင် အလွန် ကောင်းမွန် နေသေးသည်။

အကယ်၍ ကျားဘုရင် ထွက်သွားလျှင်ပင် အနည်းငယ် ကထိကထ များနေအုံးမည်။

"သခင်လေးချင်း၊ ချင်ယန်က ငချွတ်လေးပါ။ လောင်ကစား လုပ်ဖို့ ကြောက်နေမှာပေါ့။ ပြီးတော့ သူ့မှာ ငွေအများကြီး မရှိဘူး။ ကျားဘုရင်ကို ဝယ်ထားလို့ အိပ်ကပ် လွတ်နေနိုင်တယ်။ ဘယ်လို လောင်းမှာလဲ။ ဒီကောင့် တင်ပါးကို လောင်းမှာလား.. ဟားဟား.."

လူတစ်ယောက်က ချင်ယန်ကို စိတ်ဆွ ပေးနေသည်။

ချင်းချွမ်ဟန်က ချင်ယန်ကို ကြည့်လိုက်ပြီး အထင်သေးသော လေသံနှင့်.....

"ချင်ယန် ၊ မင်းက မကြာခင် သေတော့မှာ။ မသခင် လောင်းကစား လုပ်ရတာ ဘယ်လောက်တောင် ပျော်ဖို့ ကောင်းလိုက်မလဲ..."

" မင်းမှာ ပိုက်ဆံမရှိရင် သုံးသိန်း၊ ငါးသိန်းလောက် လောင်းပေါ့။ ဒီလောက်တော့ အရှုံးခံနိုင်တယ် မဟုတ်လား...။ လုပ်စမ်းပါ...."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"လောင်းကြေးနည်းရင် လှည့်တောင် မကြည့်ချင်ဘူး..."

တစ်ချိန်က ကောင်းကင်ဘုံ ဝါးမြို့ခြင်း သစ်ပင်ဧကရာဇ် သိုင်းဝိညာဉ်သည် တန်ခိုးရှင် များစွာကို ဝါးမြို့ခဲ့ဖူးသည်။ ထိုအထဲတွင် လောင်ကစား ကျွမ်းကျင်သော တန်ခိုးရှင်များစွာ ပါဝင်ခဲ့သည်။ ချင်ယန်ကမူ ထိုနယ်ပယ်ကို လုံးဝ မကြိုက်ပေ။ လောင်းကစား သမား တော်တော်များများကိုလည်း တွေ့ခဲ့ဖူးသည်။ မယားရောင်းသူများ၊ သမီးရောင်းသူများလည်း မရှားပေ။

'စောက်ရမ်းကျွမ်းတဲ့ လောင်းကစား စွမ်းရည်ကို ဒီနေရာမှာ အသုံးပြုရမယ်...'

"မင်းမှာ ပိုက်ဆံ မရှိရင်လည်း မရှိဘူးပြော.. လောင်ကြေး နည်းရင် စိတ်မဝင်စားဘူးတဲ့.... ဟားဟား.."

"သခင်လေးချင်း၊ လူတွေကလည်း မျက်နှာလိုချင်ကြတာပဲ......"

"တောခြံ့အုံကြားက လူက ကျားဘုရင်ကို ဝယ်ဖို့ ပိုက်ဆံ ဖြုန်းနိုင်တယ်။ မဆိုးဘူး..."

ပတ်ဝန်းကျင်မှ လူများက တစ်ယောက်တစ်ခွန်း ဝင်ပြောကြသည်။ သူတို့က ချင်ယန်ထံမှာ ကျားဘုရင်အား အနိုင်ရသွားမည့် အရေးကို အလွန် စိတ်ဝင်စား နေကြသောကြောင့်ပင်။

သူတို့က တတ်နိုင်သမျှ ဝိုင်းကူပြီး ချင်ယန်ကို ဒုက္ခပေးကြအုံးမည်။ သူတို့၏ ကူညီမှုကို ချင်းချွမ်ဟာန်က မှတ်မိသွားလျှင် အကောင်းဆုံးပင်။

ချင်းချွမ်ဟာန်က ရယ်မောလိုက်ပြီး.......

“မင်းပြောတာကို ကြည့်စမ်း။ လူတွေက တကယ် စိတ်မဝင်စားကြဘူး။ ပြီးတော့ မင်းလို

ငချွတ်လေးက အိမ်မှာ ရွှံ့ရုပ်လေးတွေနဲ့ ကစား နေစမ်းပါ။ ဒါမှ မဟုတ်လည်း မေ့မေ့ချိုချို စို့နေပေါ့... ဟားဟား...."

"ဟားဟား.."

ပတ်ဝန်းကျင်မှာ လူများကလည်း ဝိုင်း၍ လှောင်ရယ် နေကြသည်။

ချင်ယန်၏ မျက်လုံးက အေးစက်သော အငွေ့အသက်များ တလက်လက် တောက်ပနေသည်။ သူက လောင်းကစား လုပ်ရသည်ကို မကြိုက်ပေ။ သို့သော် ထိုလူများက

သူ့ကို မရိုးမဖြောင့် လှောင်ပြောင် နေကြသည်။ ဒါကိုလည်း မကြိုက်ပေ။

“တကယ်လို့ မင်း လောင်းကြေး ထပ်ရဲရင် ငါလည်း လိုက်မယ်…”

“မင်းမှာ သန်း (၃၀)၊ (၄၀) မရှိရင် မလောင်းနဲ့။ ပျင်းစရာ ကောင်းလွန်းတယ်…”

ချင်ယန်က အမှန်တကယ် အရေးမလုပ်သလို ပြောလိုက်သည်။

လောင်ကစား လုပ်ခြင်းက လူကို ပျက်စီးစေနိုင်သော်လည်း ရွှေဦးချို့ သိဒ္ဓိမြို့ကဲ့သို့ နေရာမျိုးတွင် ချင်ယန်သာ အနိုင်ရချင်စိတ် ရှိနေပါက ရှုံးရန် မည်သို့မျှ မဖြစ်နိုင်ပေ။

"ငွေတုံး သန်း (၃၀)၊ (၄၀) ဟုတ်လား။ မင်းမှာ ဒီလောက် ပိုက်ဆံ အများကြီး ရှိသေးလို့လား..."

လူတစ်ယောက်က လှောင်ပြောင်ပြီး ပြောလိုက်သည်။

ငွေတုံး ဆယ်သန်းဆိုသည့် ပမာဏကပင် သေးငယ်သော ပမာဏ မဟုတ်ချေ။

လူတော်တော် များများက ဤမျှ ပမာဏကို မတတ်နိုင်ကြပေ။ အကယ်၍ တတ်နိုင်လျှင်ပင် လောင်းကစားလုပ်ရန် ဝန်လေး နေကြသည်။

ငွေတုံး ဆယ်သန်း ပိုင်ဆိုင်မှုနှင့် ငွေသား ဆယ်သန်း ဆိုသည်မှာ မတူညီသော အယူအဆ နှစ်ခုပင်.....

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"တကယ်လို့ ငါ့မှာ မရှိရင်တောင် မင်းနိုင်ရင် ကျားဘုရင်ကို ယူလိုက်ပေါ့။ မင်းလည်း လိုချင်နေတာ မဟုတ်လား...."

ချင်ယန်က ပြုံးလိုက်ပြီး.....

"ကျားဘုရင်က ငွေတုံး သန်း (၃၀) တန်နေပါသေးတယ်"

"ချင်ယန် ၊ မင်းမှာ ပိုက်ဆံမရှိရင် ငွေတုံး သန်း (၃၀) အရင် ချေးထားလို့ ရတယ်။ မင်းရှုံးရင်တော့ ကျားဘုရင်က ငါ့အပိုင်ပဲ....."

"ဟွန့်...."

ချင်ယန်က နှာခေါင်း တစ်ချက်ရှုံ့ပြီး မျက်လုံး ပိတ်ထားလိုက်သည်။

ချင်းချွမ်ဟာန်နှင့် အခြားလူများက စိတ်ကျေနပ်စွာ ထွက်သွားကြသည်။ သူတို့က ချင်ယန်ကို အောင်မြင်စွာ စိတ်ဆွနိုင်ခဲ့ပြီ မဟုတ်ပါလော...။ သူတို့၏ ပစ်မှတ်ကလည်း ကျားဘုရင်ပင်...

"သူဌေး.... သူတို့ထဲက တချို့လူတွေက လောင်းကစား လုပ်ကြတယ်။ ကံသမား မဟုတ်ဘူး ဉာဏ်သမားတွေ။ ဒီ မိသားစုတွေထဲမှာ လောင်းကစား ကျွမ်းတဲ့လူတွေ ပါတယ်..."

ကျားဘုရင် အသံတိုးပြီး သတိပေး လိုက်သည်။

ကျားဘုရင်က ချင်ယန် ငွေ ဆုံးရှုံးမည့်ကိစ္စနှင့် ပက်သက်၍ စိတ်မပူပေ။ ဟွာဝမ်ရိုကို ဌားခဲ့သည့် အချိန်က ငွေတုံး သန်း (၁၀၀) အသုံးပြုခဲ့သေးသည် မဟုတ်ပါလော.......

ငွေတုံး သန်း (၃၀) ကျော်ဆိုသော ပမာဏက ချင်ယန်အတွက် ဘာမှ မဟုတ်ပေ။

သို့သော် ချင်ယန်က ချင်းချွမ်ဟာန်နှင့် အခြားလူများကို ပိုက်ဆံ အများကြီး ဆုံးရှုံးသွားခြင်းက ကောင်းသော ကိစ္စ မဟုတ်ပေ။

"ကိစ္စ မရှိဘူး..."

ချင်ယန်က အေးအေးဆေးဆေး ပြောလိုက်သည်။

ကျားဘုရင်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။ ယခုအခါ ချင်ယန်အပေါ် အတော်လေး ယုံကြည်နေသည်။

လဝက်အတွင်းမှာပင် ချင်ယန်က သူနှင့် စာသင်သားတို့၏ စွမ်းရည် အများကြီး တိုးတက်လာအောင် ကူညီ ပေးခဲ့သည်။ ဆယ်မိနစ် အတွင်းမှာပင် ဟွာဝမ်ရို၏ ကျင့်ကြံခြင်း အဆင့်ကလည်း တိုးတက် လာခဲ့သေးသည်။

ချင်ယန်က ယုံကြည်မှု ရှိနေသောကြောင့် ကျားဘုရင်က စိတ်အေး သွားသည်။

'ကျားဘုရင်လည်း မြန်မြန် တိုးတက်ဖို့ လိုတယ်။ ဟွာဝမ်ရှိအတွက်လည်း အစွမ်းထက်တဲ့ ဆေးလုံးတွေ လိုတယ်။ ငွေတုံး သန်း (၁၀၀) နဲ့ ဘယ်လိုမှ မလောက်တော့ဘူး....”

ချင်ယန်က စိတ်ထဲမှ တိုးတိုးလေး ရေရွတ်လိုက်သည်။ ယခုအခါ ချင်းချွမ်ဟာန်နှင့် အခြားလူများက ငွေလာ ပေးနေပြီ ဖြစ်သောကြောင့် သူက မယူလိုက်လျှင် ရိုင်းရာ ကျသွားလိမ့်မည်။

## အခန်း(၁၂၉) - သွေးအပြစ်...

"လူတိုင်းပဲ.. ကောင်းကင်ဘုံ ဘုရင်လေးပါးကို ကြိုဆိုကြပါ...."

ညှော်ခံပွဲ စတင်ပြီး တစ်နာရီ၊ သို့မဟုတ် နှစ်နာရီခန့် ကြာပြီး နောက်ဆုံး၌ ကောင်းကင်ဘုံ ဘုရင် လေးပါးလုံး ပေါ်လာကြသည်။

ခန်းမထဲတွင် ညှော်သည် သုံး၊ လေးရာခန့် ရှိနေသည်။ လူအားလုံးက ချက်ချင်း မတ်တပ်

ထရပ်လိုက်ကြသည်။ ချင်ယန်လည်း မတ်တပ် ထရပ်လိုက်သည်။ ယခုလက်ရှိ အချိန်တွင် ကောင်းကင်ဘုံ ဘုရင်လေးပါးကို ဒေါသဆွခြင်းက ပညာရှိရာ မကျပေ။

"ကောင်းကင်ဘုံ ဘုရင်လေးပါးကို ဂါဝရ ပြုပါတယ်...."

လူတိုင်းက အရိုအသေ ပေးလိုက်ကြသည်။ ချင်ယန်ကလည်း ဟန်ဆောင်၍ ဂါဝရပြုရင်း ကောင်းကင်ဘုံ ဘုရင်လေးပါးကို လှမ်းကြည့်လိုက်သည်။

သွေးဘုရင်၏ မူရင်းအသက်က (၇၈) နှစ်ရှိနေပြီ။ ယခု သူ့ကို ကြည့်လိုက်ပါက ငါးဆယ်ကျော် အဘိုးအို တစ်ယောက်ဟုသာ ထင်ရသည်။ သူ့ ကြွက်သားများကလည်း သံမဏိနှင့် လုပ်ထားသကဲ့သို့ သန်မာ နေသေးသည်။ မျက်နှာပေါ်တွင် အပြုံးတစ်ခု ရှိသော်လည်း သွေးစိမ်းရှင်ရှင် ချီများက စိမ့်ထွက်နေသဖြင့် ကြောက်စရာ ကောင်းနေသည်။

လောင်ကစားဘုရင် လုထန်ဝမ်က အဘိုးအို တစ်ယောက်နှင့် တူနေသည်။

လုထန်ဝမ်က ရိုးရိုးရှင်းရှင်း ဝတ်ဆင်ထားသော်လည်း သူ့ရွှေရောင် အဝတ်အစားများက ရွှေများနှင့် တူနေသည်။

ချင်ယန်က ပန်းဘုရင်ကို မြင်ဖူးသည်။

ကောင်းကင်ဘုံ ဘုရင် လေးပါးထဲတွင် ပန်းဘုရင်နှင့် သွေးဘုရင်တို့က ယွမ်ဟူနယ်ပယ် အဆင့် (၉) တွင် ရှိကြပြီး လောင်းကစား ဘုရင်က ယွမ်ဟူနယ်ပယ် အဆင့် (၈) တွင် ရှိနေသည်။

ကောင်းကင်ဘုံ ဘုရင်လေးပါးက အတူတကွ မတ်တပ် ရပ်နေကြသဖြင့် အောဲရာက အလွန် ပြင်းထန်နေသည်။

'ကောလဟာလတွေက အမှန်ပဲ...'

ချင်ယန်၏ မျက်လုံးထဲတွင် အေးစက်သော အရိပ်အယောင် တစ်ခု ဖြတ်ခနဲ လက်သွားသည်။

ပြန်လည် မမွေးဖွားခင် အချိန်က ချင်ယန်သည် ရှွေဦးချို့ သိဒ္ဓိမြို့သို့ ရောက်လာခဲ့သည်။ ထိုစဉ် အချိန်က သွေးဘုရင်၏ ရောဂါကို သက်သာ စေရန်အတွက် ရက်အနည်းငယ် ကြာတိုင်း

ကလေးငယ် များစွာကို ရက်ရက်စက်စက် သတ်ဖြတ်ကြောင်း၊ ကလေး၏ နှလုံးသွေးကို တစ်ရက်လျှင် တစ်ခွက် သောက်တတ်ကြောင်း ကောလဟာလများကို ကြားခဲ့ရသည်။

ချင်ယန်က ထိုရက်စက်မှုကို ကိုင်တွယ်ရန် ခွန်အား မရှိခဲ့သည့် အပြင် ရွှေဦးချို သိဒ္ဓိမြို့ကဲ့သို့ နေရာမျိုးတွင် ကောလဟာလ အမျိုးမျိုး ထွက်ပေါ် နေတတ်သဖြင့် သိပ် အရေး မစိုက်ခဲ့ပေ။

ယခုအခါ လုထန်ဝမ် ခန္ဓာကိုယ်မှ စိမ့်ထွက်နေသော သွေးစိမ်းရှင်ရှင် ချီကို မြင်တွေ့နေရပြီ။

သာမန် သတ်ဖြတ်ခြင်းဖြင့် ပေါ့ပေါ့ဆဆ မညစ်ညမ်း စေနိုင်ပေ။ အသတ်ခံရသည့် လူက ကြင်နာတတ်သူ သို့မဟုတ် အလွန်ဖြူစင်သည့် အခါမှသာ ထွက်ပေါ် တတ်ခြင်းပင်။

ထို့ကြောင့် လုထန်ဝမ်က လူပေါင်းများစွာကို ရက်စက်စက် သတ်ဖြတ်ခဲ့ လိမ့်မည်။ သို့သော်

သူတို့ထဲတွင် အလွန်ကြင်နာတတ်သူ အများကြီး မပါနိုင်ပေ။

ယခုမူ ရက်စက် ကြမ်းကြုတ်သော သွေးစိမ်းရှင်ရှင် ချီ စိမ့်ထွက်နေသဖြင့် ကလေးငယ်ပေါင်း များစွာကို သတ်ဖြတ်ခြင်းသာ ဖြစ်နိုင်သည်။

ကလေးငယ်များက စက္ကူဖြူ တစ်ခုကဲ့သို့ ဖြူစင်ကြသည်။ သာမန် ကလေးတိုင်းကို သတ်ဖြတ် လိုက်သည်နှင့် ညစ်ညမ်း သွားလိမ့်မည်။ ဒါက

ပြန်ဖျက်ရန် ခဲယဉ်းလွန်းသဖြင့် ညှစ်ညမ်းမှုက စွဲနေလိမ့်မည်။

'ရောဂါ သက်သာဖို့အတွက်နဲ့ ကလေးတွေ အများကြီးကို သတ်လိုက်ရတာလား.. တောက်စ် ခွေးမသားကွာ....'

ချင်ယန်သည် သူ့စိတ်ထဲမှ ကျိန်ဆဲလိုက်သော်လည်း သူ့ မျက်လုံးက စိတ်လှုပ်ရှားမှုကြောင့် တလက်လက် တောက်ပနေသည်။

လုထန်ဝမ် ကဲ့သို့ သွေးစွန်းနေသော လူကို သတ်ဖြတ်လိုက်ပါက ကုသိုလ် ရရှိနိုင်သည်။

ယွမ်ဟူ၊ ယွမ်ဟိုင်နှင့် ယွမ်ဒန်အဆင့်တွင် ကုသိုလ်၏ အရေပေါ်ပုံကို မသိသော်လည်း ချင်ယန်က သိနေသည်။

ကုသိုလ်၏ အရေးပါမှုက အဆုံးမရှိပေ။

၎င်းက ဒဏ်ရာများကို ပြန်လည် ကောင်းမွန်စေနိုင်သလို အတွင်းဒဏ်ရာကိုလည်း ဖယ်ရှားပေးနိုင်ပြီး မွေးရာပါ စွမ်းရည်ကို မြှင့်တင်ပေးနိုင်သည်။ သိုင်းဝိညာဉ် ၊ ဝူဂူ (အရိုးဉာဏ်အလင်း) နှင့် နတ်ရတနာ တို့ကိုလည်း ကုသိုလ်နှင့် မြှင့်တင် ပေးနိုင်သည်။

ကုသိုလ်က လူတစ်ယောက်၏ ကျင့်ကြံခြင်း အခြေအုတ်မြစ်ကို လျင်မြန်စွာ စုစည်းပေးနိုင်ပြီး ပိုမို မြန်ဆန်စွာ အဆင့်တက်စေနိုင်သည်။ နှလုံးသား နတ်ဆိုး (အတွင်းစိတ် နတ်ဆိုး) နှင့် ကြုံတွေ့သည့် အခါမှာလည်း ကုသိုလ်ကို အသုံးပြု၍ ကိုင်တွယ် ဖြေရှင်း နိုင်သေးသည်။

အရေးကြီးဆုံး အချက်မှာ ကုသိုလ်က ဘေးဒုက္ခ ဖြတ်ကျော်ရာတွင် အောင်မြင်မှု ရာခိုင်နှုန်းကို တိုးမြင့် ပေးနိုင်ခြင်းပင်။

ကုသိုလ် ရရှိရန် မခက်သော်လည်း ကုသိုလ်များများရရှိရန် အလွန် ခက်ခဲသည်။

သာမန် ကုသိုလ်များက ရရှိနိုင်သော်လည်း အချို့ကုသိုလ်များက အလွန် ရှားပါး၏။ သာမန်လူဆိုးများကို သတ်ဖြတ်ခြင်းက ကုသိုလ် အနည်းငယ်သာ ရရှိနိုင်ပြီး လုထန်ဝမ်ကဲ့သို့ လူများကို သတ်ဖြတ်ခြင်းက ကုသိုလ်များစွာ ရရှိစေနိုင်သည့်။

သာမန်ကောင်းမှု တစ်ထောင်၊ နှစ်ထောင်ခန့် လုပ်လျှင်ပင် လုထန်ဝမ်ကို သတ်ဖြတ်သလောက် ကုသိုလ် ရရှိမည် မဟုတ်ချေ။

'ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို အချိန်တိုလေး အတွင်း မူလအစစ်အမှန် နယ်ပယ် အဆင့် (၂) ကနေ အဆင့် (၅) အထိ မြှင့်တင် နိုင်ခဲ့ပေမယ့် ကျင့်ကြံခြင်း အုတ်မြစ်ခိုင်အောင် အချိန်အများကြီး ပေးရအုံးမှာ။ လုံလောက်တဲ့ ကုသိုလ်သာ စုဆောင်း နိုင်မယ်ဆိုရင် ကျင့်ကြံခြင်း အခြေခံ အုတ်မြစ်ကို မြန်မြန်ဆန်ဆန် စုဆောင်းပြီး မူလအစစ်အမှန်

နယ်ပယ် အဆင့် (၈) ကို အချိန်တိုလေးအတွင်း တက်လှမ်း နိုင်လိမ့်မယ်'

'နှစ်သစ်ရောက်လို့ အင်ပါယာ မြို့တော် ပြန်တဲ့ အချိန်ကျရင် ယွမ်ဟူ နယ်ပယ်တောင် ရောက်နေနိုင်တယ်....'

ချင်ယန် မျက်လုံးထဲတွင် သွေးဘုရင် လုထန်ဝမ်က လူသေ တစ်ယောက် ဖြစ်နေခဲ့ပြီ။

"ချင်ယန်က ဘယ်သူလဲ....."

ထိုစဉ် သွေးဘုရင် လုထန်ဝမ်က ကြမ်းတမ်းသော အသံနှင့် ပြောလိုက်သည်။

မျက်လုံးပေါင်းများစွာက ချင်ယန်ကို ကြည့်နေသည်။

ချင်ယန်က ရှေ့ထွက်သွားသည်။

"ဘုရင်လုကို တွေ့ဖူးပါတယ်..."

ချင်ယန်က လက်နှစ်ဖက်ကို ခွက်ပုံစံအုပ်မိုးပြီး ပြောလိုက်သည်။

လုထန်ဝမ်က ချင်ယန်ကို ကြည့်ပြီး ပြုံးလိုက်ကာ....

"ရှို့ခန်း ပြောပြတာတော့ ချင်ယန်... မင်းက ချမ်ဟိုင်ကို ဝယ်ခဲ့ပြီး စာသင်သား နန်ရှွမ်နဲ့ တခြားလူတွေကိုလည်း ဝယ်ခဲ့တယ်ဆို မဆိုးဘူး...."

"ဒီခုံမှာ ထိုင်ဖို့ စိတ်ဝင်စားလား...."

"ဒီခုံမှာသာ ထိုင်လိုက်ရင် အခုလက်ရှိ မင်းပြဿနာက မင်းကို ဒီလောက် ဒုက္ခပေးနိုင်တော့မှာ မဟုတ်ဘူး..."

ဒါသည် လုထန်ဝမ်၏ ကိုယ်တိုင်ခေါ်ယူခြင်းပင်။ လူတော်တော် များများက မနာလိုဖြစ်နေကြသည်။ လူတိုင်းတွင် ထိုကဲ့သို့ အခွင့်အရေးမျိုး မရှိပေ။

ချင်းချွမ်ဟန်ကလည်း အလွန် စိုးရိမ်နေသည်။ အကယ်၍ ချင်ယန်က သွေးဘုရင်၏ လက်အောက်ခံ ဖြစ်သွားပါက ချင်ယန်ကို မည်ကဲ့သို့ ကိုင်တွယ် ရမည်နည်း.......

"လုထန်ဝမ်၊ ငါတို့ သီးသန့် စကားပြောလို့ ရမလား.."

ချင်ယန်က ပြောလိုက်သည်။

လုထန်ဝမ်၏ မျက်လုံးထဲတွင် အလင်းရောင်တစ်ခု ဖြတ်ခနဲ လက်သွားသော်လည်း ခေါင်းညိတ်လိုက်ပြီး...

"ကောင်းပြီလေ...။ မင်းလို လုပ်နိုင်စွမ်း ရှိတဲ့ လူတစ်ယောက်ကို သဘောကျတယ်။ ခဏနေရင် မင်းနဲ့ သီးသန့် စကားပြောမယ်"

ဆယ်မိနစ်ခန့် ကြာသောအခါ ချင်ယန်နှင့် လုထန်ဝမ်တို့က တိတ်ဆိတ်သော အခန်းတစ်ခုထဲ ရောက်ရှိ သွားကြသည်။

ကျားဘုရင်နှင့် လုထန်ဝမ်၏ လူများက အပြင်ဘက်တွင် ကျန်နေခဲ့သည်။

"ချင်ယန်၊ ငါ့ကို ဘာပြောချင်တာလဲ...."

လုထန်ဝမ်က တစ်ချက်ပြုံးပြီး ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

ချင်ယန်က လုထန်ဝမ်ကို ကြည့်ပြီး ခေါင်းခါလိုက်ကာ.......

"မင်းမှာ အရမ်းများတဲ့ နားကျဉ်းမုန်းတီးမှုတွေ စုဝေးနေပြီ။ အရမ်း နာနေမှာပဲ။ မင်း သွေးစွန်းနေပြီ။ ဒါကို မသိဘူးလား..."

လုထန်ဝမ်က မျက်မှောင် ကြုတ်လိုက်ပြီး.....

" ဘာကို သွေးစွန်းတာလဲ...."

ချင်ယန်က.......

"လုထန်ဝမ်၊ မင်းက ကလေးပေါက်စတွေနဲ့ ကလေးတွေ အများကြီး သတ်ခဲ့တယ် မဟုတ်လား။

သာမန်လူကို သတ်ရုံ သက်သက်နဲ့ ဒီလောက် သွေးမစွန်းနိုင်ဘူး...”

လုထန်ဝမ်၏ မျက်လုံးက ဒေါသစိတ်ကြောင့် တလက်လက် တောက်ပလာသည်။ ကလေးပေါက်စ အများကြီး သတ်ခဲ့သည့် အကြောင်းကို လူအများကြီး မသိပေ။

“ချင်ယန်၊ အဓိပ္ပါယ် မရှိတဲ့ စကားတွေ မပြောနဲ့......”

လုထန်ဝမ်က အေးစက်စွာ ပြောလိုက်သည်။

ချင်ယန်က ပါးပါးလေး သက်ပြင်း ချလိုက်ပြီး.....

“လုထန်ဝမ်၊ မင်းအတွက် ပြောနေတာ..။ ငါ ပြောလိုက်မယ်။ ဒီလို ဆက်လုပ်နေရင် မင်း အသက်ရှည်မှာ မဟုတ်ဘူး...”

“ငါ့ကို ပြောစမ်းပါအုံး။ ဘာကို သွေးစွန်းတာလဲ.... ဘာဖြစ်လို့ ဒီလို သွေးစွန်းတာလဲ....”

လုထန်ဝမ်က အေးစက်စွာ ပြောလိုက်သည်။

ချင်ယန်က...

“သွေးစွန်းတာကို သာမန် လူတွေ မမြင်ရဘူး။ ဒါပေမဲ့ အထူးစွမ်းရည် ရှိတဲ့လူ၊ ဒါမှမဟုတ် သန်မာတဲ့ လူတွေကပဲ မြင်နိုင်တာ။ သတ်မှတ်ထားတဲ့ အမှတ်တစ်ခုကို မရောက်သေးလို့ သက်ရောက်မှုက အားနည်းနေသေးတဲ့ သဘောပဲ။ တကယ်လို့ ပြင်းထန်တဲ့ အဆင့်ရောက်သွားရင် မင်းက သနားစရာ ကောင်းအောင် သေသွားလိမ့်မယ်။ ပုံမှန်စကားနဲ့ ပြောရမယ်ဆို သွေးစွန်းတဲ့ လူတွေကို အစွမ်းထက်တဲ့ လူတွေက သတ်ပစ်တတ်ကြတယ်...”

"လုထန်ဝမ် ၊မင်းရဲ့ သွေးစွန်းမှုက အရမ်းပြင်းထန်နေပြီ..."

လုထန်ဝမ်က အေးစက်စက် ရယ်မောလိုက်ပြီး....

"ချင်ယန်၊ မင်း ပြောနေတဲ့စကားက အမှန်လား၊ လုပ်ဇာတ်လားဆိုတာ ဘယ်လို သိမှာလဲ...."

ချင်ယန်က ခဏတွေ့မျှ စဉ်းစားလိုက်ပြီး.....

"ကောင်းပြီ။ မင်းကိုယ်ပေါ်မှာ စည်းတံဆိပ် ရေးဆွဲပေးမယ်။ ဒါဆိုရင် သွေးစွန်းမှုကို စက္ကန့်အနည်းငယ် ကြာအောင် မြင်ရလိမ့်မယ်"

"ငွေတုံး သန်း (၅၀) ပေးရမယ်...."

လုထန်ဝမ်က ချင်ယန်ကို အေးစက်သော မျက်လုံးများနှင့် စိုက်ကြည့်လိုက်ပြီး......

"ချင်ယန်၊ မင်းရဲ့ သတ္တိက ပေါ့သေးသေး မဟုတ်ဘူးဘဲ။ ဒါလေးဆွဲဖို့ကို ငွေတုံး သန်း (၅၀) တောင်းတယ် ဟုတ်လား...."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"ထိုက်တန်လို့ပေါ့...."

"လုထန်ဝမ်၊ မင်းကို သတိပေးလိုက်မယ်။ မင်းရဲ့ အသက်က ဒီထက်မက တန်ပါတယ်..."

လုထန်ဝမ် မျက်လုံးထဲတွင် အလင်းရောင်တစ်ခု ဖြတ်ခနဲ လက်သွား၏။ စက္ကန့် အနည်းငယ် ကြာပြီးနောက်......

"ရတယ်လေ... ငါ သဘောတူတယ်။ ဒါသာ အမှန်ဖြစ်ရင် မင်းကျေးဇူးကို ငါ မှတ်ထားမယ်..."

" တစ်နာရီလောက် ကြာမယ်..."

ချင်ယန်က ပြောလိုက်သည်။

"ကောင်းပြီ.."

လုထန်ဝမ်က အပြင်ထွက်ပြီး အမိန့်ပေးလိုက်သည်။

အခန်းထဲသို့ ပြန်ဝင်လာသောအခါ အောက်ခံဘောင်းဘီ တစ်ထည်တည်း ကျန်အောင် အဝတ်စားများကို ချွတ်လိုက်သည်။

ချင်ယန်က စည်းစုပ်တံကို ထုတ်ယူပြီး စတင်ရေးဆွဲလိုက်သည်။

"မဟာ သခင်အဆင့် စည်းတံဆိပ်လား..."

ချင်ယန်က ပထမဦးဆုံး စည်းတံဆိပ်ကို ရေးဆွဲပြီးသွားသောအခါ လုထန်ဝမ်လည်း အံ့အောမှင်သက်သွားသည်။

ရွှေဦးချို သိဒ္ဓိမြို့ ဘက်တွင် မဟာသခင်အဆင့် စည်းသခင်များက အလွန် မြင့်မားသော အဆင့်အတန်းများကို ပိုင်ဆိုင် ထားကြသည်။

ချင်ယန်ကမူ ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"လုထန်ဝမ်၊ ငါသာ မဟာသခင်အဆင့် ဆိုရင် မင်းရဲ့ သွေးစွန်းမှုကို မကူညီပေးနိုင်ဘူး။ ငွေတုံးသန်း (၅၀) က တန်ပါတယ်"

အချိန်ကြာလာသည်နှင့် အမျှ ချင်ယန်က လုထန်ဝမ် ခန္ဓာကိုယ်ပေါ်တွင် မဟာသခင်အဆင့် စည်းတံဆိပ် အများအပြား ရေးဆွဲလိုက်သည်။ ထိုအထဲတွင် လုထန်ဝမ် သိသည့်အရာများ ပါသော်လည်း အများစုကိုမူ လုံးဝ မသိပေ။

“ပြီးပြီ....”

ချင်ယန်က သူ့နဖူးမှ ချွေးများကို သုတ်လိုက်ရင်း....

"လုထန်ဝမ်၊ ဒီ စည်းတံဆိပ်ကို အသက်သွင်းပြီးရင်တောင် စက္ကန့် အနည်းငယ်ပဲ မြင်ရမှာနော်… အာရုံစိုက်ထား…."

"အင်း…."

လုထန်ဝမ်က ခေါင်းညိတ်လိုက်ပြီး မျက်လုံးပြူးထားသည်။

"အလင်းပြစမ်း…."

ချင်ယန်က စည်းတံဆိပ်များကို ချက်ချင်း အသက်သွင်း လိုက်သည်။

လုထန်ဝမ် ခန္ဓာကိုယ်ပေါ်မှ စည်းတံဆိပ် အားလုံး တောက်ပလာပြီး မျက်စိတစ်မှိတ် အတွင်းမှာပင် စည်းတံဆိပ် အားလုံး ပျောက်ကွယ်သွားသည်။

"ဒါ...."

လုထန်ဝမ် မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်နေသော အမူအရာများ ပေါ်လာသည်။ သူ့ခန္ဓာကိုယ် တစ်ဝိုက်ကို အနီရောင် အခိုးအငွေ့များက ရစ်ဝဲနေသည်။ ထိုအနီရောင် အခိုးငွေ့ထဲတွင် ကလေးများ ရှုပ်ပွနေ၏။

ပုံမှန်ဆိုလျှင် ကလေး မျက်နှာများက ချစ်စရာ ကောင်းရမည် ဖြစ်သော်လည်း လုထန်ဝမ် မြင်နေရသော ကလေးမျက်နှာများက ကြောက်စရာ ကောင်းနေသည်။

ကလေးငယ်များက သရဲတစ္ဆေများ ကဲ့သို့ အဆက်မပြတ် အော်ဟစ်နေပြီး သူ့ကို ကုတ်ဖဲ့ နေကြသည်။

ငါးစက္ကန့်ခန့် ကြာသောအခါ အရာအားလုံး ပျောက်သွားပြီး လုထန်ဝမ်၏ အသက်ရှူ နှုန်းလည်း တိုတောင်း လာခဲ့သည်။

"လုထန်ဝမ်၊ မင်းမြင်လား။ ဒါက သွေးအပြစ်ပဲ။ သူတို့က မင်းကို အချိန်တိုင်း ခြောက်လှန့်နေကြတာ။ ပို အားကောင်းလာမယ့် အချိန်ကို စောင့်နေတဲ့ သဘောပဲ။ မင်းသာ ဒီအတိုင်း ဆက်လုပ်နေရင်.."

ချင်ယန်က ခေါင်းခါ ပြလိုက်သည်။

လုထန်ဝမ်၏ မျက်နှာ အမူအရာက ရုပ်ဆိုးလာ၏။ ကုသမှုက ထိရောက်မှု ရှိသည်ဟု သူက ထင်နေခဲ့သည်။ ထို့ကြောင့် ကလေးငယ်များကို သတ်ပြီး ကလေး

နှလုံးသွေးများကို သောက်သုံး နေခဲ့သည်။ သို့သော် ယခုလက်ရှိ မြင်လိုက်ရသော မြင်ကွင်းက ကြောက်စရာ ကောင်းလွန်းလှသည်။

“ချင်ယန်၊ မဟုတ်ဘူး.. မဟာသခင်ချင်၊ ငါ.,,, ဘာလုပ်ရမှန်း မသိတော့ဘူး. ပြီးတော့ ငါ့ ခန္ဓာကိုယ် အခြေအနေက….. မဟာသခင်ချင်၊ ဒီပြဿနာကို ဖြေရှင်း ပေးနိုင်မလား…..”

လုထန်ဝမ်က လက်နှစ်ဖက်ကို ခွက်ပုံစံ အုပ်မိုးပြီး ပြောလိုက်သည်။ သူ့ အပြုအမူက အတော်လေး တိုးတက်လာသည်။

## အခန်း(၁၃၀) - အလှူရှင်ကြီး..

ချင်ယန်က မည်သည့် စကားမှ မပြောဘဲ လုထန်ဝမ်ကို စိုက်ကြည့်နေသည်။

"ငါ ခေါင်းပူပြီး စိတ်ထွေသွားတယ်။ မဟာသခင်ချင်လည်း အများကြီး ကြိုးစားခဲ့ရတာ ဆိုတော့ လုပ်ခနည်းလို့ ဘယ်ဖြစ်မလဲ...."

လုထန်ဝမ်က စကားပြောနေရင်း ရွှမ်ကျင့်ကတ်ကို ထုတ်ယူလိုက်သည်။

ချင်ယန်ကလည်း ရွှမ်ကျင့်ကတ်ကို ထုတ်ယူလိုက်သည်။

မကြာခင် လုထန်ဝမ်က ချင်ယန်ထံ ငွေတုံး သန်း (၁၀၀) လွှဲပေးလိုက်ပြီး……

"မဟာသခင်ချင်၊ ကျေးဇူးပြုပြီး ငါ့ကို ပြောပြပါအုံး။ မဟာသခင်ချင်က နောက်ဆုံးထိ ကူညီပေးမယ်လို့ မျှော်လင့်လို့ ရမလား။ ဒါဆိုရင် ငါက မဟာသခင်ချင် အပေါ်မှာ ကျေးဇူးအကြွေးတင်နေပါပြီ…"

ချင်ယန်က မျက်မှောင် ကြုတ်နေသည်။

"မဟာသခင်ချင်၊ ကူညီပြီး အဖြေတစ်ခုလောက် ရှာပေးပါအုံး......"

လုထန်ဝမ်က လက်နှစ်ဖက်ကို ခွက်ပုံစံ အုပ်မိုးပြီး ပြောလိုက်သည်။

ချင်ယန်က ဝန်လေးနေသော အမူအရာနှင့်......

"လုထန်ဝမ်၊ မင်းနှလုံးမှာ ပြဿနာ တချို့ ရှိနေတယ်။ တစ်ခါတစ်လေ ရင်ကြပ်မယ်၊ နာကျင်မယ်။ အမော ဖောက်မယ်။ ဒါကိုတော့ ငါ ဖြေရှင်း ပေးနိုင်ပေမယ့် သွေးစွန်းတဲ့ ကိစ္စကတော့...."

"သွေးစွန်း နေတာကိုလည်း ပြပြီးပြီ။ သွေးစွန်းတဲ့ ကိစ္စကို ဖြေရှင်းပေးရင် ငါ့အပေါ်မှာ သက်ရောက်မှု ရှိလာလိမ့်မယ်။ တကယ်လို့ ငါသာ ကူညီပြီး ဖြေရှင်းပေးနိုင်ရင် ကြီးမားတဲ့ ဘေးကပ်ဆိုးနဲ့ ကြုံတွေ့ ရနိုင်တယ်"

လုထန်ဝမ်က......

"မဟာသခင်ချင်၊ အခုလက်ရှိ ရှခွန်က မင်းကို ဒုက္ခပေးနေတယ် ကြားတယ်။ သချိုင်းဘုရင် ရှခွန်က မင်းကို သတ်ချင်နေတယ်။ မင်းအတွက် ရှခွန်ကို ပြောပေးနိုင်တယ်။ ရှခွန်က ငါ့ကို

မျက်နှာသာ ပေးရလိမ့်မယ်။ တခြားနေရာတော့ မပြောနိုင်ပေမဲ့ ဒီရွှေဦးချို သိဒ္ဓိမြို့မှာတော့ မင်းဘေးကင်းစေရမယ်…”

“ဒါ….”

ချင်ယန်က တွေဝေ နေသေးသည်။

လုထန်ဝမ်က…..

“မဟာသခင်ချင်၊ ချင်းချွမ်ဟန်က မင်းကို ပြဿနာ ရှာနေတယ် မဟုတ်လား… ဒါကိုလည်း ဖြေရှင်း ပေးနိုင်တယ်……”

ချင်ယန်က ခေါင်းခါလိုက်ပြီး.........

“ဒါက မလိုဘူး။ လုထန်ဝမ်က ရှန့်ခွန် ပြဿနာကိုပဲ လုပ်ပေးပါ။ ငါလည်း မင်း နှလုံးရောဂါကို ကုသပေးဖို့ ပြင်ဆင် ရအုံးမယ်။ နှလုံးရောဂါက တစ်ပတ်အတွင်း ဖြေရှင်း ပေးနိုင်တယ်။ သွေးစွန်းနေတဲ့ ပြဿနာက အချိန်ပိုယူရမယ်။ တစ်လပြည့်မှ စပြီး ကုသလို့ ရမှာ....”

"ဒီကြားထဲ မင်းက သွေး ဆက်သောက်လို့ မရဘူး။ မဟုတ်ရင် ပြဿနာ ပိုဆိုးလာလိမ့်မယ်။ ငါလည်း ဖြေရှင်းနိုင်မှာ မဟုတ်တော့ဘူး….."

လုထန်ဝမ်က စိတ်အေးသွားပြီး သက်ပြင်း ချလိုက်သည်။

"ကျေးဇူး အများကြီး တင်ပါတယ်။ မဟာသခင်ချင်…."

လုထန်ဝမ်က လက်နှစ်ဖက်ကို ခွက်ပုံစံ အုပ်မိုးပြီး ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.......

“ဒီပြဿနာကို ဖြေရှင်းဖို့ မင်းက အဆင့်မြင့် ပစ္စည်းတွေ အများကြီး ပြင်ဆင် ပေးရမယ်။ ပြီးတော့ ကုန်ကျစရိတ်ကို တာဝန် ယူပေးရမယ်။ ငွေတုံး သန်း (၅၀) ကိုလည်း ကြိုပေးထား ရမယ်။ အချိန်တန်လို့ မလုံလောက်သေးရင် မင်းကိုယ်တိုင် လိုက်ဝယ်ရမယ်...”

လုထန်ဝမ်က ကမန်းကတန်း ခေါင်းညိတ်လိုက်ပြီး......

“ဘာ ပြဿနာမှ မရှိပါဘူး.....”

"လုထန်ဝမ်၊ ငါက မဟာသခင် အဆင့် ရောက်နေတဲ့ အကြောင်းကိုလည်း လျှို့ဝှက်ထားပေးပါ။ တစ်ယောက်ယောက်က ငါ့ကို ကုသပေးဖို့ မကြာခဏ လာတောင်းဆိုနေရင် မင်းအတွက် အချိန်ပုပ် သွားလိမ့်မယ်...."

ချင်ယန်က ပြောလိုက်သည်။

"ထုံးစံ အတိုင်းပါပဲ...."

ခဏအကြာ ချင်ယန်က အခန်းထဲမှ ထွက်သွားသည်။ သူ့ စိတ်ထဲက လှောင်ရယ်နေသည်။

အခြားလူ တစ်ယောက်အတွက် ဆိုလျှင် သွေးနီရောင် အခိုးငွေ့များကို ဖော်ထုတ်ရန် မလွယ်ကူပေ။

ထို့အပြင် ချင်ယန်က လုထန်ဝမ် ခန္ဓာကိုယ်ပေါ်တွင် ရေးဆွဲပေးခဲ့သော စည်းတံဆိပ် အများစုက သွေးအပြစ်ကို ဖော်ပြရန် မဟုတ်ဘဲ လုထန်ဝမ်ကို သတ်ဖြတ်ရန် ဖြစ်သည်။

ထိုစည်းတံဆိပ်များက လုထန်ဝမ် ခန္ဓာကိုယ်ထဲမှ စွမ်းအားများကို အဆက်မပြတ် စုဆောင်း နေလိမ့်မည်။ အချိန်တန်၍ တစ်လ ပြည့်သွားပါက

ပေါက်ကွဲသွားပြီး လုထန်ဝမ်က နောက်ဆုံး ထွက်သက်ကို ရှူသွား ရလိမ့်မည်။

ချင်ယန်က ပြောခဲ့သည့် တစ်လဟူသော အချိန်သည် သူ၏ကျင့်ကြံခြင်း အဆင့်ကို မူလအစစ်အမှန် နယ်ပယ် အဆင့် (၈) အထိ မြှင့်တင်နိုင်မည့် အချိန်ဖြစ်ပြီး ထိုအချိန်တွင် လုထန်ဝမ်ကို သတ်ဖြတ်၍ ရရှိလာသော ကုသိုလ်များဖြင့် အချိန်တိုလေး အတွင်း အခြေအုတ်မြစ်ကို စုစည်းကာ ယွမ်ဟူ နယ်ပယ်ကို တက်လှမ်းမည် ဖြစ်သည်။

ဒီနည်းအားဖြင့် ဆိုလျှင် ရှုခွန်နှင့် ဖြေရှင်းရမည့်အချိန်တွင် သူ့လက်ထဲ၌ ပိုများသောအခွင့်အရေးများကို ဆုပ်ကိုင် ထားနိုင်လိမ့်မည်။

"လုထန်ဝမ်၊ ချင်ယန်က မင်း လက်အောက်ခံဖြစ်သွားပြီလား…"

ချင်ယန်တို့ နှစ်ယောက် ခန်းမထဲပြန်ရောက်လာသောအခါ ဟွာတန်က ပြုံးပြီးမေးလိုက်သည်။

လုထန်ဝမ်က ဖြည်းဖြည်းခြင်းခေါင်းခါလိုက်ပြီး….

“ဒီလောက် ကံမကောင်းပါဘူး…”

လုထန်ဝမ်၏ စကားကို ကြားသောအခါ ပန်းဘုရင် ဟွာတန်က သက်ပြင်း ချလိုက်သည်။

ချင်ယန်က လုထန်ဝမ်၏ လက်အောက်ငယ်သား တစ်ယောက် မဟုတ်သဖြင့် ချင်းချွမ်ဟန်က ကြိတ် ပျော်သွားသည်။

လုထန်ဝမ် ပြောခဲ့သည့်

‘ဒီလောက် ကံမကောင်း ခဲ့ပါဘူး’

ဟူသော စကားကို လုထန်ဝမ်က ချင်ယန်ကို မရခဲ့သဖြင့် ထွေငေါ့ပြီး ပြောလိုက်သော စကားဟု ယူဆ လိုက်ကြသည်။

"လူတိုင်းပဲ. ငါ လုပ်စရာ ရှိသေးလို့ သွားတော့မယ်...."

မကြာခင် လုထန်ဝမ်က ထွက်သွားသည်။ သူ၏ သွေးအပြစ်ကို ဖြေရှင်းနိုင်ရန် အမြန်ဆုံး စီစဉ် ရမည်။ ဟုတ်သည် ရှုခွန်နှင့်လည်း စကား ပြောရအုံးမည်။

“ချင်ယန်၊ ငါတို့ လောင်းဖို့ လောင်းကစားရုံ တစ်ခု သွားရှာရအောင်.....”

ချင်းချွမ်ဟန်က ချင်ယန်ထံ လမ်းလျှောက်လာပြီး လှောင်ပြောင်သော လေသံနှင့် ပြောလိုက်သည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး......

“သွားစရာ လိုလို့လား.. ဒီမှာလောင်းလဲ ရတယ်လေ....။ ခွက်တစ်ခုယူ၊ အန်စာတုံးတွေ ပစ်ထည့်။ ပြီးရင် လောင်းလို့ရပြီလေ။ အံစာတုံး ငါးလုံးဆိုရ င် အပူးလား ၊ သုံးလုံးလား။ ဟောက်လား... စီနီယာလား၊ လောင်းလို့ ရနေပြီ။

ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်တောင် အန်စာတုံးကို ထိန်းချုပ်လို့ မရဘူး။ လှည့်စားဖို့ လုံးဝ မဖြစ်နိုင်ဘူး....”

ချင်းချွမ်ဟန်က ထို လောင်းကစားမျိုး မလုပ်ဖူးသဖြင့် အနည်းငယ် အင်တင်တင် ဖြစ်နေ၏။

“ငွေတုံး သန်း (၃၀)၊ လောင်းမှာလား၊ မလောင်းဘူးလား..”

“မလောင်းဘူး ဆိုရင်လည်း အိမ်ပြန် ရေချိုးပြီး အိပ်လိုက်တော့....”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ချင်းချွမ်ဟန်က မျက်မှောင် ကြုတ်လိုက်ပြီး......

"ချင်ယန်၊ ဒီမှာ လောင်းကစား အငွေ့အသက် မရှိဘူး. လောင်းကစားရုံကိုပဲ သွားရအောင်......"

ဤ လောင်းကစားနည်းတွင် နည်းပညာဆိုင်ရာ အားသာချက် မရှိချေ။ ထို့ကြောင့် ချင်းချွမ်ဟန်က လောင်းချင်စိတ် မရှိပေ။

"ဒီလောက် လောင်းကြေးလေးနဲ့ မင်းနောက် လျှောက်မလိုက်နိုင်ဘူး။ လောင်းချင်ရင် ခု

လောင်းလိုက်။ မလောင်းချင်ရင်လည်း ဘယ်သူမှ မင်းကို အတင်းအကျပ် တိုက်တွန်း မနေဘူး..”

ချင်ယန်က အေးအေးဆေးဆေး ပြောလိုက်သည်။

ချင်းချွမ်ဟန်က လေးနက်သော အမူအရာနှင့်.....

“ငွေတုံး သန်း (၃၀) လောင်းမယ်ဟုတ်လား..... မင်းက ကျားဘုရင်ကို လောင်းမှာလား...”

ချင်ယန်က ဘေးနားတွင် ရှိနေသော ကျားဘုရင်ကို တစ်ချက် ကြည့်ပြီး ခေါင်းညိတ်လိုက်ကာ.......

"မင်း ဖြစ်စေချင်တယ် ဆိုရင် လောင်းပေးမယ်...."

"ကောင်းပြီ...... မင်းနဲ့လောင်းမယ်...."

ချင်းချွမ်ဟန်က အံကြိတ်ပြီး ပြောလိုက်သည်။

ယခင်က သန်း (၄၀) နှင့် မည်သူမှ မဝယ်ခဲ့ဖူးပေ။ သို့သော် (၃၅) သန်းနှင့် ရောင်းမည်ဆိုပါက ဝယ်သူ ရှိနိုင်သည်။

ကျားဘုရင်ကို လောင်းကြေး သန်း (၃၀) နှင့် ရနိုင်မည့် အခွင့်အရေး ရှိနေသည်။ ချင်းချွမ်ဟန်၏ အမြင်တွင် တန်နေသေးသည်။

မကြာခင် အန်စာတုံး ငါးတုံး ပါသော ခွက်တစ်ခုကို တွေ့လိုက်ရသည်။

ယွမ်ဟူ နယ်ပယ် တန်ခိုးရှင်များသည် အန်စာတုံး တစ်တုံးခန့်ကို ထိန်းချုပ်နိုင်သည်။ သို့သော် အန်စာတုံး ငါးတုံးလုံးကိုမူ ထိန်ချုပ်ရန် အခြေခံအားဖြင့် မဖြစ်နိုင်ချေ။

ထို့ကြောင့် အန်စာတုံး ပစ်မည်ဆိုပါက ယွမ်ဟူ နယ်ပယ် တန်ခိုးရှင်များ အတွက်ပင် အန်စာတုံး လေးတုံးက ကံတရား ဖြစ်နေသည်။

"ဒီလို လောင်းတာက တကယ် ထူးဆန်းတယ်..."

"မပြောနဲ့.... သရဲတောင် လှည့်ကွက်သုံးလို့ ရမှာ မဟုတ်ဘူး...."

မကြာခင် ချင်ယန်တို့ဘေးတွင် လူအုပ်ကြီး ဝိုင်းအုံလာသည်။ အခြေခံအားဖြင့် ထိုလူများက မြို့၏ မြို့မျက်နှာဖုံးများ ဖြစ်ကြပြီး လောင်းကစားက သူတို့အပေါ်မှာ ဆွဲဆောင်မှု နည်းသည်။ သို့သော် ချင်ယန်တို့ နှစ်ယောက်၏ လောင်းကြေးက သန်း (၃၀) ဖြစ်နေသည် မဟုတ်ပါလော.....

"ချင်ယန်၊ ငါ အရင်ပစ်မယ်....."

ချင်းချွမ်ဟန်က ထိုကဲ့သို့ပြောပြီး အန်စာတုံး ပစ်လိုက်ရာ (၂) သုံးလုံး (၁) နှင့် ဟောက်သွားသည်။ ထိုအခါ ချင်ယန်က သူ့ကို မနိုင်တော့ဘူးဟု ယူဆပြီး ချင်းချွမ်ဟန်၏ မျက်နှာက ပြုံးဖြဲဖြဲ ဖြစ်နေသည်။

ထို့နောက် ချင်းချွမ်ဟန်က လေးနက်သော အမူအရာနှင့်....

"ချင်ယန်၊ လူအများကြီး စောင့်ကြည့် နေတယ်နော်။ မင်းရှုံးရင် ကျားဘုရင်က ငါတို့ ချင်းမိသားစု အပိုင်ပဲ"

“မင်းရှုံးရင်တော့ ငွေသန်း (၃၀) ချက်ချင်း ပေးရမယ်...”

ချင်ယန်က ပြောလိုက်သည်။

“ပြဿနာ မရှိဘူး....”

ချင်းချွမ်ဟန်က ရယ်မောပြီး ပြောလိုက်သည်။

ဘေးနားမှ လူများက ရင်ခုန်စိတ်နှင့် အသက်ပင် မရှူနိုင်ကြတော့ချေ။

ပျမ်းမျှအားဖြင့် ဆိုလျှင် အိမ်ထောင်စု တစ်စုက တစ်လကို ငွေတုံး တစ်ရာနှင့် အသုံးစရိတ်

လုံလောက်သည်။ ငွေတုံး တစ်သောင်း ဆိုပါက လှပသော အိမ်အကူ တစ်ယောက်ကို ဝယ်ယူနိုင်သည်။ ငွေတုံး သန်း (၃၀) က လောင်းကစား ရုံကိုပင် ဝယ်ယူနိုင်သည်။

"ငါ ပစ်ပြီ.."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောပြီး အန်စာတုံးကို ပစ်ချလိုက်သည်။

အန်စာတုံးများက တတောက်တောက် ခုန်သွားပြီး (၁) နှစ်လုံး၊ (၂) နှစ်လုံး ပေါ်လာသည်။

နောက်ဆုံး တစ်လုံးက လိမ့်နေပြီး ခြောက်ဖြစ်လိုက် ၊ ငါးဖြစ်လိုက်နှင့် လူးနေသည်။

ထိုအချိန်တွင် ချင်းချမ်ဟန်က သွားဆရာဝန်ရှေ့ ရောက်နေသော လူနာကဲ့သို့ ပါးစပ် မစေ့နိုင်အောင် ပြုံးနေသည်။

နောက်ဆုံး အန်စာတုံး လိမ့်သွားပြီး ဘာမှ မဆိုင်သော တစ်ကြီး ကောက်ပေါ်လာသည်။

“ဟာ..... (၁) သုံးလုံး (၂) နဲ့ ဟောက်......”

လူတစ်ယောက်က တအံ့တဩ အော်ဟစ်လိုက်သည်။

ချင်းချွမ်ဟန်က မျက်နှာ ပျက်သွား၏။ မျက်လုံးကို အတင်းပွတ်ပြီး နောက်တစ်ကြိမ် ပြန်ကြည့်သည်။ အန်စာတုံးက (၁) သုံးလုံး၊ (၂)နှင့် ဟောက် နေသေးသည်။ လုံး၀ မပြောင်းပေ။

ထို့ပြင် ထူးဆန်း လွန်းလှသည်။

"ကြည့်ရတာ ကံကောင်းနေပြီ ထင်တယ်။ ငွေတုံး သန်း (၃၀) ရတော့မယ်...."

ချင်ယန်၏ နားဝင်ဆိုးလှသော အသံက ထွက်ပေါ်လာသည်။

ချင်းချွမ်ဟန်၏ မျက်နှာ အမူအရာက အတော်လေး ရုပ်ဆိုးနေသည်။ ချင်းမိသားစုက ချမ်းသာသော်လည်း ယခု လောလောဆယ်တွင် လုပ်ငန်း တိုးချဲ့ရန် ရန်ပုံငွေများ ပြင်ဆင်ထားခြင်း ဖြစ်သည်။ ဤမျှ ငွေပမာဏကို ဆုံးရှုံးခြင်း အလွန် ကြေကွဲစရာ ကောင်းလွန်းလှသည်။

"မြန်မြန်လုပ်၊ ဒါက ပထမဆုံးပွဲပဲ...."

"နောက်တစ်ပွဲ ထပ်လုပ်။ တကယ်လို့ ငါနိုင်ရင် ကြေပြီ....."

"ငါပဲ ထပ်ပစ်မယ်....."

ချင်းချွမ်ဟန်က အေးစက်စွာ ပြောလိုက်သည်။ ထို့နောက် အန်စာတုံးများကို ကောက်ကိုင်ပြီး ပစ်ချလိုက်သည်။

ချင်ယန်က စိတ်ထဲမှ လှောင်ပြောင်ပြီး ရယ်မောနေသည်။ ထိုအန်စာတုံး တိုင်းတွင် သူ ထည့်သွင်းထားသော ချီစီးကြောင်း တစ်ခုစီ ရှိနေသည်။ အစွမ်းထက်ပါသည် ဆိုသော ယွမ်ဟိုင်

နယ်ပယ် တန်ခိုးရှင်များက လေထဲတွင် ထိန်းချုပ်ဖြစ်ရန် မဖြစ်နိုင်သော်လည်း ချင်ယန် အတွက်မူ ပြဿနာ မရှိပေ။

ထို နည်းစနစ်ကို ပြောင်မြောက်သော လောင်းကစားနည်း သို့မဟုတ် သိုင်ကျင့်စဉ်ဟု ယူဆနိုင်သည်။

ဒီနယ်ပယ်တွင် ချင်ယန်က လောင်းကစား ဘုရင်ကဲ့သို့ ဆရာကြီး တစ်ပါးပင်။

"တစ်.. တစ်......."

ချင်းချွင်ဟန်က အန်စာတုံးများကို ကြည့်ပြီး အော်ဟစ်နေသည်။

ခွက်ထဲတွင် အန်စာတုံး နှစ်လုံးက ငြိမ်နေပြီး (၁) နှစ်လုံး ပေါ်နေသည်။ ထို့နောက် လည်နေသော အန်စာတုံးက တစ် ပေါ်လာပြီး ငြိမ်ကျသွားသည်။

“ဟားဟား (၁) သုံးလုံး....”

နောက်ထပ် အန်စာတုံး နှစ်လုံးက တိုက်တိုက်ဆိုင်ဆိုင် (၂) နှစ်လုံး ကျသွားသည်။

“ဟားဟား.... (၁) သုံးလုံး (၂) ဟောက်ကွ....”

ချင်းချွမ်ဟန်က ထခုန်ပြီး ဝမ်းသာအားရ အော်ဟစ်လိုက်သည်။

ထို့နောက် ချင်ယန်ကို လှမ်းကြည့်လိုက်ပြီး.....

“ချင်ယန်၊ မြန်မြန် ပစ်......”

ချင်ယန်က မည်သည့်စကားမှ မပြောတော့ဘဲ အန်စာတုံးကို ပစ်ချလိုက်သည်။

ဒီတစ်ကြိမ်တွင် အန်စာတုံး နှစ်တုံး မြန်မြန် ငြိမ်ကျသွားပြီး (၆) နှစ်လုံး ပေါ်လာသည်။ ကျန် သုံးတုံးက လည်နေသေးသည်။

"ချင်ယန်... မင်းကို (၆) သုံးလုံး ပေးတယ်...."

ချင်းချွမ်ဟန်က ပြောလိုက်သည်။ ချင်းချွန်ဟန် ပြောလိုက်သည့် အချိန်မှာပင် အန်စာတုံး တစ်တုံးက ငြိမ်ကျသွားပြီး အမှန်တကယ် (၆) ပေါ်လာသည်။

"ကျေးဇူးပဲ..."

ချင်ယန်က ပြောလိုက်သည်။

ထို့နောက် အန်စာတုံး တစ်တုံးက ငြိမ်ကျသွားပြီး (၃) ပေါ်လာသည်။ နောက်ဆုံး တစ်တုံးက ဖြည်းဖြည်းခြင်း လည်နေသေးသည်။

"ချင်ယန် ဒီတစ်လှည့်တော့ မင်း ရှုံးသွားပြီ..."

ချင်ယန်က ဘာမှ ပြန်မပြောပေ။ အန်စာတုံးကိုသာ စိုက်ကြည့်နေသည်။

နောက်ဆုံး အန်စာတုံးက ရပ်သွားသည်.......

ချင်းချွမ်ဟန် မျက်လုံး ပြူးနေသည်။

ခန်းမ တစ်ခုလုံးလည်း တိတ်ဆိတ်နေသည်။

"ခြောက်.... (၆) လေးလုံး........."

လူတစ်ယောက်က အိပ်မက် မက်နေသကဲ့သို့ ယောင်ပြီး ရေရွတ်နေသည်။

"တောက်စ်......"

ထိုစဉ် ချင်းချွမ်ဟန်၏ တောက်စ် ခေါက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ချင်းချွမ်ဟန်၏ မျက်နှာက စိမ်းနေသည်။ နှစ်ပွဲလုံး သူရှုံးသွားပြီ။ စုစုပေါင်း သန်း (၆၀) ရှုံးသွားပြီ.......

"ပေး ပိုက်ဆံ....."

ချင်ယန်က ရွှမ်ကျင့်ကတ်ကို ထုတ်ယူပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ ချင်းချွမ်ဟန်က

ရွှမ်ကျင့်ကတ်ကိုသာ ထုတ်ယူပြီး ချင်ယန်ထံ ငွေတုံးသန်း (၆၀) လွှဲပြောင်း ပေးလိုက်ရသည်။

ပိုင်းအုံနေသော လူများကလည်း ငွေတုံးသန်း (၆၀) လွှဲပြောင်းပေးမှုကို စိတ်အား ထက်သန်စွာ ကြည့်နေကြသည်။

ထိုလူများက ချမ်းသာသော်လည်း သူတို့ထဲမှ အများစုက ဤမျှ များပြားသော ပိုင်ဆိုင်မှုပင် မရှိကြချေ။

နှစ်ပွဲပေါင်း ချင်ယန် အနိုင်ရလိုက်သော ပိုက်ဆံက မိသားစု တစ်စုကို တစ်သက်လုံး မပူပင်၊ မကြောင့်ကျဘဲ ထိုင်စား စေနိုင်သည်။

## အခန်း(၁၃၁) - သူငယ်ချင်း၊ မင်း နှစ်တာကမှ အတည့် ငါက ဖောက်ထိုးကြီး...

"ရှောင်ကျို၊ အရင်က မင်းကို ချေးထားတဲ့ သန်း (၃၀) အခု ပြန်ပေးပါ။ ငါ့ လက်ထဲမှာ ငွေသားအများကြီး မပါလာဘူး..."

ချင်းချွမ်ဟန်က ပြောလိုက်သည်။

"ရှောင်ချင်း၊ အရင်ဆုံး စိတ်အေးအေးထား၊ ဒီနေ့ မင်း ကံမကောင်းဘူး ထင်တယ်......"

“ငါ မင်းအတွက် လက်စား ချေပေးမယ်...”

ချင်းချွမ်ဟန်က အံကြိတ်လိုက်ပြီး သွားကြားထဲမှ လေသံနှင့်.......

“ဒီကောင် သုံးကြိမ်ဆက်တိုက် ကံကောင်းမယ်လို့ ငါ မယုံဘူး....။ ပိုက်ဆံပါတဲ့လူ အရင် ချေးထားပါ။ သိပ်မကြာဘူး.... ပြန်ပေးမယ်.....’

“ပိုက်ဆံလိုရင် ငါ့ဆီက ယူထား....။ ငါ့မှာ ပါလာတယ်....”

လူတစ်ယောက်က ရှေ့ထွက်လာပြီး ပြောလိုက်သည်။

ချင်းမိသားစုက ခိုင်မာသည်။ ဤမျှ ငွေပမာဏကို ဈေးဈွားခြင်းက မဆုံးရှုံးနိုင်သည့် အပြင် ချင်းချွမ်ဟန်နှင့်လည်း ရင်းနှီးသော ဆက်ဆံရေးကိုလည်း ထူထောင် နိုင်လိမ့်မည်။

"ကျေးဇူး တင်ပါတယ်...."

ချင်းချွမ်ဟန်က ချင်ယန်ကို အေးစက်စွာ ကြည့်လိုက်ပြီး...

"ချင်ယန်၊ ထပ် ကစားကြမယ်....။ မင်း အရင်ပစ်။ မင်းမှာ ပြောစရာ ရှိသေးလား....."

"မင်း သဘောပဲ...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ချင်ယန်က အန်စာတုံးကို ကိုင်ပြီး ပစ်လိုက်သည်။

ဒီတစ်ကြိမ်တွင် ချင်ယန်၏ အန်က မကောင်းပေ။ (၅) နှစ်လုံးနှင့် အဆုံးသတ် သွား၏။

"(၅) နှစ်လုံး....."

"ငါ ပစ်ပြီ...."

ချင်းချွမ်ဟန်က အန်စာတုံးကို ကောက်ယူပြီး ပစ်လိုက်သည်။

ခဏအကြာ အန်စာတုံးများ ရပ်သွား၏။

"ခြောက်... ခြောက်နှစ်လုံး....."

လူတစ်ယောက်က တိုးတိုးလေး ပြောလိုက်သည်။

ချင်းချွမ်ဟန်ကလည်း သေသေချာချာ ကြည့်နေသည်။ သူ့မျက်လုံးကိုပင် သူ မယုံနိုင် ဖြစ်နေသည်။

ချင်ယန်၏ အန်က မကောင်းပေ။ သို့သော် သူ့ အန်က ပိုဆိုးနေသည်။

တစ်ပွဲကို သန်း (၃၀)နှင့် သုံးပွဲ ကစားသည် သုံးပွဲလုံး သူရှုံးပြီး သန်း (၉၀) ရှုံးသွားသည်။ ဤငွေပမာဏက အစွမ်းနည်းသော ယွမ်ဟူနယ်ပယ် တန်ခိုးရှင်ကိုပင် သွေးတက်ပြီး သေသွား စေနိုင်သည်။

"ရှောင်ချင်း၊ မင်းက တကယ် ကောင်းတဲ့လူပဲ...."

ချင်ယန်က စိတ်ပါလက်ပါ ရယ်မောပြီး ပြောလိုက်သည်။

သူက လောင်းကစား လုပ်ရသည်ကို မကြိုက်သော်လည်း အချိန်တိုလေး အတွင်း ချင်းချွမ်ဟန်ထံမှ သန်း (၉၀) ရလိုက်သည်။ ချွေးပင် မထွက်လိုက်ချေ။

ချင်းချွမ်ဟန်၏ မျက်နှာ အမူအရာက အလွန် သုန်မှုန်နေသည်။ သူက ချင်းမိသားစု၏ အနာဂါတ် ဆက်ခံသူအနေနှင့် အခြေခံအားဖြင့် ဆုံးဖြတ်ပိုင်ခွင့် ရရှိထားသည်။ သို့သော် ဤမျှ များပြားသော ဆုံးရှုံးမှု ပမာဏက သူ့ပေါ်မှာ ကြီးမားသော သက်ရောက်မှု ဖြစ်သွားနိုင်သည်။

အများအားဖြင့် ချင်းချွမ်ဟန်က လောင်းကစား လုပ်တတ်သော်လည်း သူ၏ အနိုင်၊ အရှုံးက ငွေ (၃) သန်းထက် တစ်ခါမှ မပိုခဲ့ဖူးပေ။

"ချင်ယန်... လာရိမနေနဲ့။ နောက်တစ်ပွဲ ထပ်ကစားမယ်။ ဒီတစ်ခေါက် ကြေးတိုးပြီး သန်း (၆၀) လောင်းမယ်။ ဘယ်လိုလဲ...."

ချင်းချွမ်ဟန်က အေးစက်စွာ ပြောလိုက်သည်။

သုံးပွဲရှုံးလျှင် တစ်ပွဲတော့ နိုင်ရမည်။ ချင်ယန်က လေးပွဲ ဆက်တိုက် အနိုင်ရမည်ဟု ချင်းချွမ်ဟန်က

မယုံကြည်ပေ။ ငွေသန်း (၆၀) ပြန်ရမည်။ ထိုအခါ ဖိအား တော်တော်လေး နည်းသွားမည်။

"မင်းမှာ ပိုက်ဆံ ရှိသေးလို့လား..."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ချင်းချွမ်ဟန်က ပိုက်ဆံချေးရန် ပြောလိုက်သည်။ ယခု လောလောဆယ် ငွေထပ်ချေး ရုံသာ ရှိတော့သည်။

ပထမ ချေးထားသော သန်း (၃၀) နှင့် ပေါင်းလိုက်မည် ဆိုပါက သူချေးထားသော

ပမာဏက သန်း (၉၀) ဖြစ်နေပြီ။ ထိုလူ၏ ထုတ်ချေး နိုင်စွမ်းကလည်း အနည်းငယ် ကြောက်စရာ ကောင်းနေသည်။

“မင်း အရင်ပစ်မယ်.....”

“အေး ပစ်မယ်...”

ချင်ယန်က အန်စာတုံးကို ပစ်ချလိုက်သည်။

မကြာခင် ရလဒ် ထွက်ပေါ်လာပြီး ချင်းချူမ်ဟန်က နီရဲသော မျက်လုံးများနှင့် စိုက်ကြည့်နေသည်။

ဘေးနားမှ လူများကလည်း ချင်းချမ်ဟန်ကို ဘေးဒုက္ခ နတ်ဘုရားကဲ့သို့ ဝိုင်းကြည့် နေကြသည်။ ပြောစရာပင် မလို....အဖြေက တစ်ခုတည်း ရှိသည်။

အန်စာတုံးက (၁) ငါးလုံး ဖြစ်နေသည်။

"မင်း လိမ်နေတာပဲ ဖြစ်ရမယ်...."

ချင်းချမ်ဟန်က တင်းမာစွာ အော်ဟစ်လိုက်သည်။

ချင်ယန်က မထီမဲ့မြင် အမူအရာနှင့်......

"ရှောင်ချင်း...... မင်းလည်း မြင်တာပဲ။ လူတိုင်းလည်း မြင်တယ်။ ငါက ဘယ်လို

လှည့်စားမှာလဲ။ မင်း အရှုံးမခံနိုင်ရင် ပါးစပ်က ထုတ်ပြောလိုက်....”

“လူတိုင်းရှေ့မှာ ကျွန်တော် ချင်းချွမ်ဟန်က အရှုံး မခံနိုင်ပါဘူးလို့ သုံးကြိမ် အော်ပြောလိုက်။ ဒီသန်း (၆၀) ကို ငါ လျှော်ပေးလိုက်မယ်။ ဘယ်လိုလဲ....”

ချင်းချွမ်ဟန်က ချင်ယန်ကို တစ်ချက် ကြည့်လိုက်၏။

ရိုးရှင်းသော ထိုစကား သုံးခွန်းကို အော်ပြောလိုက်ပါက ငွေတုံး သန်း (၆၀) ကို ချွေတာနိုင်လိမ့်မည်။ သို့သော် သူတို့ ချင်းမိသားစု၏

အရှက်က ကုန်းကောက်စရာပင် ကျန်တော့မည် မဟုတ်ချေ။

“ရှောင်ချင်း၊ မင်း ဒီနေ့ အရမ်း ကံဆိုးနေတယ်.....”

ကျီဟောင်ကျူက ပြောလိုက်သည်။

“ရှောင်ချင်း၊ နောက်မှ လက်စားချေ ပါတော့ကွာ...”

ပတ်ဝန်းကျင်မှ လူများကလည်း ဖျောင်းဖျ နေကြသည်။ ချင်ယန်က လှည့်စားနေသည်ဟု မည်သူမျှ မထင်ကြပေ။

လောင်းကစား ဘုရင်ကပင် အန်စာတုံး ငါးတုံးကို ပြီးပြည့်စုံအောင် ထိန်းချုပ်ရန် မဖြစ်နိုင်ပေ။

"ဘယ်လို ဖြစ်တာလဲ... ငါ့လို တောသားလေးက အနိုင်ကျင့်တယ် ဆိုပြီး ထိုင်ငိုတော့မလို့လား...."

ချင်ယန်က ပါးပါးလေး ပြုံးပြီး ပြောလိုက်သည်။

"မောက်မာဖို့ စောပါသေးတယ်...။ မကြာခင် အားလုံး ဆုံးရှုံးသွားလိမ့်မယ်။

"ချင်းချွမ်ဟာန်က အေးစက်သော လေသံနှင့် ပြောလိုက်သော်လည်း ပိုက်ဆံ ပေးနေဆဲ ဖြစ်သည်။ ယခုအခါ သန်း (၆၀) ပေးလိုက် ရသောကြောင့် ယခင် ပေးခဲ့သော သန်း (၉၀)နှင့် ပေါင်းလိုက်မည် ဆိုလျှင် ချင်ယန်ကို ပေးနေသည်မှာ သန်း (၁၅၀) ရှိသွားခဲ့ပြီ။

ပိုက်ဆံ ပေးနေသည့် အချိန်တွင် ချင်းချွမ်ဟန်၏ စိတ်ထဲ၌ သောကမီးများ မတောက်လောင်ဘူးဟု ပြောပါက လိမ်ပြောခြင်းသာ ဖြစ်လိမ့်မည်။

အသည်း နာရုံသာမက နှလုံး၊ ကျောက်ကပ် ရှိသမျှ အရာအားလုံး နာနေသည်။

"ချင်ယန်၊ ငါနဲ့ ကစားမယ်....."

ကျီဟောင်ကျူက ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး လေသံနှင့်..

"ငါက ဒီနေ့ ကံ အရမ်း ကောင်းနေတယ်။ ချင်းချွမ်ဟန်က နမူနာပဲ။ မင်းကို စေတနာနဲ့ အကြံပေးလိုက်မယ်... မကစားပါနဲ့.."

ကျီဟောင်ကျူက ခနဲ့တဲ့တဲ့ လေသံနှင့်......

"သေချာလို့လား.... မင်းမှာ ရှိသမျှ ပြောင်ဖို့ သေချာနေပြီ......"

"တော်ပြီ ပေါက်ကရ စကားတွေ မပြောတော့ဘူး။ မင်း သတ္တိရှိလား...."

ချင်ယန်က ပခုံးတွန့် လိုက်ပြီး.......

"ဘာပဲဖြစ်ဖြစ်၊ ငါက ငွေတုံး သန်း (၁၅၀) နိုင်ထားတယ်။ ရှုံးလည်း အနိုင်ထဲက ပေးလိုက်ရုံပဲ..... သူများတွေလို သောကမီး တောက်လောင် နေစရာ မလိုဘူး။ လောင်းချင်ရင် သန်း (၅၀) လောင်း။ မကျေနပ်ရင် သန်း (၁၅၀) လောင်း....။ ဒါမှ ကစားရတာ စိတ်လှုပ်ရှားဖို့ ကောင်းမှာ....."

ချင်းချွမ်ဟန်၏ စိတ်ထဲတွင် ဒေါသများ ပေါက်ကွဲနေသည်။ ထိုငွေများက သူ့ ငွေများပင်......

"ရတယ်.... သန်း (၅၀) ပေါ့...."

ကျီပောင်ကျူက လေးနက်စွာ ပြောလိုက်သည်။

ဤမျှ ကြီးမားသော လောင်းကြေးက သူ့ကို နှလုံးတုန်၊ ရင်ခုန် ဖြစ်စေသည်။ သို့သော် ချင်ယန်က လေးကြိမ် ဆက်တိုက် ကံကောင်းပြီး ငါးကြိမ် ဆက်တိုက် ကံကောင်းမည်ဟု သူ မယုံပေ။

"ငါ အရင် ပစ်လိုက်မယ်....."

ချင်ယန်က အန်စာတုံးကို ပစ်ချလိုက်သည်။

"လေးပွး...."

ချင်ယန်က သိပ် အလေး မထားတော့ပေ။

ကျီဟောင်ကျူက အန်စာတုံးကို ယူပြီး လေးလေးနက်နက် ကိုင်ကာ ပစ်ချလိုက်သည်။

"နိုင်...နိုင်.... လေးပူးကို နိုင်ရင် ရပြီ...."

ထိုကဲ့သို့ ပြောပြီးနောက် ကျီဟောင်ကျူ၏ မျက်လုံးများ ပြာသွားသည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး......

"ကျွတ်ကျွတ်.... လေးပူးတောင် မနိုင်ဘူး.... ခြောက်ပူးပဲ ရှိတယ်။ ဒီလောက် ကံကောင်းအောင် ဘာတွေများ ဆောင်ထားတာလဲ...."

ကျီပောင်ကျူ၏ မျက်နှာက ရုပ်ဆိုးနေသည်။ ဖင်တစ်ချက် ထယားလိုက်ရာ သန်း (၅၀) ပလုံ သွားခဲ့ပြီ။

ငွေတုံး တစ်ထောင် သုံးလျှင်ပင် မိန်းမလှလေး တစ်ယောက်ကို ရှာနိုင်သည်။ ငွေတုံးသန်း (၅၀) ဆိုပါက မိန်းမလှလေး မည်မျှပင် ရမည်နည်း..... ဤငွေပမာဏနှင့် ဆိုလျှင် တစ်ရက်ကို မိန်းမလှလေး နှစ်ယောက်နှုန်းနှင့် မသေမခြင်း အိပ်သွား၍ ရသည်။

“ နောက်တစ်ပွဲ.... ”

ကျီဟောင်ကျူက တင်းမာစွာ ပြောလိုက်သည်။

ချင်းချွမ်ဟာန်က ငွေတုံး သန်း (၁၅၀) ရှုံးခဲ့သည်။ သူက သန်း (၅၀) ရှုံးခဲ့သည်။ အရှုံးနှင့် ရပ်ရမည်လော......

ငွေမျှော ငွေနှင့် လိုက်ရမည်။

မကြာခင် ကျီဟောင်ကျူက ငွေသန်း (၅၀) ချေးယူလိုက်သည်။ ရှိနေသော လူတိုင်းက သူဌေးကြီးများ ဖြစ်နေသည်။ ချင်းမိသားစုနှင့် ကျီမိသားစု နှစ်ခုလုံးကလည်း တောင့်တင်းသဖြင့် အလွယ်တကူ ချေးနိုင်ခဲ့သည်။

“မအလ….. #@@@###”

မကြာခင် ဆဲဆိုသံများ ဆက်တိုက်ထွက်ပေါ်လာသည်။ ရလဒ်က ထုံးစံအတိုင်း ကျီပောင်ကျူသာ ရှုံးသွားခဲ့သော ကြောင့်ပင်။

“ကျေးဇူးတင်ပါတယ်… ရှောင်ကျီ…”

“ဒီနေ့တော့ လောင်းကစား နတ်ဘုရားက ငါ့ကို စောင်မ ကြည့်ရှုနေတယ် ထင်တယ်….”

ချင်ယန်က စိတ်ပါလက်ပါ ရယ်မောလိုက်ပြီး….

"ငါ လောင်းကစား မလုပ်ချင်ပါဘူးလို့ ပြောခဲ့သားပဲ။ မင်းတို့က အတင်း ဆွဲခေါ်နေတာကိုး။ အခု ကျေနပ်ပြီလား.."

ချင်းချွမ်ဟန်နှင့် ကျီဟောင်ကျူတို့ နှစ်ယောက်လုံးက ချင်ယန်ကို စိုက်ကြည့်နေကြသည်။

လူအချို့က ချင်ယန်နှင့် လောင်းချင်နေကြသည်။ သို့သော် စောက်ရမ်း ကံကောင်းလွန်းသော ချင်ယန်၏ ကံကောင်းမှုကြီး မြင်ပြီးနောက် လက်တွန့်နေကြသည်။

"ငါနဲ့ လောင်းကစား လုပ်ချင်တဲ့လူ ရှိသေးလား..."

စက္ကန့် အနည်းငယ် ကြာသည့်တိုင်အောင် မည်သူမျှ ပြန် မပြောကြပေ။

ချင်းချွမ်ဟာန်နှင့် ကျီဟောင်ကျူတို့က လောင်းချင်စိတ် ပြင်းပြ နေကြသေးသော်လည်း ယခုအခါ လူသာရှိပြီး ငွေက မရှိတော့ပေ။ အလွန် ဆုံးရှုံးပြီးနောက် မိသားစုကို ပြန်ရှင်းပြရန် အခက်တွေ့ နေကြသည်။

"မရှိဘူးလား...."

"မင်းနဲ့ လောင်းမယ်...."

ကျယ်လောင်သော အသံသြသြကြီး တစ်ခု ပေါ်လာပြီး တံခါးအဝတွင် အသက် ငါးဆယ်ကျော် ခြောက်ဆယ် အရွယ် အဘိုးအို တစ်ယောက် ပေါ်လာသည်။ အနက်ရောင် ဝတ်စုံ ဝတ်ဆင်ထားပြီး သေခြင်း အငွေ့အသက်များ ဝန်းရံနေသည်။

"ဒီအဘိုးအိုက ဘယ်သူလဲ..."

"ပေါက်ကရ ပြောမနေနဲ့။ ဒါ သချိုင်းဘုရင် ရှခွန်...."

လူတစ်ယောက်က တိုးတိုးလေးပြောပြီး ဘေးသို့ ကမန်းကတန်း ကပ် ပေးလိုက်သည်။

သင်္ချိုင်းဘုရင် ရှုခွန်၏ လွှမ်းမိုးမှုက အလွန်ကြီးမားပြီး ငိုနေသော ကလေးများကိုပင် အငိုတိတ်သွားအောင် ခြောက်နိုင်သည်။

သင်္ချိုင်းဘုရင် ရှုခွန်က သူ့ရှေ့တွင် တိုက်ရိုက် ပေါ်လာသဖြင့် ချင်ယန်၏ မျက်လုံးများက မှေးသွားသည်။

## အခန်း(၁၃၂) - ရှုံးရင် ပြေးမှာပဲ....

ချင်ယန်က သင်္ချိုင်းဘုရင် ရှုခွန်ကို ကြည့်လိုက်သည်။ ထိုလူတွင် သေခြင်း အငွေ့အသက်များ ဖုံးလွှမ်းနေသည်။

သို့သော် ထိုသေခြင်း အငွေ့အသက်က သေခါနီး လူတစ်ယောက်၏ အငွေ့အသက် မဟုတ်ပေ။ သင်္ချိုင်းဘုရင် ရှုခွန် ကျင့်ကြံသော ကျင့်စဉ်၏ ထူးခြားမှုပင်၊ သူ့သိုင်းဝိညာဉ်၏ ထူးခြားမှုဆိုလည်း

မမှားပေ ။ သူနေထိုင်သော နေရာကလည်း ထူးခြားသည်။

ချင်ယန်၏ အမြင်အရ သံချိုင်းဘုရင် ရှခွန်၏ သိုင်းဝိညာဉ်က အလောင်းကောင် သားရဲ ဖြစ်နေသည်။

သံချိုင်းဘုရင် ရှခွန်က ကြီးမားသော သံချိုင်း တစ်ခုတွင် နေထိုင်ပြီး ထိုနေရာတွင် အလောင်းများစွာ ရှိသည်။ သံချိုင်းဘုရင် ရှခွန်းက အလောင်းချီကို စုပ်ယူပြီး မြန်မြန်ဆန်ဆန် တိုးတက်လာခဲ့သည်။

"ချင်ယန်၊ မင်းမှာ အရည်အချင်းတွေ ရှိတယ်။ သွေးဘုရင်ကို မင်းအတွက် ပြောပေးအောင် တကယ် လုပ်နိုင်ခဲ့တာပဲ။ သွေးဘုရင်ကတောင် ပြောပြီးပြီ ဆိုမှတော့ ရွှေသိဒ္ဓိမြို့မှာ နေ နေသေးသရွေ့ မင်းကို မသတ်ဘူး။ ရွှေဦးချို သိဒ္ဓိမြို့က ဘယ်နေ့ ထွက်မှာလဲ။ ဒီမြို့ထဲက ထွက်တဲ့နေ့က မင်း သေတဲ့နေ့ပဲ...."

သၾကိုင်းဘုရင် ရှခွန်၏ အေးစက်သော အသံက ချင်ယန် စိတ်ထဲတွင် ပေါ်လာသည်။

ချင်ယန်၏ မျက်လုံးထဲတွင် အလင်းရောင် တစ်ခု ဖြတ်ခနဲ လက်သွား၏။ သွေးဘုရင်က ရှုခွန်နှင့် တွေ့လိုက်ပြီ ဆိုကတည်းက ရွှေဦးချို သိဒ္ဓိမြို့ထဲတွင် ရှုခွန်က သူ့ကို သတ်ပစ်တာမျိုး မဖြစ်နိုင်တော့ပေ။

ဆုငွေ သန်း တစ်ရာအတွက် ရှုခွန်က သွေးဘုရင်ကို စော်ကားဖို့လား.........

ဤကဲ့သို့ မိုက်မဲသော လုပ်ရပ်မျိုး သူလုပ်မည် မဟုတ်ပေ။

ထို့အပြင် ရွှေဦးချို သိဒ္ဓိမြို့ ဘက်ခြမ်း၌ သွေးဘုရင်ကို မျက်နှာသာ ပေးရခြင်းက ရှက်စရာကောင်းသော ကိစ္စ မဟုတ်ပေ။

"သင်္ချိုင်းဘုရင် ရှုခွန်... ဘယ်လောက် လောင်းချင်လဲ....."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

သင်္ချိုင်းဘုရင် ရှုခွန်က ချင်ယန်နှင့် နှစ်မီတာပင် မဝေးသော နေရာသို့ ရောက်လာသည်။

ချမ်ပဟိုင်က အချိန်မရွေး တိုက်ခိုက်နိုင်အောင် အသင့် ပြင်ထားသည်။

ဟွာဝမ်ရိုက အနားတွင် မရှိသော်လည်း ယခုအခါ အနားကပ်လာသည်။ ရှခွန် လှုပ်ရှားလိုက်သည်နှင့် ဟွာဝမ်ရိုက သေချာပေါက် တိုက်ခိုက်လိမ့်မည်။

ဟွာဝမ်ရိုနှင့် ချင်ယန်ကြားတွင် လေးနက်သော ခံစားချက် မရှိသော်လည်း အကယ်၍ ချင်ယန် သေဆုံးသွားပါက သူမက အချိန်တိုလေး အတွင်း ယွမ်ဟူနယ်ပယ် အဆင့် (၆) သို့ ရောက်ရှိရန် မဖြစ်နိုင်တော့ပေ။

"တစ်ပွဲတည်းနဲ့ ဖြတ်လိုက်မယ်။ ငွေတုံး သန်း (၁၀၀)"

ရှခွန်၏ အသံက အမှန်တကယ် အေးစက်လှသည်။

"ကောင်းပြီ...."

ချင်ယန်က ခေါင်းညိတ်လိုက်သည်။ ရှခွန်ကို အနိုင်ယူရမည် ဆိုလျှင်လည်း အားနာနေမည် မဟုတ်ပေ။

"ငါ အရင် စစ်ဆေးမယ်..."

ရှခွန်က အန်စာတုံး တစ်တုံးပြီး တစ်တုံး ကောက်ကိုင်၍ သေသေချာချာ စစ်ဆေးလိုက်သည်။ ထို့နောက် ခွက်ကို စစ်ဆေးလိုက်သည်။ မည်သည့် ပြဿနာမှ ရှာမတွေ့ပေ။

ချင်ယန်တွင် အလွန် အစွမ်းထက်သော လောင်းကစား နည်းစနစ် ရှိပြီး ယခုလက်ရှိ ချင်ယန်၏ ကျင့်ကြံခြင်း အဆင့်က မနိမ့်တော့ပေ။

"လာ ထား..."

ရှခွန်က အန်စာတုံးများကို တတောက်တောက် မြည်အောက် ခေါက်နေသည်။ ခဏအကြာ

အန်စာတုံး တစ်တုံးပြီး တစ်တုံး ပစ်ချလိုက်သည်။ ခွက်ထဲ၌ အန်စာတုံးများက အလွန် လျင်မြန်စွာ ချာချာလည် နေသည်။ မိနစ်ဝက်ခန့် ကြာသောအခါ အန်စာတုံးများ ရပ်တန်သွား၏ ျ။

"ခြောက်ပွး"

ချင်ယန်က အန်စာတုံး ကောက်ယူပြီး ပစ်ချလိုက်သည်။

ခဏအကြာ ချင်ယန်က......

"သ်ချိုင်းဘုရင် တောင်းပန်ပါတယ်။ ငါက ငါးပွး.."

ရှုခွန်က အေးစက်သော လေသံနှင့်.......

"နောက် တစ်ပွဲ ထပ်ကစားမယ်။ ဒီတစ်ကြိမ် အတူတူ ပစ်မယ်။ သန်း (၂၀၀) လောင်းမယ်...."

"ရတယ်လေ....."

ခဏအကြာ နောက်ထပ် အန်စာတုံး ငါးတုံးနှင့် ခွက်တစ်ခု ထပ် ရောက်လာသည်။

ဒီတစ်ကြိမ်တွင် ရှုခွန်က အစွမ်းမပြတော့ဘဲ အန်စာတုံးများကို တစ်ခါတည်း ပစ်ချလိုက်သည်။

တပြိုင်နက်တည်းမှာပင် ချင်ယန်ကလည်း အန်စာတုံးများကို ပစ်ချလိုက်သည်။

ခဏအကြာ အန်စာတုံးများ ရပ်သွား၏။

“သနိုင်းဘုရင်၊ မင်းက ခြောက်ပူးကို ဒိုင်း ယူထားတယ် ထင်တယ်။ စုစုပေါင်း သန်း (၃၀၀) ရှိပြီ…”

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ရှခွန်၏ ပုံရိပ်က ချက်ချင်း ပျောက်ကွယ်သွားပြီး အသံတစ်ခု ပျံ့လွင့်လာသည်။

"ချင်ယန်၊ သန်း (၃၀၀) အရင် အကြွေး မှတ်ထားလိုက်။ နောက်မှ ပြန်ဆပ်မယ်....."

"အကြွေး မဆပ်သေးခင် မင်းရဲ့ ဆွေမျိုးတွေနဲ့ သူငယ်ချင်းတွေကို ဘာမှ မလုပ်ဘူး။ မင်း မရှုံးပါဘူး..."

လူအုပ်ကြီးက အံ့အံ့ ကျက်ကျက် ဖြစ်သွားသည်။ ရှခွန်က အကြွေးတင်ပြီး ဤကဲ့သို့ ထွက်ပြေးသွားသည် လော...

ချင်ယန်က စိတ်ထဲမှ နှာခေါင်းတစ်ချက်ရှုံ့လိုက်သည်။ ရှုခွန်က ဒီနေရာကို လာကတည်းက အနိုင်ရလျှင် အကုန်ယူမည်၊ မနိုင်ပါက ချက်ချင်းထွက်ပြေးမည်ဟု တွေးလာဟန် ရသည်။

အကယ်၍ ငွေပမာဏ နည်းပါးက ရှုခွန်က သူ့မျက်နှာကို ဂရုစိုက်နေအုံးမည်။ သို့သော် နှစ်ပွဲတည်းနှင့် ငွေတုံး သန်း (၃၀၀) ရှုံးသွားသည် မဟုတ်ပါလော......

ယခုလက်ရှိ အချိန်၌ ရှုခွန်၏ လုပ်ငန်းက သိပ်မကောင်းပေ။ ငွေတုံး သန်း (၃၀၀) မဆိုထားနှင့် ငွေတုံး သန်း (၁၀၀) ပင် လက်ထဲ မရှိချေ။

ချမ်းချူမ်ဟန်က လျှောင်ပြောင် ထေ့ငေါ့သော လေသံနှင့်.......

"ချင်ယန်၊ သချိုင်းဘုရင် ရှုခွန်က မင်းမိတ်ဆွေနဲ့ သူငယ်ချင်းတွေကို ဘာမှမလုပ်ဘူး ပြောခဲ့ပေမဲ့ မင်းကိုတော့ မလုပ်ဘူးလို့ မပြောခဲ့ဘူး ။ အခု ပိုက်ဆံ အများကြီး ရထားတယ် ဟုတ်..

အခေါင်းလှလှလေး ကြိုဝယ်ထားတာ ကောင်းလိမ့်မယ်....”

“ရှောင်ကျိ၊ မင်းမိသားစုက အဲ့နယ်ပယ်မှာ အလုပ် လုပ်တယ် မဟုတ်လား..... ချင်ယန်နဲ့ သင့်တော်တဲ့ အခေါင်း ရှိလားလို့ သိချင်မိတယ်။ သူ့မှာ ပိုက်ဆံပေါနေတော့ အကောင်းဆုံး အခေါင်း ဝယ်နိုင်တယ်....”

ချင်ယန်က ပေါ့ပေါ့ပါးပါး လေသံနှင့်...

“ချင်းချွမ်ဟန်၊ မင်း ဒီလို ပြောနေတော့ လူတွေက မင်းကို အထင် သေးသွားတော့မှာပဲ။

မင်းက ချင်းမိသားစုကို အရှုံး လက်မခံနိုင်ဘူးလို့ လူတွေ အထင်သေးအောင် လုပ်နေပြီ......”

‘ဒါ ငွေတုံး သန်း (၁၅၀) ကွ၊ ငွေတုံး (၁၅) သန်း မဟုတ်ဘူး.....။ နဖူးထူးပြီး ဂျိုပေါက်နေတဲ့ ကောင်တောင် သည်းခံနိုင်မှာ မဟုတ်ဘူး....’

ချင်းချွမ်ဟန်၏ မျက်လုံးက မီးဝင်းဝင်း တောက်နေသည်။

“ချင်ယန်၊ ဒီသခင်လေးက စေတနာနဲ့ သတိပေးတာကွ။ ပြီးတော့ သချိုင်းဘုရင် ရှုခွန်က ဘယ်လိုလူလဲ ဆိုတာ လူတိုင်းသိတယ်...”

ချင်းချွမ်ဟန်က အေးစက်စွာ ပြောလိုက်သည်။

“မင်းက စေတနာနဲ့ မတန်တဲ့ကောင်ပဲ။ ရှောင်ကျီ သွားရအောင်....”

ချင်းချွမ်ဟန်က လျင်မြန်စွာ ထွက်ခွာသွားသည်။ ဒီနေရာတွင် ဆက်နေချင်စိတ် မရှိတော့ပေ။

ကျီဟောင်ကျူလည်း ထွက်သွားပြီး မကြာခင် ကျန်သည့် လူများလည်း ထွက်ခွာသွားကြသည်။

“ရုပ်ပြောင်းပြီး ငါနေတဲ့ နေရာကို သွား....”

ချင်ယန်က ဟွာဝမ်ရှိကို အသံပို့လွှတ်ပြီး ပြောလိုက်သည်။

"ဟုတ်ကဲ့၊ သူဌေး..."

ဟွာဝမ်ရှိက အသံပို့လွှတ်ပြီး ပြန်ပြောလိုက်သည်။

"သွားရအောင်....."

ချင်ယန်နှင့် ကျားဘုရင်တို့ ထွက်ခွာသွားကြသည်။

ချင်ယန်က အေးအေးဆေးဆေး ဖြစ်နေသော်လည်း ကျားဘုရင်က အလွန် စိတ်လှုပ်ရှားနေသည်။ သချိုင်းဘုရင် ရှခွန်က ငွေတုံး သန်း (၃၀၀) မပေးလျှင်ပင် ချင်ယန်က ငွေတုံး သန်း (၂၅၀) အနိုင်ရခဲ့သည် မဟုတ်ပါလား.....

ထို့အပြင် သွေးဘုရင်ကလည်း ငွေတုံး သန်း (၁၀၀) ပေးခဲ့သေးသည်။ ချင်ယန် လက်ထဲတွင် ငွေတုံး သန်း (၃၅၀) အမှန်တကယ် ရှိနေသည်။ ဒါက အံ့အောစရာ ကောင်းလွန်းသော ပမာဏပင်...

……….

"မြို့သခင်၊ အခြေအနေတွေ အဲ့ဒါပဲ။ ကျန်တာတော့ ပုံမှန်ပါ။ ဒါပေမဲ့ ချင်ယန်က ချင်းမိသားစုနဲ့ ကျီမိသားစု ဆီကနေ စုစုပေါင်း သန်း (၂၅၀) ရခဲ့တယ်။ ရှုခွန်က သန်း (၃၀၀) ရှုံးပြီး ထွက်ပြေးသွားတယ်...."

ရှွေဦးချို သိဒ္ဓိမြို့သခင်၏ အိမ်တော်တွင် လူငယ်လေး တစ်ယောက်က အခြေအနေ အရပ်ရပ်ကို အစီအရင် ခံနေခြင်း ဖြစ်သည်။

ထိုလူငယ်လေး၏ ရှေ့တွင် ထိုင်နေသူက မြို့သခင်ပင်။ မျက်နှာဖုံး ဝတ်ထားသဖြင့် မျက်နှာဖုံး

အောက်တွင် မည်သည့် ပုံစံမျိုးရှိလဲ ဆိုသည်ကို မည်သူမှ မသိနိုင်ပေ။

"စိတ်ဝင်စား စရာပဲ….."

"ဒီချင်ယန်ရဲ့ သတ္တိက ပေါ့သေးသေး မဟုတ်ဘူးဘဲ…"

မြို့သခင်က အလေးမထားသော လေသံနှင့် ပြောလိုက်သည်။

"မြို့သခင်၊ ရှုခွန်က သူ့နောက်ကို လိုက်နေတော့ သူ့ခွန်အားကို မြန်မြန် ဆန်ဆန်

အားကောင်းအောင် ကြိုးစားနေတယ်လို့ ထင်တယ်။ ခက်ခက်ခဲခဲလည်း ရုန်းကန်နေရတဲ့ ပုံပဲ။ ငွေအများကြီး ရသွားပြီဆိုတော့ အင်အား ချဲ့ထွင်းတဲ့နေရာမှာ အသုံးပြုလိမ့်မယ်။ အချိန်တန်ရင် ရှုခွန်ကို မဖြစ် ဖြစ်တဲ့နည်းနဲ့ သတ်လိမ့်မယ်.....”

ရွှေဦးချို သိဒ္ဓိမြို့ သခင်က သာမန်ကာလျှံကာ လေသံနှင့်.......

“လုထန်ဝမ်နဲ့ ချင်ယန်တို့ နှစ်ယောက်က သီးသန့် တွေ့ဆုံခဲ့တယ် မဟုတ်လား.... ဘာတွေ ပြောခဲ့လဲ....”

"မြို့သခင် ခွင့်လွှတ်ပေးပါ။ ဒါတော့ မသိရသေးဘူး..."

"ငါတို့ရဲ့ ခန့်မှန်းချက် အရတော့ ချင်ယန်က သွေးဘုရင်နဲ့ ညှိနှိုင်းချင်တာ ဖြစ်လိမ့်မယ်။ နောက်ဆုံးမှာ အဆင် မပြေခဲ့ဘူး။ အခု ချင်ယန်က ငွေတုံး သန်း (၂၅၀) ရသွားပြီဆိုတော့ သွေးဘုရင်ရဲ့ လက်အောက်ခံ ဖြစ်လာနိုင်သေးတယ်..."

လူငယ်လေးက သူတို့၏ သုံးသပ်ချက် တင်ပြလိုက်သည်။

ခဏအကြာ မြို့သခင်က .......

"မနက်ဖြန် ဒီမြို့သခင်က ချင်ယန်နဲ့ တွေ့ချင်တယ်။ သွားခေါ်လိုက်။ လူကိုယ်တိုင် တွေ့ပြီး သူက တကယ် လုပ်နိုင်စွမ်း ရှိတာလား.... လူပျက်လား (လူ့ရှင်တော်) ဆိုတာ ကြည့်မယ်...."

လူငယ်လေး၏ မျက်လုံးထဲတွင် မမျှော်လင့်ထားသဖြင့် အံ့အောသင့် သွားသော အရိပ်အယောင်များ ပေါ်လာသည်။ မြို့သခင်က ချင်ယန်ကဲ့သို့ လူသစ်များကို ကိုယ်တိုင် မတွေ့တော့သည်မှာ ကြာမြင့်နေခဲ့ပြီ...

"ဟုတ်ကဲ့ပါ... အရှင် မြို့သခင်...."

မကြာခင် လှုငယ်လေး ထွက်ခွာသွားသည်။

“လုထန်ဝမ်နဲ့ အချိန်ကြာအောင် စကား ပြောနိုင်တယ် ဆိုကတည်းက အရည်အချင်း ရှိနေပြီ....”

“ငါ့အဖေက ဆုံးသွားတာတောင် မျိုးစေ့ကောင်း ချထားခဲ့တယ်။ ငါကလည်း တတ်နိုင်သလောက် ကြိုးစား ဟန်ဆောင်ခဲ့တယ်။ ဒါပေမဲ့ အချိန်တွေ ကြာလာတာနဲ့ အမှူ သွေးဘုရင်တို့ အဖွဲ့က သံသယ ရှိလာပြီ....”

ရွှေဦးချို့ သိဒ္ဓိ မြို့သခင်က သူ့ဘာသာသူ တိုးတိုးလေး ရေရွတ်လိုက်သည်။

မြို့သခင်၏ အသံက ယောကျ်ားလေး အသံ ဖြစ်ခဲ့သော်လည်း ယခုအခါ မိန်းကလေးအသံ ဖြစ်လာသည်။

နောက်ထပ် အခိုက်အတန့်တွင် မြို့သခင်က မျက်နှာဖုံးကို ချွတ်လိုက်ရာ မျက်နှာဖုံးအောက်မှ အလွန်လှပသော မျက်နှာ တစ်ခု ထွက်ပေါ်လာသည်။ ထိုမျက်နှာက အလွန်လှပပြီး တစ်မူ ထူးခြားစွာ ဆွဲဆောင်မှု ရှိနေသည်။

အကယ်၍ ထိုမျက်နှာကို တစ်ယောက်ယောက် မြင်သွားမည် ဆိုပါက နတ်သူငယ်ဟု ထင်သွားလိမ့်မည်။

ထိုအမျိုးသမီးက နတ်သူငယ် မဟုတ်ပေ။ သို့သော် နတ်သူငယ်၏ သွေးမျိုးဆက် ဖြစ်နေနိုင်သည်။

## အခန်း(၁၃၃) - ပေါင်ရင်းက အမှတ်.....

“မြို့သခင်က ငါ့ကို တွေ့ချင်တယ်....”

ချင်ယန် မျက်မှောင် ကြုတ်နေ၏။ မြို့သခင်နှင့် အမှန်တကယ် မတွေ့ချင်ပေ။

မြို့သခင်က အလွန် လျှို့ဝှက် ဆန်းကြယ်ပြီး ပြန်လည် မွေးဖွားလာသော ချင်ယန်ပင် ဒီမြို့သခင်၏ တကယ့် အထောက်အထားကို မသိပေ။

လျှို့ဝှက် ဆန်းကြယ်သော ကိစ္စများ ဆိုသည်မှာ ထိန်းချုပ်မှု အပြင်ဘက်တွင် ရှိနေခြင်းကို ဆိုလိုသည်။

ရွှေဦးချို သိဒ္ဓိ မြို့သခင်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်ဟု ကောလ ဟာလများ ထွက်ပေါ်နေသေးသည်။ ယခုလက်ရှိ ချင်ယန်တို့၏ ခွန်အားက ကောင်းမွန်သော်လည်း ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်နှင့် တိုက်ခိုက်နိုင်သော အဆင့်မျိုး မဟုတ်သေးပေ။

"ဟုတ်တယ်"

"အခု ချက်ချင်း သွားတွေ့ရမယ်...."

ချင်ယန်ရှေ့မှ လူငယ်လေးက လေးနက်သော အမူအရာနှင့် ပြောလိုက်သည်။

ရှောင်ကျူဝမ်နှင့် အခြားလူများက စိတ်ပူနေကြသည်။

"ကောင်းပြီလေ.. မင်းနဲ့ လိုက်ခဲ့မယ်..."

ချင်ယန်က ရှောင်ကျူဝမ်တို့ကို စိတ်အေးအေးထားရန် အကြည့်တစ်ချက်နှင့် အချက်ပြလိုက်သည်။

မကြာခင် ချင်ယန်က လူငယ်လေးနှင့် အပြင်ဘက်သို့ လိုက်ပါသွားသည်။

အပြင်ဘက်တွင် မြို့သခင် အိမ်တော်ဟူသော အလံတစ်ခု တပ်ဆင်ထားသည့် ရထားလုံး တစ်စီး ရပ်ထားသည်။

ရွှေဦးချို သိဒ္ဓိမြို့ဘက်တွင် ထိုအလံ မဆိုထားနှင့် ကောင်းကင်ဘုံ ဘုရင်လေးပါးပင် ရွှေဦးချို သိဒ္ဓိမြို့နှင့် ခွဲခြား၍ မရချေ။

'ကလောက် ကလောက်.....

ရထားလုံးက မောင်းနှင်လာပြီး နာရီဝက်ခန့် ကြာသောအခါ မြို့သခင် အိမ်တော်ရှေ့သို့ ရောက်လာသည်။ ထို့နောက် ရထားလုံးက လမ်းကြောင်းမှ တိုက်ရိုက် မောင်းဝင်သွားသည်။

“ငါနဲ့ လိုက်ခဲ့...”

ထိုလူငယ်လေးက ချင်ယန်ကို မြို့သခင် အိမ်တော်အတွင်းမှ ညှော်ခန်းထဲသို့ ခေါ်ဆောင်သွားသည်။ ထို့နောက် လူငယ်လေးက ပြန်ထွက်သွားပြီး တံခါး ပြန်ပိတ်ခဲ့သည်။

ချင်ယန်က စိုးရိမ်ပူပန်ခြင်း မရှိဘဲ ပတ်ဝန်းကျင်ကို အေးအေး ဆေးဆေး လှည့်ပတ်ကြည့်နေသည်။

ချင်ယန်သည် ပြန်လည် မမွေးဖွားခင်က လေဒဏ်၊ မိုးဒဏ်ကို အကြိမ်းပေါင်းများစွာ ကြုံကြုံခံခဲ့ဖူးသည်။ သေမလို ဖြစ်ခဲ့သည့် အကြိမ်ပေါင်းက မရေမတွက် နိုင်ခဲ့သော်လည်း နောက်ဆုံး၌ သူသာ အသက်ရှင် ခဲ့သည်။

သုံးမိနစ်ခန့် ကြာသောအခါ ချင်ယန်သည် တစ်ယောက်ယောက်က သူ့ကို စောင့်ကြည့်

နေသည်ဟု ခံစားလိုက်ရသည်။ ထို့ပြင် ထိုလူက လုံးဝ မထွက်လာသေးပေ။ နောက်ထပ် ငါးမိနစ်ခန့် ကြာမှ ခြေသံ ထွက်ပေါ်လာပြီး အခြား တံခါးပေါက် တစ်ခုမှ ဧည့်ခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်။

ထိုလူက မျက်နှာဖုံးနှင့် လျှို့ဝှက် ဆန်းကြယ်သော ခရမ်းရောင် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည်။ သူ့ခန္ဓာကိုယ်မှ စိမ့်ထွက်နေသော အော်ရာကလည်း ပြင်းထန် လွန်းလှသည်။

"ချင်ယန်၊ မြို့သခင်ရဲ့ ဒီနေရာက ဘယ်လိုလဲ...."

မျက်နှာဖုံး တပ်ထားသော မြို့သခင်က အသံ ဩဩကြီးနှင့် ပြောလိုက်သည်။

ချင်ယန်က ထိုလူကို စိုက်ကြည့်နေသည်။ သူ့ မျက်လုံးက မမျှော်လင့်ထားသဖြင့် အံ့အောသင့်နေသော အမူအရာမျိုး ဖြစ်နေသည်။ ဒီလူ၏ အသံ၊ အရပ်မှ တစ်ဆင့် မိန်းကလေး တစ်ယောက်ဟု မပြောနိုင်သော်လည်း ချင်ယန်သည် ပြန်လည် မမွေးဖွားခင်က မမြင်ဖူးသော ကိစ္စများ

ရှိမည်လော….။ သူ့မျက်လုံးကို လှည့်စားရန် ခက်ခဲလှသည်။

မျက်နှာဖုံး တပ်ထားသော ထိုလူထံမှ စိမ့်ထွက်နေသော ချီကြောင့် အမျိုးသမီး တစ်ယောက် ဖြစ်ကြောင်း ချင်ယန်က သိနေသည်။

'ရွှေဦးချို သိဒ္ဓိမြို့သခင်က ယောက်ျား မဟုတ်ဘူးလား…'

'ပြီးတော့ ကျင့်ကြံခြင်း အဆင့်ကလည်း ယွမ်ဟူ နယ်ပယ်ပဲ ရှိသေးတာလား….'

ချင်ယန်၏ စိတ်ထဲတွင် ထူးဆန်းနေသည်။ ယခင်က လူချင်း မဆုံဖူးသော်လည်း အချက်အလက် အချို့တော့ ရှိနေသေးသည်။

'အရင် ရွှေဦးချို သိဒ္ဓိမြို့ကို ရောက်တုန်းက မြို့သခင်က ကောင်းကင်ဘုံ ဘုရင်လေးပါးရဲ့ သခင် ဖြစ်နေပြီ။ ဒီနေ့ မြို့သခင်က အရင် လူ မဟုတ်တော့ဘူး။ ကောင်းကင်ဘုံ ဘုရင် လေးပါးနဲ့ နောက်ကွယ်မှာ ပြဿနာ တစ်ခုခု ရှိသေးတာလား...'

"ထူးဆန်းတယ်။ ဘာဖြစ်လို့ အရမ်း ရင်းနှီးနေသလို ခံစားနေ ရတာလဲ...'

ချင်ယန်က စိတ်ထဲမှ တွေးနေမိသည်။

“မဆိုးပါဘူး....”

ချင်ယန်က ပါးစပ်မှ ထုတ် ပြောလိုက်သည်။

မြို့သခင်က ထိုင်ချလိုက်ပြီး သူမလက်ကို ဆန့်တန်းလိုက်ကာ.......

“ချင်ယန်၊ ထိုင်ပါ။ စိတ်လျှော့ထား... မင်း ဒီမြို့သခင်ရဲ့ လက်အောက်ငယ်သား လုပ်ဖို့ စိတ်ဝင်စားလား....”

ချင်ယန်က ကြိတ်ပြီး မျက်မှောင် ကြုတ်နေ၏။ ဒီမြို့သခင်ကို သေသေချာချာ ကြည့်နေသည်နှင့် အမျှ စိတ်ထဲ၌ ပို ရင်းနှီးနေသလို ခံစား နေရသည်။

'ငါ ပြန်မမွေးခင်က နှစ်ပေါင်း သောင်းနဲ့ချီပြီး အသက်ရှင် ခဲ့တယ်။ အခု ငါ့ရှေ့က မိန်းမကလည်း ရင်းနှီးတဲ့ ခံစားချက်ကို ပေးနေတယ်။ အဲ့တုန်းက အရမ်း ရင်းနှီးခဲ့တဲ့ လူတစ်ယောက်ပဲ ဖြစ်ရမယ်....'

'ရန်သူ မဖြစ်နိုင်ဘူး....'

ချင်ယန်က သူနှင့် ရင်းနှီးခဲ့သော လူများကို တစ်ယောက်ပြီး တစ်ယောက် စဉ်းစား ကြည့်နေသည်။

ချင်ယန်က တည်ငြိမ်သော လေသံနှင့်....

"မြို့သခင်လို ဟန်ဆောင်ရတော့ ဖိအားတွေ များနေတယ် မဟုတ်လား...။ ကောင်းကင်ဘုံ ဘုရင်လေးပါးလုံးက အရမ်း ပါးနပ်ကြတယ်။ အနည်းနဲ့ အများတော့ သံသယ ရှိနေမှာပဲ...."

"မင်း ဘာပြော လိုက်တယ်.."

မြို့သခင်က အေးစက်စွာ ပြောလိုက်သည်။

ချင်ယန်က.....

"စိတ်မလှုပ်ရှားပါနဲ့.. ငါက မင်းရဲ့ ရန်သူ မဟုတ်ဘူး.... မင်းရဲ့ ရန်သူ ဖြစ်လာဖို့လည်း အစီအစဉ် မရှိဘူး...။ မင်းက မိန်းမတစ်ယောက်.. ကျင့်ကြံခြင်းအဆင့်က ယွမ်ဟူ နယ်ပယ်မှာပဲ ရှိနေသေးတယ်။ တကယ်လို့ ရန်သူသာဆိုရင် ဒီလို ပြောနေမှာတောင် မဟုတ်ဘူး။ ကောင်းကင်ဘုံ ဘုရင်လေးပါးကို ပြောလိုက်တာ ကြာပြီ။ ဒါဆို

အကျိုးအမြတ်တွေတောင် သေချာပေါက် ရသွားအုံးမှာ...”

မြို့သခင်က လက်ကိုမြှောက်ပြီး မျက်နှာဖုံးကို ဖြည်းဖြည်းခြင်း ချွတ်လိုက်ရာ လှပသော မျက်နှာလေး တစ်ခု ထွက်ပေါ်လာသည်။

“လန်နာ....”

ချင်ယန်က လုံးဝ စိတ်လွတ်သွားသည်။

ဒီမျက်နှာက ချင်ယန်နှင့် အလွန် ရင်းနီးနေသည်။

ထို့အပြင် လောင်လန်နာက ချင်ယန်၏ ရည်စား ဖြစ်ခဲ့ဖူးသည်။ သုံးနှစ်ကြာ လက်တွဲပြီးနောက် ရင်းနှီးမှုက အလွန် နက်ရှိုင်းကာ ချင်ယန်က လောင်လန်နာ တစ်ကိုယ်လုံးကိုပင် အလွန် ရင်းနှီး နေခဲ့ဖူးသည်။

နောက်ပိုင်းတွင် လောင်လန်နာက ချင်ယန်ထံမှ ထွက်ခွာသွားသည်။

သူမက အဘယ်ကြောင့် ထွက်သွားလဲ ဆိုသည်ကို ချင်ယန်လည်း မသိခဲ့ပေ။ ချင်ယန်၏ ခွန်အား အများကြီး တိုးလာခဲ့သည့် အချိန်မှာပင်

မသိခဲ့ချေ။ ဟုတ်သည်...... ချင်ယန်ကလည်း စုံစမ်းသည့် နေရာတွင် အများကြီး အားစိုက် မထုတ်ခဲ့ပေ။ ထို့အပြင် နောက်ပိုင်းတွင် ချင်ယန်က သူ့ဇနီး စုရှယုနှင့် လက်ထပ်ပြီး အတည်တကျ ပေါင်းသင်း ဆက်ဆံခဲ့သည်။

"ငါ့ကို သိလို့လား....'

လောင်လန်နာက သံသယ ဖြစ်သွား၏။

ချင်ယန်က သူနှင့် အလွန် ရင်းနီးနေသော သူ့အချစ်ဦး လောင်လန်နာ၏ မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။

ငယ်စဉ် အချိန်အခါက တန်ပင်ဂျီနှင့် စေ့စပ်ခဲ့သော်လည်း စေ့စပ်မှုက ပျက်ဆီးခဲ့ပြီး သူနှင့် တန်ပင်ဂျီ ကြားတွင်လည်း ဘာမှ မဖြစ်ခဲ့ပေ။

'အင်း....'

ချင်ယန်က တွေ့ဖူးသည်ဟူသော သဘောနှင့် ဖြည်းဖြည်းခြင်း ခေါင်းညိတ် ပြလိုက်သည်။

သူသိခဲ့ဖူးသည့် လောင်လန်နာက ယခုလက်ရှိ လောင်လင်နာထက် အများကြီး အသက်ကြီးသည်။ ယခုလက်ရှိတွင် လောင်လန်နာက အသက် (၂၀) ကျော် ဖြစ်နေသော်လည်း (၁၇) နှစ်၊ (၁၈)

နှစ်နှင့်သာ တူသေးသည်။ ကြည့်ရသည်မှာ လောင်လန်နာတွင် နတ်သူငယ် သွေးမျိုးဆက် ပါသဖြင့် သာမန်လူများထက် သက်တမ်း ပိုရှည်ပုံရသည်။

ချင်ယန်နှင့် တွေ့ဆုံခဲ့သည့် အချိန်တွင် လောင်လန်နာက (၂၆)နှစ် ရှိနေခဲ့ပြီ ဖြစ်သော်လည်း အသက် (၂၀) ကျော် မိန်းကလေး တစ်ယောက်နှင့် ပိုတူ နေခဲ့သည်။

"ငါ့ကို ဘယ်လို သိတာလဲ.."

လန်နာက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ ရွှေဦးချို သိဒ္ဓိမြို့တွင် မည်သူမျှ သူမကို မသိနိုင်ဘူးဟု အခိုင်အမာ ယုံကြည်ထားခဲ့သည်။ သူမက ရွှေဦးချို သိဒ္ဓိမြို့တွင် ကြီးပြင်းခဲ့သူ မဟုတ်ပေ။ လွန်ခဲ့သော သုံးနှစ်၊ သူမအဖေ မတော်တဆ ဖြစ်ပြီး အသက် မရှင်နိုင်တော့သည့် အချိန်မှ ရွှေဦးချို သိဒ္ဓိမြို့သို့ ရောက်လာပြီး သူမ အဖေအဖြစ် ဟန်ဆောင်ခဲ့ခြင်း ဖြစ်သည်။

"ဒါက လျှို့ဝှက်ချက်၊ ဒါပေမဲ့ ငါကမင်းရဲ့ ရန်သူ မဟုတ်တာတော့ သေချာတယ်…"

ချင်ယန်က လောင်လန်နာကို ကြင်နာသော မျက်လုံးများနှင့် ကြည့်ပြီး ပြောလိုက်သည်။ ထို့အပြင် လောင်လန်နာက သူ၏ အချစ်ဦး ဖြစ်သလို သူ့ဘဝတွင် မိန်းမတစ်ယောက်၏ အရသာကို ပထမဦးဆုံး ခံစားခဲ့ဖူးသော အမျိုးသမီးလည်း ဖြစ်နေသည်။

"လန်နာ၊ ဘာဖြစ်လို့ ဒီမှာ နေ နေတာလဲ.... အန္တရာယ် ရှိတာ မသိဘူးလား...."

ချင်ယန်က ပြောလိုက်သည်။

အကယ်၍ ကောင်းကင်ဘုံ ဘုရင်လေးပါးသာ သိသွားမည် ဆိုပါက သူမကို အကောင်းတိုင်း လွှတ်ပေးရန် မည်သို့မှ မဖြစ်နိုင်ပေ။ လောင်လင်နာက သူတို့ကို အမှန်တကယ် လှည့်စားခဲ့သလို အလွန်လည်း လှပ နေသေးသည်။

ရှောင်ကျူဝမ်နှင့် အခြားလူများက အလွန် လှပသော်လည်း လောင်လန်နာနှင့် ယှဉ်လိုက်ပါက အနည်းငယ် လိုအပ် နေသေးသည်။

ရုပ်ရည်အရ ဖြစ်စေ၊ ခန္ဓာကိုယ် ကောက်ကြောင်းအရ ဖြစ်စေ လောင်လန်နာက

ထိပ်တန်းအဆင့်တွင် ရှိနေပြီး သူမ၏ နတ်သူငယ် သွေးမျိုးဆက်ကလည်း သူမကို ပိုမို ဆွဲဆောင်မှု ရှိစေသည်။

လောင်လန်နာက မျက်မှောင် ကြုတ်လိုက်ပြီး.....

“ငါ့ကို ဒီလို မခေါ်နဲ့... ငါတို့က အဲ့လောက် မရင်းနီးဘူး....”

“ငါ ဒီကို ရောက်နေမှတော့ ထုံးစံအတိုင်း ငါ့မှာ ကိုယ်ပိုင် အစီအစဉ် ရှိတယ်....”

ချင်ယန်က လောင်လန်နာကို စိုက်ကြည့်နေပြီး ဘာကြောင့် သူ့နားမှ ထွက်သွားရတာလဲ ဆိုသည်ကို မေးချင်နေသည်။ ယခုအချိန်အထိ နောက်ပိုင်းတွင် သူမ ဘာဖြစ်သွားခဲ့လဲ ဆိုသည်ကို မသိခဲ့ပေ။

"ဒါဆို မင်းကို လောင်နာလို့ ခေါ်မယ်..."

"လောင်နာ၊ မင်းရဲ့ ဝတ်စား ဆင်ယင်မှုနဲ့အသံမှာ ဘာ အားနည်းချက်မှ မရှိဘူး။ မင်းက လှုပ်ရှားမှုတွေကိုတောင် တုပနိုင်တယ် ဆိုပေမဲ့ ကောင်းကင်ဘုံ ဘုရင် လေးပါးကို လျှော့ မတွက်သင့်ဘူး...။ သူတို့ဘက်မှာ မျက်လုံး

အများကြီး ရှိတယ်။ အနည်းနဲ့ အများတော့ သံသယဝင်နေမှာပဲ။ ငါ့ကို ဒီခေါ်ပြီး မင်းအင်အားစုနဲ့ ပူပေါင်းခိုင်းတယ် ဆိုကတည်းက အန္တရာယ်ကို မင်းလည်း သဘောပေါက်မှာပဲ.....”

ချင်ယန်က လေးနက်သော အမူအရာနှင့်......

“ငါ့ကို ပြောပါအုံး....ဘာကူညီရမှာလဲ.. ငါ ကူညီပေးနိုင်တယ်....”

လောင်လန်နာက မျက်မှောင် ကြုတ်နေသည်။

ချင်ယန်၏ အပြုံအမူက သူမအတွက် ထူးဆန်းနေသော်လည်း ချင်ယန်၏ မျက်လုံးများက ယုံကြည်နိုင်သည့် ဆိုပြီး သူမကို ပြောနေသည်။

"ငါ့ကို ဘယ်လိုသိတာလဲ ဆိုတာ အရင်ပြော…"

လောင်လင်နာက ပြောလိုက်သည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး…..

"ဒါက ပြောလို့ မရဘူး…."

"ဒါပေမဲ့ မင်းနဲ့ တကယ် ရင်းနှီးခဲ့ပါတယ်…"

“မင်း အကြိုက်ဆုံး သောက်စရာက ဘလူးဘယ်ရီ ထည့်ထားတဲ့ ရေ၊ မင်း အကြိုက်ဆုံး အရောင်က ပန်းရောင်၊ အချဉ် မကြိုက်ဘူး။ မင်း သိုင်းဝိဉာဉ်က လရိပ်ခိုမြက်၊ ဒါပေမဲ့ သာမန် လရိပ်ခိုမြက် မဟုတ်ဘူး။ ဆင့်ကဲ တိုးတက်ထားတဲ့ လရိပ်ခိုမြက်... ပေါင်းအတွင်းပိုင်းမှာ လခြမ်းပုံစံ မွေးရာပါအမှတ် ရှိတယ်....”

ချင်ယန်၏ မျက်လုံးထဲတွင် သူမ၏ အမှတ်ရစရာများကို ပြန်လည် မြင်ယောင်ပြီး ပြောလိုက်သည်။

ချင်ယန်၏ စကားကို ကြားသောအခါ ချင်ယန်ကို ကြည့်နေသော လောင်လန်နာ၏ အကြည့်များက ဖြည်းဖြည်းခြင်း ပျော့ပျောင်းလာသည်။ ချင်ယန်က သူမ အကြောင်းကို အလွန်သိနေသဖြင့် ရန်သူ မဖြစ်နိုင်ပေ။

သို့သော် ချင်ယန်၏ နောက်ဆုံး စကားကို ကြားသောအခါ လောင်လန်နာက မျက်နှာပျက်သွားပြီး ချင်ယန်ကို စိုက်ကြည့် လိုက်သည်။

လောင်လန်နာ၏ ပေါင်အတွင်းပိုင်း၌ အနီရောင်လခြမ်းပုံစံ မွေးရာပါအမှတ် ရှိနေသည်ကလည်း အမှန်ပင်။ သို့သော် ထိုအမှတ်က ပေါင်အရင်းနှင့် အလွန် နီးကပ်နေသည်။ ဒီမွေးရာပါ အမှတ်များကို အပြင်လူများအား ထုတ်ပြရန် မည်သို့မှ မဖြစ်နိုင်ပေ။

"မင်း ဘယ်သူလဲ..."

"ပြောစမ်း...... ဒီလို မဟုတ်လို့ကတော့ မင်းအပေါ် ရိုင်းတယ်လို့ အပြစ်မတင်နဲ့..."

လောင်လန်နာက အေးစက်စွာပြောပြီး ချင်ယန် လည်ပင်းကို ဓါးနှင့် ချက်ချင်း ထောက်လိုက်သည်။ ဒီဓါးက သံကိုပင် ဖြတ်တောက်နိုင်သော လက်နက်ကောင်း တစ်ခု ဖြစ်သည်။

# အခန်း(၁၃၄) - သိဒ္ဓိဝင်

ချင်ယန်က သူ့လည်ပင်းအား ထောက်ထားသော ဓါးကို တစ်ချက် ကြည့်လိုက်ပြီး…

"ဒီဓါးကို လဆုတ်လို့ ခေါ်တယ်။ မင်းအသက် (၁၆) နှစ် ပြည့်တဲ့အချိန်မှာ မင်းအမေ ပေးခဲ့တာ…."

"ပြောစမ်းလို့ ပြောနေတယ်နော်…."

လောင်လန်နာက ချင်ယန်၏ အရေပြားထဲ ခါး ထိုးဖောက်သွားအောင် အနည်းငယ် အားစိုက် လိုက်သည်။

ချင်ယန်က ရယ်မောလိုက်ပြီး......

"လောင်လန်နာ၊ မင်းငါ့ကို သတ်မှာမဟုတ်ဘူး။ တဖက်လူက ရန်သူ အစစ် ဟုတ်၊ မဟုတ် သေသေချာချာ မသိသေးရင် မင်းက ဘယ်တော့မှ မသတ်ဖြတ်တတ်ဘူး..."

"ငါက မင်းရန်သူ မဟုတ်ဘူး... မင်း မိတ်ဆွေပါ...."

"တကယ်လို့ ငါ့ရန်သူဖြစ်ရင် မင်း သနားစရာကောင်းအောင် သေရမယ်..."

လောင်လန်နာက ဓါးကို ဒေါသတကြီး ပြန်သိမ်းလိုက်သည်။ ချင်ယန်က သူမအကြောင်းကို ကောင်းကောင်း သိနေသဖြင့် သူမ၏ ခြိမ်းခြောက်မှုက ချင်ယန်အပေါ်တွင် လုံးဝ အလုပ်မဖြစ်ပေ။

"လောင်နာ၊ ငါ့ကို ပြောပါအုံး..... ဘာဖြစ်လို့ ဒီနေရာမှာ မြို့သခင်အဖြစ် ဟန်ဆောင်နေရတာလဲ..."

"ငါမင်းကို ကူညီ ပေးနိုင်တယ်..."

လောင်လန်နာက ဓါးကိုင်၍ ထိုင်ချလိုက်ကာ မျက်မှောင် တင်းတင်းကြုတ်နေပြီး......

"ငါ့ အဖေက လှည့်စား ခံလိုက်ရတယ်။ လူသတ်သမားကို ရှာချင်လို့ ဟန်ဆောင်ပြီး နေနေတာ.."

"လူသတ်မားက ရွှေဦးချို သိဒ္ဓိမြို့က အကောင်းကြီး တစ်ကောင် ဖြစ်နိုင်တယ်..."

"အခုချိန်ထိ တစ်ဖက်လူက အောင်မြင်လား၊ မအောင်မြင်ဘူးလား ဆိုတာ မသေချာသေးဘူး.."

ချင်ယန်က လောင်လန်နာကို ကြည့်ပြီး ပါးပါးလေး ပြုံးလိုက်ကာ........

"လောင်လန်နာ.. မင်းဘက်က လုံး၀ မရိုးသားဘူး.... မင်း လိမ်နေရင်လေ မင်းမျက်လုံးက နည်းနည်းလေး ဟားဟား....."

"မပြောချင်လည်း ကိစ္စမရှိပါဘူး...။ ခဏနေရင် ငါကို ပိုပြီး ယုံကြည်လာလိမ့်မယ်။ အဲ့အချိန်မှ ဒီအကြောင်း ပြောပြလဲ ရတယ်...."

လောင်လန်နာက နှုတ်ဆိတ်နေသည်။ သူမက ဖုံးကွယ်ထားခဲ့သည်။

"လောင်လန်နာ.. အခုလက်ရှိ မင်းရဲ့ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၆) ဆိုတော့ တော်တော်လေး ကောင်းပေမဲ့ ကောင်းကင်ဘုရင် လေးပါးက မင်း အခြေအနေကို သိသွားရင်တော့ မင်းကို သေချာပေါက် ကိုင်တွယ်လိမ့်မယ်။ မင်းရဲ့ သွေးမျိုးဆက်က အရမ်းကောင်းပြီး သန်မာတယ်။ အခု လက်ရှိမှာတော့ မင်း သွေးမျိုးဆက်က

နည်းနည်းလေးပဲ ပွင့်သေးတယ်။ ဆေးတစ်လုံး သန့်စင်ပေးပြီး မင်းရဲ့ မှော်ဆန်တဲ့ သွေးမျိုးဆက်ကို ဖွင့်ပေးမယ်...”

ချင်ယန်က ပြောလိုက်သည်။

လောင်လန်နာ၏ မိခင်က မည်သူမည်ဝါ ဖြစ်ကြောင်း သူလည်း မသိပေ။ လောင်လန်နာ အမွေဆက်ခံသော သွေးမျိုးဆက်က အလွန် အစွမ်းထက်ပြီး ယခုလက်ရှိတွင် ဆယ်ပုံ တစ်ပုံသာ ပွင့်သေးသည်။

ချင်ယန်၏ လက်ရှိ စွမ်းရည်နှင့် ဆိုလျှင် လောင်လန်နာ၏ သွေးမျိုးဆက်ကို အပြည့်အဝ ပွင့်သွားအောင် ဖွင့်ပေးရန် မဖြစ်နိုင်ပေ။ မကူညီနိုင်ချေ။ အပြည့်အဝ ပွင့်သွားပါက သက်ရောက်မှု ကြီးမားလွန်းသဖြင့် သူမလည်း တောင့်ခံနိုင်မည် မဟုတ်ချေ။

ချင်ယန်က လောင်လန်နာ၏ သွေးမျိုးဆက်ကို နှစ်ဆယ် သို့မဟုတ် သုံးဆယ် ရာခိုင်နှုန်း ထိ ပွင့်သွားအောင် ကူညီ ပေးနိုင်သည်။

ထိုနည်းဖြင့် ဆိုလျှင် သူမ၏ သွေးမျိုးဆက်က အများကြီး တိုးတက်လာနိုင်သည်။ ဒါက သူမ၏ ကျင့်ကြံခြင်းအဆင့်ကို မြှင့်တင်ပေးနိုင်သလို သူမ၏ ပင်ကိုယ် အရည်အချင်းကိုလည်း မြှင့်တင် ပေးနိုင်သည်။

"မလိုပါဘူး.."

လောင်လန်နာက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ဆေးပစ္စည်းတွေ ထည့်ထားတဲ့ အခန်းက ဘယ်မှာလဲ...."

ချင်ယန်က ပြောလိုက်သည်။

လောင်လန်နာက ချင်ယန်ကို စိုက်ကြည့် နေသည်။

ချင်ယန်က ပြန် စိုက်ကြည့်လိုက်ပြီး.....

"ပြဿနာ လုပ်မနေနဲ့။ ဒါက ဟာသ မဟုတ်ဘူး။ နောက်ထပ် နှစ် နည်းနည်းလေးလောက် ထပ်ပြီး ဟန်ဆောင်ကြည့်လိုက်... ကောင်းကင်ဘုံ ဘုရင်လေးပါး သိသွားရင် မင်းဘဝက ကောင်း နေအုံးမှာလား..."

လောင်လန်နာ ကြက်သေ သေသွား၏။ ချင်ယန်က သူမကို ပြန်စိုက်ကြည့်ပြီး ပြန်ပြောရန် သတ္တိရှိနေသည် မဟုတ်ပါလား.....။

ထို့အပြင် ချင်ယန်၏ အကြည့်ထဲတွင် ချစ်ခြင်းမေတ္တာ အရိပ်အယောင်များ ပါဝင်နေကြောင်း သူမနှလုံးသားက ခံစားမိနေသည်။

“ဒီမှာ....”

လောင်လန်နာက တိုးတိုးလေး ပြောလိုက်သည်။

ချင်ယန်တို့ နှစ်ယောက်က ဆေးသန့်စင်သည့် အခန်းထဲသို့ လျင်မြန်စွာ ရောက်ရှိ လာကြသည်။ လောင်လန်နာက ဆေးသန့်စင်နည်းကို မသိသော်လည်း မြို့သခင် အိမ်တော်တွင် ဆေးပစ္စည်းများ ထည့်ထားသည့် အခန်း ရှိနေသေးသည်။

ချင်ယန်က သိုလှောင် လက်စွပ်ထဲမှ ဆေးမီးဖိုနှင့် လိုအပ်သော ပစ္စည်းအချို့ကို ထုတ်ယူလိုက်သည်။ ချင်ယန်က အလွန် တည်ငြိမ်နေသည်။

အကယ်၍ လောင်လန်နာ အတွက်သာ မဟုတ်ပါက ယခုကဲ့သို့ မိုးထဲရေထဲ အခြေအနေမျိုးတွင် သူ့ ဆေးပစ္စည်းများကို မသုံးချင်ပေ။

"ဒါတွေ ဝယ်ဖို့ ပိုက်ဆံ အများကြီး ပေးခဲ့ရတာ..."

ချင်ယန်က သူကိုယ်သူ တိုးတိုးလေး ပြန်ပြောလိုက်သည်။ သူ့ မျက်လုံးထဲတွင် အနည်းငယ် တွန့်ဆုတ် နေသော်လည်း လောင်လန်နာ၏ ပုံရိပ်က ပြန်ပေါ်လာသည်။

ယခင် လောင်လန်နာ မထွက်သွားခင်က သူတို့နှစ်ယောက်၏ ဆက်ဆံရေးက အလွန်ကောင်းမွန်ခဲ့သည်။

လောင်လန်နာက ရုတ်တရက် ထွက်သွားသဖြင့် ချင်ယန်က အသည်းကွဲပြီး ကျန်ရစ်ခဲ့သည်။ သို့သော် လောင်လန်နာတွင် အကြောင်းပြချက်ရှိမှာပါဟု ချင်ယန်က နားလည် ပေးခဲ့သည်။

"ဒီအခက်အခဲကို ကူညီပေးပြီးရင် ငါတို့ကြားမှာ ဘာမှ မရှိတော့ဘူး...."

ချင်ယန်က စိတ်ထဲမှ တိုးတိုးလေး ရေရွတ်လိုက်သည်။

သူ့စိတ်ထဲ၌ လောင်လန်နာနှင့် ပက်သက်၍ ခံစားချက် အနည်းငယ် ရှိနေလျှင်ပင် ယခုလက်ရှိ၌ သူ့မိန်းမ စုရှယုကသာ အရေကြီးဆုံးပဲ ဆိုသည်ကို သူ သိသည်။

"ချင်ယန် ဘာလဲ..."

လောင်လန်နာက မေးလိုက်သည်။

"ရပါတယ်...."

ချင်ယန်က ခေါင်းခါလိုက်ကာ အသက် ခပ်ပြင်းပြင်းလေး ရှူပြီး စတင်၍ ဆေးသန့်စင် နေလိုက်သည်။

လောင်လန်နာက ဘေးမှ ရပ်ကြည့်နေသည်။ ချင်ယန်က သူမအတွက် အဆိပ် မဖော်စပ် ပေးနိုင်ဘူးဟု ယုံကြည် နိုင်သော်လည်း မျက်လုံးစုံမှိတ်ပြီး မယုံကြည်နိုင်ပေ။

အချိန်များ ကုန်လွန် လာသည်နှင့် အမျှ လောင်လန်နာ၏ လှပသော မျက်လုံးထဲတွင်

အံ့အောသင့်နေသော အမူအရာများ ထွက်ပေါ်လာသည်။

ချင်ယန်က ဆေးသန့်စင်ရာတွင် အလွန် ကျွမ်းကျင်သည်။ သူ ဆေးသန့်စင်နေသည့် ပုံစံကို ကြည့်ရသည်မှာ အနုပညာတစ်ခုကို ကြည့်နေရ သကဲ့သို့ မျက်စိ ပဒေသာ ဖြစ်လွန်းလှသည်။

လောင်လန်နာသည် အတုယောင် မြို့သခင် တစ်ယောက်နှင့် မည်ကဲ့သို့ ပြုလုပ်ရမှန်း မသိသော်လည်း မြို့သခင် သမီး တစ်ယောက် အနေဖြင့် ဆေးဆရာ တော်တော်များများနှင့်

အဆက်အသွယ် ရှိခဲ့ဖူးသည်။ လောင်လန်နာသည် အခြားလူများ ဆေးသန့်စင် နေသည်ကိုလည်း တွေ့ခဲ့ဖူးသည်။ သို့သော်လည်း ထိုလူများက ချင်ယန်နှင့် အလှမ်း ဝေးကွာ လွန်းလှသည်။

သတိ မထားလိုက်မိဘဲ သုံးနာရီ ကြာမြင့်သွားခဲ့သည်။

"ဖွင့်…."

ချင်ယန်က အလွန် ရှုပ်ထွေးသော ဆေးကို လျှင်မြန်စွာ ဖွဲ့စည်းလိုက်သည်။ ဆေးမီးဖိုကို ဖွင့်လိုက်ရာ ဖန်ဂေါ်လီလုံး အရွယ် ဆေးလုံး

သုံးလုံးက ဆေးမီးဖို အောက်ခြေတွင် ငြိမ်သက်စွာ တည်ရှိနေသည်။

"မဆိုးဘူး...."

ချင်ယန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။ ကြယ် (၅ ) ပွင့် အဆင့် ဆေးလုံး သုံးလုံး၊ ထိုအထဲတွင် ပြီးပြည့်စုံခြင်းအဆင့် ဆေးလုံး နှစ်လုံး ပါဝင်နေသည်။

"တစ်ခါဖော် ဆေးသုံးလုံးလား...."

"အကောင်းဆုံးအဆင့် တစ်လုံး၊ ပြီးပြည့်စုံခြင်း အဆင့် နှစ်လုံး...."

"နေပါအုံး၊ မင်းက ကြယ် (၅) ပွင့် ဆေးလုံးတွေ ဖော်စပ်လိုက်တာ မဟုတ်လား..."

လောင်လန်နာ၏ မျက်လုံးများက ပြူးကျယ်နေသည်။ အစပိုင်းတွင် ကြယ်ငါးပွင့် ဆေးလုံးများက ရှားပါးသဖြင့် အကဲ မဖြတ်နိုင်ခဲ့ပေ။ သို့သော် ကြယ်ငါးပွင့် ဆေးလုံးများကို မြင်တွေ့ခဲ့ဖူးသည်။ ချင်ယန် ကောက်ယူလိုက်သည့် အချိန်မှ လောင်လန်နာက အကဲဖြတ် နိုင်ခဲ့ခြင်း ဖြစ်သည်။

"မဆိုးဘူး..."

ချင်ယန်က ခေါင်းညိတ် လိုက်သည်။

လောင်လင်နိ် တုန်လှုပ်နေသည်။ သာမန် ဆေးဘုရင် တစ်ယောက်က ဆေးငါးဖုံ သို့မဟုတ် ခြောက်ဖုံမှ အရည်အသွေး ပြည့်မီသည့် ကြယ် (၅) ပွင့် ဆေးလုံး တစ်လုံးကိုသာ ဖော်စပ်နိုင်ကြသည်။

ချင်ယန်တွင် မည့်သည့် ချိုးယွင်းချက်မှ မရှိပေ။ အမှန်တကယ်ဆို သူက ဆေးတစ်ဖုံနှင့် ဆေးသုံးလုံး ဖော်စပ်ခဲ့ပြီး ထိုအထဲတွင် ပြီးပြည့်စုံခြင်းအဆင့် ဆေးလုံး နှစ်လုံးပင် ပါဝင်နေသေးသည်။

"မင်းက ဆေးဘုရင်လား..."

လောင်လန်နာက မယုံကြည်နိုင်ဖြစ်နေသေးသည်။

ချင်ယန်က သူမထက် ငယ်ရွယ်ပုံ ရသည်။ သို့သော် ဆေးဘုရင် တစ်ယောက် ဖြစ်နေပြီ။ ဒါက မယုံနိုင်စရာ ကောင်းလွန်းလှသည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး.....

"လောင်လန်နာ... အခု မင်းကို အန္တရာယ် မပေးဘူးဆိုတာ ယုံပြီလား.."

"အင်း..."

လောင်လန်နာက ခေါင်းညိတ်လိုက်သည်။ ချင်ယန်က အလွန် အစွမ်းထက်သော ဆေးဘုရင် တစ်ယောက် ဖြစ်နေသဖြင့် သူမကို ဒုက္ခပေးချင်ပါက အလုပ်ရှုပ်စရာ မလိုပေ။ အလွန် ရိုးရှင်းပြီး သူကိုယ်တိုင်ပင် စွန့်စားနေစရာ မလိုချေ။

အစွမ်းထက် ဆေးဘုရင် တစ်ယောက်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် အနည်းငယ်ကို အလွယ်တကူ ရှာဖွေနိုင်သည်။

"လောင်လန်နာ... ဒီဆေးလုံး သုံးလုံးထဲက တစ်လုံးကို ငါးရက် တစ်ကြိမ်စားပါ။ ဆေးသုံးလုံး စားပြီးသွားရင် မင်းရဲ့ သွေးမျိုးဆက်က ဆယ်ရာခိုင်နှုန်းလောက် ပွင့် သွားလိမ့်မယ်။ အခု မင်းက ယွမ်ဟူ နယ်ပယ် အဆင့် (၆) ဆိုတော့ အဲ့အချိန်ကျရင် အဆင့် (၇) ရောက်ဖို့ ပြဿနာ မရှိဘူး...။ အချိန်တန်ရင် မင်းကို ဆေးလုံး ထပ်သန့်စင် ပေးပြီးတော့ ယွမ်ဟူနယ်ပယ် အဆင့် (၈) ရောက်အောင် ကူညီပေးမယ်။"

ချင်ယန်က ပြောလိုက်သည်။

လောင်လန်နာက......

"ဘာဖြစ်လို့ ငါ့အပေါ် ဒီလောက်ကောင်း ရတာလဲ..."

ဒီကြယ်ငါးပွင့် အဆင့် ဆေးလုံးသုံးလုံးက အလွန် စျေးကြီးသည် မဟုတ်ပါလား။

ထိုဆေးလုံး သုံးလုံးက သူမ သွေးမျိုးဆက်ကို ပိုမို တိုးတက်လာအောင် ကူညီ ပေးနိုင်သည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး....

"မင်း သိစရာ မလိုဘူး။ အကျဉ်းချုပ် ပြောရမယ်ဆို..... ငါက မင်းရဲ့ ရန်သူ မဟုတ်ဘူးဆိုတာ ယုံကြည်ထားလို့ ရတယ်။ မင်းကို ထိခိုက်အောင်လည်း မလုပ်ဘူး.."

လောင်လန်နာက တစ်ချက် တုံ့ဆိုင်းသွားပြီး...

"ချင်ယန်..... ငါ ဘာဖြစ်လို့ ဒီမှာ နေလည်းဆိုတော့ လူသတ်သမားကိုလည်း ရှာချင်တယ်. ပြီးတော့ ရတနာ တစ်ခုလည်း ရှာချင်သေးတယ်။ ဒါက ငါ့ အမေရဲ့

ပစ္စည်းမို့လေ....။ ငါ့အမေ မထွက်သွားခင်က ဒီဘက်မှာ ထားခဲ့တာလို့ ငါ့ကို ပြောခဲ့တယ်...”

“အဲ့ဒါက ဘာလဲ..”

“ကျောက်မြတ် တစ်ခုပဲ... ငါ့အမေက အဲ့ဒါကို စိတ်ဝိညာဉ်ရဲ့ သိဒ္ဓိပုလဲလို့ ခေါ်တယ်...”

ချင်ယန်သည် ပြန်လည် မမွေးဖွားခင်က အချိန်ကို စဉ်းစားလိုက်သည်။ နတ်သူငယ်များ၏ သိဒ္ဓိဝင် ပုလဲအကြောင်းကို လုံးဝ မကြားဖူးခဲ့ပေ။

“မင်းရဲ့ ခွန်အား တိုးလာတာကို ခဏစောင့်ပါ။ အဲ့ပစ္စည်းသာ ဒီမှာ ရှိနေရင်။ မင်း သေချာပေါက် ရှာတွေ့လိမ့်မယ်…

ချင်ယန်က ပြောလိုက်သည်။

လောင်လန်နာက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး….

“ချင်ယန်.. ကျေးဇူးတင်ပါတယ်….”

“မလိုပါဘူး…”

ချင်ယန်က လက်ခါ ပြလိုက်သည်။

# အခန်း(၁၃၅) - လုပ်ကြံ ခံရခြင်း....

ချင်ယန်သည် အနည်းငယ် ရှုပ်ထွေးနေသော စိတ်နှင့် မြို့သခင်၏ အိမ်တော်မှ ပြန်ထွက်လာခဲ့သည်။ ဤနေရာတွင် လောင်လန်နာနှင် ဆုံတွေ့ ရလိမ့်မည်ဟု မမျှော်လင့် ထားခဲ့ပေ။

ထိုအချိန်က လောင်လန်နာသည် သူ၏ အချစ်ဦး ဖြစ်ခဲ့သဖြင့် သူတို့နှစ်ယောက်၏ ဆက်ဆံရေးကို မေ့လျော့သွားခြင်း မရှိခဲ့ပေ။

"မင်းက အကြောင်းပြချက် တစ်ခုကြောင့် ထွက်သွားတာ ဖြစ်နိုင်တယ်။ ဒါပေမယ့် မင်းက ထွက်သွားပြီ ဆိုတော့လည်း ထွက်သွားပြီပေါ့..."

ချင်ယန်က တိုးတိုးလေး ရေရွတ်လိုက်သည်။

ကျင့်ကြံခြင်း လောကတွင် မယားသုံးယောက်နှင့် မောင်းမ လေးယောက်ခန့် ယူခြင်းက ဘာမှ မဖြစ်သော်လည်း ချင်ယန်က နှစ်ပေါင်းများစွာ ကြာခဲ့သည့် တိုင်အောင် သူ့မိန်းမ စုရှယုမှလွဲ၍ အခြား အမျိုးသမီးများကို မစဉ်းစားခဲ့ပေ။

ထိုအထဲတွင် လောင်လန်နာပင် ပါဝင်နေသည်။

ကျား........

ရထားလုံး တစ်စီးက အလွန် လျင်မြန်စွာ ပြေးလာသည်။

ရုတ်တရက်တဆိုသလို ချင်ယန်သည် သတ်ဖြတ်ခြင်း စိတ်ဆန္ဒကို ခံစားလိုက်ရပြီး ဆံပင်များ ထောင်တက်သွား၏။

အလွန် ပြင်းထန်သော အသက် ခြိမ်းခြောက်မှု....

ပြန်လည် မမွေးဖွားခင်က အသက်လု တိုက်ပွဲပေါင်း များစွာ ဖြတ်ကျော်ခဲ့သော

ချင်ယန်သည် ပင်ကိုယ်ဗီဇအရ အလိုလို တုံ့ပြန်လိုက်သည်။ ခြေထောက်ထဲ အားထည့်၍ ရထားလုံး အပြင်ဘက်သို့ ခုန်ထွက် လိုက်ခြင်းပင်။

"ဘုန်း…"

နောက်ထပ် အခိုက်အတန့်တွင် ရထားလုံးထဲသို့ လက်သီးဆုပ် အရွယ် အရာတစ်ခု ပစ်ထည့်လာသည်။ ထိုအရာမှ မီးတောက်များ တဟုန်ထိုး ထွက်ပေါ်လာပြီး ချင်ယန် စီးလာသော ရထားလုံးက အပိုင်းပိုင်း ကွဲထွက်သွားသည်။

ပေါက်ကွဲမှုက အလွန် ပြင်းထန်လွန်းသဖြင့် ရထားလုံး မောင်းနှင်လာသော အမျိုးသားက တစ်စစီ ဖြစ်သွားသည်။

ဖူး.....

ချင်ယန်က ခုန်ထွက် လိုက်သော်လည်း ပေါက်ကွဲ၏ သက်ရောက်မှုကို ခံလိုက်ရသေးသည်။ ဖောက်ခွဲရေး ပစ္စည်းထဲတွင် ထည့်သွင်းထားသော သံအပိုင်းစ တစ်ခု လွင့်ထွက်လာပြီး ချင်ယန်၏ ခြေဖမိုးကို ထုတ်ချင်းပေါက် ပေါက်သွားသည်။

“ကျားဘုရင်....”

ချင်ယန်က ထိတ်လန့်ပြီး ဒေါသ ထွက်နေသည်။

သတ်ဖြတ်ခြင်း စိတ်ဆန္ဒပေါ်တွင် အလွန်အကဲဆတ်လွန်းသဖြင့် သတ်ဖြတ်ခြင်း စိတ်ဆန္ဒကို အာရုံမိသည်နှင့် ချက်ချင်း ခုန်ထွက်ခဲ့ခြင်း ဖြစ်သည်။ ထိုကဲ့သို့ မဟုတ်ပါက တစ်ခါတည်း သေသွားလိမ့်မည်။

အရိုးပင် ကျန်ခဲ့မည် မဟုတ်ချေ။

ချင်ယန် ကိုယ်ပေါ်တွင် ခုခံ ကာကွယ်ရေး ရတနာများ ရှိသော်လည်း ပေါက်ကွဲမှု စွမ်းအားက ပြင်းထန်လွန်းသည်။

ချက်ချင်း ဆိုသလို ရထားလုံး၏ လက်ကျန် အစိတ်အပိုင်းများကလည်း မိုးပေါ် လွင့်ထွက်သွားပြီး ထိုနေရာတွင် မီးလောင်း ကွက်ကြီးသာ ကျန်ရစ်ခဲ့သည်။ ထိုဗုံး၏အဆင့်က ကြယ် (၅) ပွင့် အဆင့် ရှိကို ရှိလိမ့်မည်။

"သေးစမ်း....."

ကျားဘုရင်က ဒေါသတကြီး အော်ဟစ်ပြီး ခပ်လှမ်းလှမ်းမှ သာမန် အဘိုးအို တစ်ယောက်ထံ ပြေးလိုက်သွားပြီး ထိုအဘိုးအို၏ ရထားလုံးကို တစ်ခါတည်း တိုက်ခိုက်လိုက်သည်။

"ကိုယ့်ကိုယ်ကိုယ် အထင်ကြီး နေတာပဲ......"

ထိုအဘိုးအိုက စိတ်ထဲမှ အေးစက်စွာ အော်ဟစ်ပြီး ရထားလုံးထဲမှ ခုန်ဆင်းလာသည်။

ကျားဘုရင်က လှံကိုမသုံးဘဲ လက်သီးကိုသာ အသုံးပြုပြီး အဘိုးအိုထံ ပြေးဝင် တိုက်ခိုက်လိုက်သည်။

ဘုန်း.....

ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး ကျားဘုရင်က ခြေလှမ်း ခုနှစ်လှမ်း၊

ရှစ်လှမ်း နောက် ပြန်ဆုတ်သွားသည်။ သို့သော် အဘိုးအိုက ခြေလှမ်း နှစ်လှမ်းသာ နောက်ဆုတ်လိုက်ရသည်။

"ယွမ်ဟူ နယ်ပယ်...."

အဘိုးအိုက မျက်မှောင် ကြုတ်သွား၏။ ချင်ယန်တွင် အစွမ်းထက်သော အဆောင်တစ်ခု ရှိနေနိုင်ကြောင်း သူ သိနေသည်။ ထို့အတူ ကျားဘုရင်ကလည်း ယွမ်ဟူနယ်ပယ် ရောက်နေသဖြင့် ချင်ယန်ကို သတ်ဖြတ်ရန် မလွယ်ကူတော့ပေ။

"ချင်ယန်၊ နောက်တစ်ကြိမ် ဒီလောက် ကံကောင်းမှာ မဟုတ်တော့ဘူး...."

ထိုအဘိုးအိုက အေးစက်စွာ ပြောပြီးသည်နှင့် အဝေးသို့ ထွက်ပြေးသွားသည်။ စက္ကန့် အနည်းငယ် အတွင်းမှာပင် ချင်ယန်နှင့် ကျားဘုရင်တို့၏ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

"သူခွေး၊ ငါ့ တာဝန် ပျက်ကွက်လို့ တောင်းပန်ပါတယ်..."

ကျားဘုရင်က ခေါင်းငုံ့ပြီး ရှက်နေသော အမူအရာနှင့် ပြောလိုက်သည်။

ချင်ယန်၏ မျက်နှာ သုန်မှုန်နေပြီး ခြေထောက်ကလည်း သံချောင်းကြောင့် ထိုးဖောက်ခံထားရသည်။ ဒဏ်ရာ အသေးအမွှားသာ ဖြစ်ပြီး သိပ်အရေး မကြီးပေ။ သို့သော် သေမလို ဖြစ်ခဲ့သည်။

အကယ်၍ သူ့ တုံ့ပြန်မှုသာ နှေးသွားခဲ့ပါက သေနေခဲ့ပြီ.....

အကယ်၍ သံအပိုင်းအစက ခြေထောက်အစား ရင်ဘက်ထဲ ဝင်သွားမည် ဆိုပါက သေနိုင်သည်။

"မင်းကို အပြစ်မတင်ပါဘူး... တဖက်လူက ယွမ်ဟူ နယ်ပယ် အဆင့် (၉) ၊ မင်း မသိတာ ပုံမှန်ပဲ..."

ချင်ယန်က လေးနက်နေသော မျက်နှာ အမူအရာနှင့် ပြောလိုက်သည်။

ချင်ယန် စိတ်ထဲတွင် အလွန် ကြောက်လန့်နေသည်။ တစ်ဖက်လူက ပါးနပ်လွန်းသည်။ သူ့ကို ယွမ်ဟူ နယ်ပယ် အဆင့် (၉) လူတစ်ယောက်က လာလုပ်ကြံခဲ့သည် ။ ယွမ်ဟူ နယ်ပယ် ရောက်နေသော ကျားဘုရင်ပင် မသိလိုက်ချေ။

အမှန်တကယ်ဆို ကြွယ် (၅) ပွင့်အဆင့် ဖုံးကိုပင် သုံးခဲ့သေးသည့်.

'ဒီဖုံးက ဘယ်လိုမှ စျေးမပေါနိုင်ဘူး....'

"သူ့ဌေ.. ချက်ချင်း ထွက်သွား ကြမလား.."

ကျားဘုရင်က ပြောလိုက်သည်။

"အင်း..."

ချင်ယန်က ခေါင်းညိတ်လိုက်သည်။ ယခုလက်ရှိတွင် သူ့အတွက် မစိုးရိမ်ပေ။ သူ့အမေ ရှီယန်ကိုသာ စိုးရိမ်နေမိသည့်.။

ကျားဘုရင်၏ သိုင်းဝိညာဉ် ပေါ်လာပြီး ချင်ယန်နှင့် ကျားဘုရင်တို့က ကျားဘုရင်၏ သိုင်းဝိညာဉ် ကျားနက်ကို စီးပြီး ပြန်လာခဲ့ကြသည်။

သိပ်မကြာခင် ချင်ယန်တို့ နှစ်ယောက် ပြန်ရောက် လာကြသည်။

ရှီယန်နှင့် အခြားလူများ အဆင်ပြေနေသည်ကို မြင်လိုက်မှ ချင်ယန်ရင်ထဲက အပူလုံးကြီး ကျသွားသည်။

"ချင်ယန်၊ ဒဏ်ရာ ရလာတာလား..."

ရှောင်ကျူဝမ်က ချင်ယန် ခြေထောက်တွင် သွေးများ စီးကျနေသည်ကို သတိထားမိပြီး ပြောလိုက်သည်။ ထိုအခါ ကျန်သည့်လူများလည်း သတိထားမိပြီး ချက်ချင်း ဝိုင်းအုံလာကြသည်။

“သခင်လေး... ဘာ ဖြစ်လာတာလဲ။ ကျားဘုရင်၊ နင်ကရော ဘာလုပ်နေတာလဲ...။ နင်က ယွမ်ဟူနယ်ပယ် ရောက်နေတာတောင် သခင်လေးကို မကာကွယ်နိုင်ဘူးလား...”

ရှောင်ကျူဝမ်က ဒေါသတကြီး ပြောလိုက်သည်။

ကျားဘုရင်က မချိပြုံးသာ ပြုံးနေသည်။

ရှန်းယုလင်းက ချင်ယန်၏ ဖိနပ်ကို ဂရုတစိုက် ချွတ်လိုက်သည်။ ဖိနပ်ထဲမှ သွေးအများကြီး ထွက်ကျလာပြီး ခြေအိပ်တစ်ခုလုံး နီရဲနေသည်။

"ယန်အာ... အခြေအနေ ဘယ်လိုလဲ..."

ရှီယန်ကလည်း လှုပ်လှုပ်ရှားရှား အသံကြားပြီး အခန်းထဲ ကမန်းကတန်း ပြေးဝင်လာသည်။

"အဆင်ပြေပါတယ် အမေ.. ဒဏ်ရာ နည်းနည်းလေးပဲ ရလိုက်တာပါ..."

ချင်ယန်က လက်ခါ ပြလိုက်ပြီး....

"အဆိပ် မပါဘူး။ ဆေးမသောက်ရင်တောင် တစ်ရက်၊ နှစ်ရက်လောက်ဆို ပျောက်တယ်..."

"ကျားဘုရင်ကိုလည်း အပြစ် မတင်နဲ့.....။ ငါတို့ကို တိုက်ခိုက်ခဲ့တဲ့လူက ယွမ်ဟူ နယ်ပယ် အဆင့် (၉)... တကယ်လို့ ကျားဘုရင်မှာ ယွမ်ဟူ နယ်ပယ် ကျင့်ကြံခြင်း အဆင့်သာ မရှိရင် တစ်ဖက်လူက သတ်ပစ်သွားမှာတောင် ကြောက်မိတယ်...."

ရှီယန်က တော်တော်လေး မျက်မှောင် ကြုတ်နေပြီး.....

“ယွမ်ဟူနယ်ပယ် အဆင့် (၉)၊ ကောင်းကင်ဘုံ ဘုရင် လေးပါးလား..”

ချင်ယန်က ခေါင်းခါ =လိုက်ပြီး....

“မဟုတ်ဘူး....”

“အမေ၊ ဒီမှာ မနေနဲ့။. ကာကွယ်ဖို့ပဲ အာရုံစိုက်ထား...။ ယုလင်းက သားဒဏ်ရာကို ဆေးထည့် ပေးလိမ့်မယ်”

“ကျားဘုရင်.... ပစ်ခဲ့တဲ့ လူရဲ့ အထောက်အထားကို သိလား..”

ကျားဘုရင်က ခေါင်းခါလိုက်ပြီး....

"သူဌေး၊ ဒီကောင်က ရွှေဦးချို သိဒ္ဓိမြို့က မဖြစ်နိုင်ဘူး။ ရွှေဦးချို သိဒ္ဓိမြို့မှာ ဒီလိုလူမျိုး မကြားဖူးဘူး.."

"သူဌေး ငါ သူ့ရုပ်ကို မှတ်မိတယ်။ ပုံကြမ်း ဆွဲခိုင်းလိုက်ရမလား...."

"ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး...

" အသုံးမဝင်ဘူး....။ ဒီလူက အရမ်း သတိကြီးတယ်။ သေချာပေါက် မျက်နှာဖုံး

တပ်ထားမှာပဲ။ မင်း ပုံကြမ်းဆွဲရင်တောင် သူ့ မျက်နှာအစစ် မဖြစ်နိုင်ဘူး...”

ထိုစကားပြောနေရင်း ချင်ယန်က မျက်လုံး မှိတ်ပြီး သေသေချာချာ စဉ်းစားလိုက်သည်။

ယွမ်ဟူနယ်ပယ် အဆင့် (၉) ကျင့်ကြံခြင်း အဆင့်၊ ကောင်းကင်ဘုံ ဘုရင်လေးပါးက ဤမျှ အစွမ်းထက်သော လူတစ်ယောက် စေလွှတ်ရန် မဖြစ်နိုင်ပေ။ အရွယ်အစားနှင့် အသက်အရွယ် အရ ကောင်းကင်ဘုံ ဘုရင်လေးပါးနှင့် မကိုက်ညီချေ။

ထုံးစံအတိုင်း လောင်လန်နာထံမှ လူလွတ်ပြီး သတ်ခိုင်းရန်လည်း မဖြစ်နိုင်ပေ။ လောင်လန်နာက ဤအဆင့် တန်ခိုးရှင် တစ်ယောက်ကို မစေလွှတ်နိုင်ပေ။

"ရှီမိသားစုလား. ဒါမှမဟုတ် အင်ပါယာ မိသားစုလား...."

ချင်ယန်က စိတ်ထဲမှ တိတ်တိတ်လေး ရေရွတ်လိုက်သည်။ ယခုလက်ရှိ အချိန်တွင် ချင်ယန်က ထိုအင်အားစု နှစ်ခုကိုသာ တွေးလိုက်မိသည်။

ကျန်းနန် ဘုရင် အိမ်တော်မှ ရှစ္စနက်ကို စေလွှတ်လိုက်ခဲ့ပြီ ဖြစ်သည်။ ထို့အပြင် မိုင်းတွင်း မတော်တဆမှုကြောင့် ကျန်းနန်ဘုရင် အိမ်တော်က ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင် တစ်ယောက်ကို စေလွှတ်ရန် မဖြစ်နိုင်ပေ။

"တောက် စ်..... ဘယ် အင်အားစုလဲ..."

ချင်ယန်၏ မျက်နှာ အမူအရာမှာ ပုပ်သိုးနေသည်။

ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင် တစ်ယောက်က ကြောက်စရာ ကောင်းလွန်းသည် ။

ထို့အပြင် ဤမျှ အစွမ်းထက်သော ဗုံးကို အသုံးပြုခြင်းက ပို၍ ကြောက်စရာ ကောင်းနေသည်။

သတ်ဖြတ်ခြင်း စိတ်ဆန္ဒအပေါ် ချင်ယန်က မည်မျှပင် အကဲဆတ်နေပါစေ နောက်တစ်ကြိမ်တွင် အသက်ရှင်ပြီး ဤမျှ ကံကောင်းလိမ့်မည်ဟု အာမမခံနိုင်ပေ။

"သခင်လေး... ရှုခွန်များ ဖြစ်နေမလား...."

ရှန်းယုလင်းက ချင်ယန်၏ ဒဏ်ရာကို ဆေးကြောပေးနေစဉ် အတွင်း ချင်ယန်၏ ဒဏ်ရာက

ကြောက်စရာ ကောင်းနေသဖြင့် သူမ၏ မျက်လုံးများက နီရဲနေသည်။

"သူ မဟုတ်ဘူး...."

ချင်ယန်က ခေါင်းခါလိုက်သည်။ ရှုခွန်က ယွမ်ဟူနယ်ပယ် အဆင့် (၉) မဟုတ်ပေ။

"သူ့ဒွေး..."

ဟွာဝမ်ရို ရောက်လာသည်။ ရှီယန်ထံမှ ထိုအကြောင်းကို ကြားသည်နှင့် သူမက မလေ့ကျင့်တော့ဘဲ အပြေး လာခဲ့ခြင်း ဖြစ်သည်။

"ဟွာဝမ်ရို၊ ရှေ့ဦးချို သိဒ္ဓိမြို့ ဘက်ခြမ်းက ယွမ်ဟူနယ်ပယ် အဆင့် (၉) တခြား တန်ခိုးရှင်တွေကို သိလား...."

ချင်ယန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ဗိုး ပစ်လေ့ပစ်ထ ရှိတဲ့လူမျိုး...."

ဟွာဝမ်ရိုက မျက်မှောင် ကြုတ်လိုက်ပြီး....

"သူငွေး၊ ဒီဘက်ခြမ်းမှာ ယွမ်ဟူနယ်ပယ် အဆင့် (၉) တခြား တန်ခိုးရှင်တွေ ရှိတယ်လို့ မကြားဖူးပါဘူး။ ဒီလို တန်ခိုးရှင် တစ်ယောက်

ရောက်လာရင် ယေဘုယျ အားဖြင့်တော့ ကောင်းကင်ဘုံ ဘုရင် လေးပါးက အနီးကပ် စောင့်ကြည့်ကြတယ်။"

"သူဌေး၊ ဗိုးက ဘာအမျိုးအစားလဲ....."

ချင်ယန်က........

"သိပ်မကြီးဘူး.... ကြယ်ငါးပွင့် အဆင့်....."

ဟွာဝမ်ရိုက.....

"သူဌေး၊ ရှေ့ဦးချို သိဒ္ဓိမြို့မှာ ဒီလိုပစ္စည်းမျိုး ရောင်တယ်ဆိုတာ အရမ်း ရှားတယ်။ ဒီလို

အရာမျိုးကို ကြယ်ငါးပွင့် ပန်းပဲဆရာတွေပဲ လုပ်နိုင်တာ။ ကြယ်ငါးပွင့် ပန်းပဲဆရာက ရှေဦးချို သိဒ္ဓိမြို့မှာ မပြောနဲ့ အနီးအနားက နိုင်ငံတွေမှာတောင် အရမ်း ရှားတယ်။

ဒါကလည်း အမှန်ပဲဟု ချင်ယန်က တွေးလိုက်မိသည်။

ရေဦးချို သိဒ္ဓိမြို့ တစ်ဝိုက် ကီလိုမီတာ ထောင်းပေါင်းများစွာ အတွင်းတွင် ပန်းပဲဆရာများ အလွန် ရှားပါးသည်။ ဆေးဆရာနှင့်

စည်းသခင်များက အမိက အသက်မွေးဝမ်းကြောင်း အလုပ်အကိုင် ဖြစ်နေသည်။

"သူ့ဌေး၊ မင်း လုထန်ဝမ်ကို မေးကြည့်လို့ ရတယ်။ လုထန်ဝမ်က ကုန်ပစ္စည်း ဖလှယ်တဲ့ လုပ်ငန်းမျိုးလည်း လုပ်တယ်။ ဒီလိုပစ္စည်းတွေနဲ့ အဆက်အသွယ် ရှိနိုင်တယ်..."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ် လိုက်သည်။

"ကျားဘုရင်၊ သေသွားတဲ့ ရထားလုံး မောင်းသမားက ဘယ်သူလဲ။ တကယ်လို့ သူ့မှာ

မိသားစု ရှိရင် ငွေတုံး တစ်သိန်း လျော်ကြေး ပေးလိုက်...”

ချင်ယန်က ပြောလိုက်သည်။

“ပြီးတော့ ရထားလုံး တစ်စီး သွားဝယ်။ ကြီးရမယ်။ ဇိမ်ခံပစ္စည်း ဖြစ်နေစရာ မလိုဘူး..”

ကျားဘုရင်က လေးစားသော အမူအရာနှင့်.....

“ဟုတ်ကဲ့ပါ.... သူဌေး..”